ကြေးမုံ
The Mirror Daily
၁၉၅၇ ဖေဖော်ဝါရီ ၁၆ တွင် စတင် တည်ထောင်သည်။ Established in 1957
၁၃၇၈ ခုနှစ် ဝါဆိုလပြည့်ကျော် ၂ ရက်၊ ကြာသပတေးနေ့။ 21, Thursday July 2016 (၈၆၂၉)

**မပျက်စီးစေဘဲကျင့်**

ပျားပိတုန်းသည် ပန်းပွင့်ကိုလည်းကောင်း၊ အဆင်း အနံ့ကိုလည်းကောင်း မပျက်စီးစေဘဲ ပန်းဝတ်ရည်ကိုသာ စုပ်ယူပျံသွားသကဲ့သို့ ပန်းတည်းဟူသော သဒ္ဓါတရားနှင့် အဆင်းအနံ့တည်းဟူသော စည်းစိမ်ဥစ္စာကို မပျက်စီးစေဘဲ ကျင့်ရာ၏။

ပုပ္ဖဝဂ်(ဓမ္မပဒ-၄၉)



# မြန်မာ-အမေရိကန် ဆက်ဆံရေးပိုမိုတိုးမြှင့်နိုင်ရေး အမေရိကန်ပြည်ထောင်စုအနေဖြင့် ပူးပေါင်းဆောင်ရွက်နိုင်မှုများ ဆွေးနွေး

**နေပြည်တော် ဇူလိုင် ၂၀**

နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါ်အောင်ဆန်းစုကြည်နှင့် အမေရိကန်နိုင်ငံဆိုင်ရာမဟာဗျူဟာဆက်ဆံရေးနှင့် အမျိုးသားလုံခြုံရေး ဒုတိယအကြံပေး မစ္စတာ ဘန်ဂျမင်ရုဒ်တို့သည် ယနေ့နံနက် ၉ နာရီတွင် နိုင်ငံခြားရေးဝန်ကြီးဌာန၌ တွေ့ဆုံသည်။**(အပေါ်ပုံ)**

တွေ့ဆုံစဉ် မြန်မာ-အမေရိကန်ဆက်ဆံရေးပိုမိုတိုးမြှင့်နိုင်ရေးအတွက် အမေရိကန်ပြည်ထောင်စုအနေဖြင့် မည်ကဲ့သို့ ပူးပေါင်းဆောင်ရွက်မှုများ ပေးနိုင်မည်ကို အမြင်ချင်းဖလှယ်ဆွေးနွေးခဲ့ကြကြောင်း သိရသည်။ **(သတင်းစဉ်)**

# ဖြစ်ရပ်မှန်များသိရှိစေရန် တပ်မတော်မှ သတင်းစာရှင်းလင်း

**နေပြည်တော် ဇူလိုင် ၂၀**

မြစ်ကြီးနားမြို့ ဗလမင်းထင်တံတားအနီး၌ မောင်ဂွမ်ဆိုင်းအောင် သေနတ်ထိမှန်သေဆုံးမှု၊ လားရှိုးမြို့နယ် မိုင်းယော်ကျေးရွာအနီးတွင် အလောင်းများ တွေ့ရှိမှု၊ မိုင်ဂျာယန်တွင် တိုင်းရင်းသားညီလာခံတစ်ရပ် ပြုလုပ်ရန် စီစဉ်ဆောင်ရွက်နေမှုနှင့် ရခိုင်ပြည်နယ်အတွင်း သဘာဝဘေးဒဏ်ကြောင့် ရေလွှမ်းမိုးမှုနှင့် တပ်မတော်မှ ကူညီလုပ်ဆောင်နေမှုဖြစ်စဉ်များနှင့်ပတ်သက်၍ တပ်မတော်သတင်းစာရှင်းလင်းပွဲကို ယနေ့မွန်းလွဲ ၂ နာရီတွင် ရန်ကုန်တိုင်းစစ်ဌာနချုပ် ဇေယျာသီရိဗိမာန်၌ ကျင်းပသည်။

သတင်းစာရှင်းလင်းပွဲတွင် ဒုတိယဗိုလ်ချုပ်ကြီးမြထွန်းဦးက မြစ်ကြီးနားမြို့ ဗလမင်းထင်တံတားအနီး၌ မောင်ဂွမ်ဆိုင်းအောင် သေနတ်ထိမှန်သေဆုံးမှုနှင့်ပတ်သက်၍ ၂၀၁၆ ခုနှစ် ဇွန် ၂၀ ရက် ညပိုင်းတွင် မောင်ဂွမ်ဆိုင်းအောင် အပါအဝင် လူငယ်ရှစ်ဦးက မြစ်ကြီးနားမြို့နေ လူငယ် လေးဦးအား လိုက်လံနှောင့်ယှက်မှုကြောင့် ဗလမင်းထင်တံတားလုံခြုံရေးတာဝန်ထမ်းဆောင်နေသူ ဒုတိယတပ်ကြပ် နန်ဟီးခင်တန်နှင့် တပ်သားမောင်မောင်တို့က လိုက်ပါကူညီပို့ဆောင်ပေးမှု၊ ၎င်းစစ်သည် နှစ်ဦးအား အပြန်လမ်းခရီးတွင် ဂွမ်ဆိုင်းအောင် အပါအဝင် လူငယ် ရှစ်ဦးတို့က ဝိုင်းဝန်းထိုးကြိတ် ကန်ကျောက်ခြင်း၊ တပ်သား မောင်မောင်ထံမှ သေနတ်လုယူခြင်းတို့ကြောင့် ကျည်ပေါက်ထွက်၍ ဂွမ်ဆိုင်းအောင် ထိမှန်သေဆုံးခဲ့မှုများ၊ ယင်းဖြစ်စဉ်အရ တပ်မတော်အနေဖြင့် လုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်နေမှုများ၊ ယင်းဖြစ်စဉ်အပေါ် ရည်ရွယ်ချက်ဖြင့် အမြတ်ထုတ် လုပ်ဆောင်နေသည့် နောက်ဆက်တွဲ သွေးထိုးလှုံ့ဆော်နေမှုများကို ရှင်းလင်းပြောကြားသည်။

လားရှိုးမြို့နယ် မိုင်းယော်ကျေးရွာအနီးတွင် အလောင်းများ တွေ့ရှိမှုဖြစ်စဉ်နှင့်ပတ်သက်၍ ရှင်းလင်းပြောကြားရာတွင် မိုင်းယော်ကျေးရွာ၏ နယ်မြေဒေသ အခြေအနေ၊ ၂၀၁၆ ခုနှစ် ဇွန် ၂၅ ရက်တွင် မိုင်းယော်ကျေးရွာအုပ်စု ပန်ကျိန်လုံတောင် ပတ်ဝန်းကျင်၌ တပ်မတော်စစ်ကြောင်းနှင့် သောင်းကျန်းသူများ တွေ့ဆုံတိုက်ပွဲဖြစ်ပွားမှု၊ **စာမျက်နှာ ၈ ကော်လံ ၁ သို့** ✪

# တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေး သဘောတူစာချုပ် လက်မှတ်ရေးထိုးထားသည့် တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းများ၏ ခေါင်းဆောင်များ အစည်းအဝေး ထိုင်းနိုင်ငံ ချင်းမိုင်မြို့တွင် ကျင်းပ


စာမျက်နှာ - ၉



# ဧဝရက်တောင်ထိပ် တက်ရောက်ခဲ့သည့် နိုင်ငံ့ဂုဏ်ဆောင် တောင်တက်သမား သုံးဦးအား ကိုယ်တစ်ပိုင်းပုံရုပ်တုပြုလုပ်ကာ ဂုဏ်ပြုသွားမည်

စာမျက်နှာ - ၃





# ကြေးမုံ

## အာဇာနည်နေ့ မြင်ကွင်းတို့မှပေးသောပီတိ

ရေလွှမ်းနေသော ကျောင်းဝင်းထဲ၌ ကျောင်းသားငယ်တစ်စုသည် တိုင်တစ်ဝက်လွှင့်ထူထားသော နိုင်ငံတော်အလံကိုအလေးပြုနေကြပါသည်။ လွှမ်းနေသောရေသည် ကျောင်းသား ကျောင်းသူငယ်တို့၏ ခြေသလုံး အလယ်သို့တိုင်ရောက်နေပါသည်။ ထဘီ၊ ပုဆိုးတို့ရေစိုသွားမှာသေချာပါသည်။ ဤကျောင်းသား ကျောင်းသူတို့က အာဇာနည်ခေါင်းဆောင်ကြီးများအား အရိုအသေပေးအလေးပြုနေပုံသည် တိုင်းရင်းသားပြည်သူလူထုတစ်ရပ်လုံး၏ နှလုံးသားကို လှုပ်နိုးကိုင်လှုပ်ခဲ့ပါသည်။ မျိုးဆက်သစ်ကျောင်းသားလူငယ်တို့သည် ဂယနဏ မသိသေးသော်လည်း အမျိုးသားခေါင်းဆောင်ကြီးများသည် တိုင်းပြည်နှင့်လူမျိုး၏ ကျေးဇူးရှင်တို့ဖြစ်သည်ကိုမူ နားလည်ခံစားမိနေကြပြီဖြစ်ပါသည်။

ဝန်ကြီးများရုံး၌ ဇူလိုင် ၁၉ ရက် နံနက် ၁၀ နာရီ ၃၇ မိနစ်တွင် ကျဆုံးခဲ့သော အာဇာနည်ခေါင်းဆောင်ကြီးများကို ကျောင်းသား ကျောင်းသူတို့က မိုးရွာနေသည့်ကြားထဲမှ အလေးပြုခဲ့ကြပါသည်။ ဝန်ကြီးများရုံး၌ တန်းစီစုရုံးနေကြသော လူငယ်မျိုးဆက်သစ်တို့၏ ပုံရိပ်သည်လည်း တစိမ့်စိမ့်ကျေနပ် ပီတိကိုဖြစ်စေပါသည်။ အာဇာနည်ဗိမာန်တွင် ကျဆုံးခဲ့သော အာဇာနည်ခေါင်းဆောင်ကြီးများကို ဂါရဝပြုရန် တိုးဝှေ့ရောက်ရှိလာသော ပြည်သူလူထု၏ လှုပ်ရှားမှုမြင်ကွင်းသည်လည်း ကိုယ့်နိုင်ငံကိုယ့်လူမျိုးတို့၏ နိုင်ငံရေးအသိစိတ်ဓာတ်အပေါ် ကျေနပ်အားရဖြစ်စေပါသည်။ ဗိုလ်ချုပ်နေအိမ်ပြတိုက်သို့ရောက်ရှိလာသော ပြည်သူတို့၏ အရေအတွက်အင်အားသည်လည်း သက်တမ်း ၉၀ ဝန်းကျင်ရှိနေပြီဖြစ်သော ဗိုလ်ချုပ်နေအိမ်ပြတိုက်၏ ကြံ့ခိုင်ရေးကို စိုးရိမ်ရမလိုလိုအတွေးတို့ကိုပင်တွေးမိစေပါသည်။ ရန်ကုန်မြို့ကန်တော်ကြီးပတ်လမ်း ဗိုလ်ချုပ်ပန်းခြံအတွင်းရှိ ဗိုလ်ချုပ်ကြေးရုပ်ရှေ့ လာရောက်ဂါရဝပြုကြသည့် ပြည်သူတို့၏ အရေအတွက်သည်ပင် မနည်းလှသည်ကိုတွေ့ရပါသည်။

စိတ်လှုပ်ရှားစရာအာဇာနည်နေ့မြင်ကွင်းများကို ရန်ကုန်မြို့၌သာတွေ့ရသည် မဟုတ်ပါ။ မြန်မာနိုင်ငံအနှံ့အပြားရှိ မြို့ကြီး မြို့ငယ်များ၌ ဤသို့ ဤပုံစိတ်လှုပ်ရှားစရာကောင်းသော အာဇာနည်နေ့မြင်ကွင်းများကို မြင်တွေ့ရပါသည်။ မန္တလေးမြို့အာဇာနည်နေ့မြင်ကွင်းတို့သည်လည်း ပြည်သူတို့၏ နိုးကြားတက်ကြွမှုကိုသုံးဖက်မြင်ရုပ်လုံးကြွလာအောင် ပုံဖော်ထားသကဲ့သို့ဖြစ်နေပါသည်။ သံရှည်ဆွဲထွက်ပေါ်လာသော ဥဩသံ၊ ကား၊ ဆိုင်ကယ်တို့မှ ထွက်ပေါ်လာသော ဟွန်းသံရှည်တို့သည် ဇူလိုင် ၁၉ ရက် နံနက် ၁၀ နာရီ ၃၇ မိနစ်၏ သမိုင်းအဓိပ္ပာယ် နက်ရှိုင်းပုံကို လှစ်ဟပြနေပါသည်။ တောင်ငူ၊ မအူပင်၊ ပြည်၊ ထားဝယ်၊ မိတ္ထီလာစသော စသော အချက်အချာမြို့တို့၏ အာဇာနည်နေ့မြင်ကွင်းပုံရိပ်တို့ကို အင်းတော်၊ အမ်း၊ ဂွနှင့် တောင်ကုတ်တို့ကဲ့သို့သော မြို့နယ်တို့၏ အာဇာနည်နေ့မြင်ကွင်းပုံရိပ်တို့က ပခုံးချင်းယှဉ်အားပြိုင်နေပါသည်။ ဤမြင်ကွင်း ဤပုံရိပ်တို့သည် လှည်းနေလှေအောင်း မြင်ဖောင်းမကျန် တိုင်းရင်းသားပြည်သူတစ်ရပ်လုံး၏ နှလုံးသားမှထွက်ပေါ်လာသော အမျိုးသားရေးအားမာန်ပုံရိပ်တို့ဖြစ်သည်ကို ထင်ထင်ရှားရှားဖော်ပြနေပါသည်။

ဗိုလ်ချုပ်အောင်ဆန်းအပါအဝင် အာဇာနည်ခေါင်းဆောင်ကြီးများသည် သမိုင်းမော်ကွန်းရေးထိုးခံရစေရန် ဆောင်ရွက်မည်ဟူသော နိုင်ငံရေးလောဘဖြင့် ဆောင်ရွက်ခဲ့ကြသည်မဟုတ်ပါ။ တိုင်းပြည်လွတ်လပ်ရေးရကို ရရမည်ဟူသော နိုင်ငံရေးသန္နိဋ္ဌာန်ဖြင့်သာ ဆောင်ရွက်ခဲ့ကြခြင်းဖြစ်ပါသည်။ နိုင်ငံရေးလောဘ၏ သမိုင်းဆိုးကျိုး၊ နိုင်ငံရေးသန္နိဋ္ဌာန်၏ နိုင်ငံရေးတန်ဖိုးတို့ကို ကမ္ဘာ့သမိုင်းဖြစ်စဉ်များ၌လည်း မြင်တွေ့နိုင်ပါသည်။ အစုအပြုံလိုက် သေကျေပျက်စီးစေသော လက်နက်တို့ကို ရှင်းလင်းဖျက်ဆီးရန်ရည်ရွယ်၍ အမေရိကန်နိုင်ငံဦးဆောင်သော မဟာမိတ်တပ်ဖွဲ့တို့သည် အီရတ်နိုင်ငံကို ကျူးကျော်ဝင်ရောက်သိမ်းပိုက်ခဲ့ကြပါသည်။ ဤကျူးကျော်စစ်ကြောင့် အာဏာရှင် ဆက်ဒမ်ဟူစိန် အာဏာလက်လွှတ်ရသည့်အချိန်တွင် အီရတ်အာဏာရှင် ဆက်ဒမ်ဟူစိန်၏ ကမ္ဘာတည်သရွေ့ တည်စေရမည်ဟု ရည်စူးထုလုပ်ခဲ့သော သူ၏ရောမပုံတူရုပ်တုတို့ကို အီရတ်ပြည်သူတို့က ဆွဲချလှဲဖြိုဖျက်ဆီးခဲ့ကြပါသည်။ ဓားမိုးထားသော ဩဇာအာဏာတို့သည် မိုးထားသော ဓားတို့မရှိသည်နှင့် တစ်ပြိုင်တည်း ပြိုကွဲလွင့်ပြယ်မည်သာ ဖြစ်ပါသည်။ သို့သော် ပြည်သူတို့၏ နှလုံးသား၌ ကိန်းဝပ်နေကြသော လေးစားယုံကြည်မှုတို့ကို ဆွဲထုတ်နင်းချေဖျက်ဆီးရန် ကြိုးစားပါက လုံးဝလုံးဝ အောင်မြင်မည်မဟုတ်ပါ။ ဤနိုင်ငံရေးအနှစ်သာရကို ယခုနှစ်ကျင်းပခဲ့သည့် အာဇာနည်နေ့မြင်ကွင်းတို့က ရုပ်လုံးကြွပုံပေါ်လာအောင် ထုဆစ်ဖော်ပြနေကြပါသည်။ ။

## အမျိုးသားအဆင့် သင်တန်းနည်းစနစ်ရေးဆွဲခြင်းဆိုင်ရာလုပ်ငန်း သင်တန်းဆင်းပွဲ ကျင်းပ




**ရန်ကုန် ဇူလိုင် ၂၀**

မြန်မာနိုင်ငံသည် တစ်ချိန်က အာရှ ပစိဖိတ်နှင့် ကမ္ဘာ့ကင်းထောက်လုပ်ငန်းစဉ်များတွင် တက်တက်ကြွကြွပါဝင်ခဲ့သည့် အစဉ်အလာရှိသည့် နိုင်ငံတစ်နိုင်ငံဖြစ်ပြီး ၂၀၁၂ ခုနှစ်တွင် ကင်းထောက်လုပ်ငန်းစဉ်များ ပြန်လည်ဖွဲ့စည်းဆောင်ရွက်သည့်အခါ နိုင်ငံတကာကင်းထောက်အဖွဲ့ချုပ်တို့မှ သင်တန်းများပို့ချပေးခြင်း၊ လုပ်ငန်းဆွေးနွေးပွဲများ ကျင်းပခြင်း၊ လေ့လာစိစစ်အကဲဖြတ်ခြင်းများကို စိတ်အားထက်သန်စွာ လာရောက်ကူညီ ဆောင်ရွက်ပေးနေသည်ကို တွေ့ရှိရပါကြောင်း၊ အာရှ ပစိဖိတ်ကင်းထောက်အဖွဲ့ချုပ်မှ ကင်းထောက်ပညာရှင်များ လာရောက်ကြပြီး ၂၀၁၃ ခုနှစ်တွင် ကင်းထောက်နည်းစနစ်သင်တန်းများကို မန္တလေးမြို့တွင် ပထမဦးဆုံးအကြိမ်အဖြစ် စတင်ကျင်းပခဲ့သည်ကို လေ့လာသိရှိရပါကြောင်းဖြင့် ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီးက ပြောသည်။

ပြည်ထောင်စုဝန်ကြီးသည် ယမန်နေ့ညနေ ၃ နာရီက အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်း (လမ်းမတော်)၌ကျင်းပသည့် အမျိုးသားအဆင့် သင်တန်းနည်းစနစ်ရေးဆွဲခြင်းဆိုင်ရာလုပ်ငန်း သင်တန်းဆင်းပွဲတွင် ထိုသို့ ပြောကြားခဲ့ခြင်းဖြစ်သည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီးက ဇန်နဝါရီ ၃၁ ရက်မှ ဖေဖော်ဝါရီ ၅ ရက်အထိ ကျင်းပဖွင့်လှစ်ခဲ့သည့် Youth Programme Workshop ကိုလည်း ကျင်းပခဲ့သည့်အတွက် အဆိုပါလုပ်ငန်းဆွေးနွေးပွဲမှ ပေါ်ထွက်လာသော လုပ်ငန်းအစီအစဉ်များကို နိုင်ငံတစ်ဝန်းရှိ ကင်းထောက်လူငယ်များအား အသိပေးလေ့ကျင့်ပေးရန် စီစဉ်ဆောင်ရွက်လျက်ရှိသည်ကို သိရှိရကြောင်း၊ ကမ္ဘာ့ကင်းထောက်အဖွဲ့ချုပ်နှင့် အာရှ ပစိဖိတ်ဒေသဆိုင်ရာ ကင်းထောက်အဖွဲ့ချုပ်တို့မှ ဦးဆောင်ဆွေးနွေးပို့ချခဲ့သော လုပ်ငန်းဆွေးနွေးပွဲနှစ်ရပ်အပြင် ဇူလိုင် ၁၁ ရက်မှ ၁၄ ရက်ကြာ ဖွင့်လှစ်ခဲ့သည့် မြန်မာ့ကင်းထောက်အဖွဲ့ဝင် မှတ်ပုံတင်ရေးစနစ် ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ လုပ်ငန်းဆွေးနွေးပွဲနှင့် ယနေ့သင်တန်းဆင်းကြမည့် မြန်မာ့ကင်းထောက်အတွက် အမျိုးသားအဆင့်သင်တန်းနည်းစနစ် ရေးဆွဲခြင်းဆိုင်ရာလုပ်ငန်းဆွေးနွေးပွဲများသည် မြန်မာနိုင်ငံကင်းထောက်အဖွဲ့ချုပ်၊ ကင်းထောက်နည်းပြဆရာများနှင့် လူငယ်များအတွက် စွမ်းဆောင်ရည် မြင့်မားရေးကို ကောင်းစွာ အထောက်အကူပြုနိုင်သော လုပ်ငန်းစဉ်ကြီးများအဖြစ် ဂုဏ်ပြုမှတ်တမ်းတင်ပါကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် မြန်မာနိုင်ငံကင်းထောက်အဖွဲ့ Chief Commissioner ဒေါက်တာတင်ညိုက သုံးသပ်ဆွေးနွေးတင်ပြခြင်း၊ သင်တန်းသားများကိုယ်စား ဦးမြင့်ဆွေက သင်တန်းအတွေ့အကြုံများကို ရှင်းလင်းတင်ပြခြင်းနှင့် ကမ္ဘာ့ကင်းထောက်အဖွဲ့ချုပ် အာရှ ပစိဖိတ် ဒေသဆိုင်ရာ ကင်းထောက်ကော်မတီဝင် Dr. Pattaroj Kamonrojsiri က လုပ်ငန်းဆွေးနွေးပွဲနှင့်ပတ်သက်၍ ရရှိသောအကျိုးရလဒ်များအပေါ် ရှင်းလင်းတင်ပြသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးနှင့်တာဝန်ရှိသူများက လုပ်ငန်းဆွေးနွေးပွဲကို ဦးဆောင်ပို့ချခဲ့သော ကမ္ဘာ့ကင်းထောက်အဖွဲ့ချုပ် အာရှ ပစိဖိတ်ဒေသဆိုင်ရာ ကင်းထောက်ကော်မတီဝင်များနှင့် အဖွဲ့အား အမှတ်တရလက်ဆောင်များ ပေးအပ်ပြီး သင်တန်းသား သင်တန်းသူများအား သင်တန်းဆင်း ဂုဏ်ပြုလွှာများ ပေးအပ်ခဲ့သည်။ **(ကြေးမုံ)**

## ဝါးခယ်မတွင် သွေးလွန်တုပ်ကွေးရောဂါ ကာကွယ်နှိမ်နင်းရေး ညှိနှိုင်းဆွေးနွေး

**ဝါးခယ်မ ဇူလိုင် ၂၀**

ဧရာဝတီတိုင်းဒေသကြီး ဝါးခယ်မမြို့နယ်အတွင်း သွေးလွန်တုပ်ကွေးရောဂါ ကာကွယ်နှိမ်နင်းရေးလုပ်ငန်း ညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက်ပိုင်းက ပြည်သူ့ဆေးရုံအစည်းအဝေးခန်းမ၌ ပြုလုပ်ကြောင်း သိရသည်။

အဆိုပါ ဆွေးနွေးပွဲသို့ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မြို့ပေါ်ရပ်ကွက်များမှ အုပ်ချုပ်ရေးမှူးများ၊ မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနနှင့် မြို့နယ်ငှက်ဖျားတိုက်ဖျက်ရေးအဖွဲ့တို့မှ တာဝန်ရှိသူများ တက်ရောက်ကြပြီး ဝါးခယ်မမြို့နယ်အတွင်းရှိ ပြည်သူများ မိုးရာသီကာလ သွေးလွန်တုပ်ကွေးရောဂါအန္တရာယ်မှ ကင်းဝေးစေရေးအတွက် တွေ့ဆုံဆွေးနွေးခဲ့ပြီး မြို့နယ်အတွင်းရှိ ကျေးရွာ၊ ရပ်ကွက်များ၌ ခြင်ဆေးဖျန်းခြင်း၊ ဖုံး၊ သွန်၊ လဲ၊ စစ်လုပ်ငန်းများ၊ အဘိတ်ဆေးခတ်ခြင်းများကို တာဝန်ရှိသူများ၊ ကျန်းမာရေးဝန်ထမ်းများ၊ ပြည်သူများပူးပေါင်းကာ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**လွှမ်းသီဟ (ဝါးခယ်မ)**

## ကောက်စိုက်စက်ဖြင့် စိုက်ပျိုးခြင်း တောင်သူပညာပေးသရုပ်ပြ

**စဉ့်ကိုင် ဇူလိုင် ၂၀**

စဉ့်ကိုင်မြို့နယ် လင်းဇင်းကျေးရွာ တောင်သူ ဦးထွန်းရီ၏ ကွင်းအမှတ်(၆၅) ဦးပိုင်အမှတ်(၉) လယ်မြေတွင် ကောက်စိုက်စက်ဖြင့် မနောသုခစပါးမျိုးသုံး၍ ကေအား တောင်သူပညာပေး စိုက်ပျိုးခြင်း သရုပ်ပြပွဲကို ယနေ့နံနက်ပိုင်းက ပြုလုပ်ခဲ့သည်။

လယ်ယာသုံး သွင်းအားစုများကို တိုးတက်သုံးစွဲနိုင်ရန် နိုင်ငံတော်မှ ကူညီပံ့ပိုး ဆောင်ရွက်လျက်ရှိသည့်အလျောက် တောင်သူများအနေဖြင့်လည်း အထွက်နှုန်းကောင်းမွန်သော မျိုးကောင်းမျိုးသန့်စပါးများကို စိုက်ပျိုးနိုင်ရေးစသည်တို့ကို ရှင်းလင်းပြောကြားခဲ့သည်။ **ဖိုးအောင်(ပြန်/ဆက်)**

## ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း အသိပညာပေးဟောပြောပွဲများ ကျင်းပ

**နေပြည်တော် ဇူလိုင် ၂၀**

အမှတ်(၁) ယာဉ်ထိန်းရဲဒုတပ်ဖွဲ့ခွဲ (နေပြည်တော်)မှ ပြည်ထောင်စုနယ်မြေ နေပြည်တော်အတွင်း ယာဉ်မတော်တဆမှုများ လျော့နည်းကျဆင်းရေးအတွက် ယာဉ်မောင်းများနှင့် ဆိုင်ကယ်စီးနင်းသူများကို ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းအသိပညာပေးဟောပြော ဆောင်ရွက်မှုအား ယနေ့တွင် ဇမ္ဗူသီရိမြို့နယ်နှင့် ပုဗ္ဗသီရိမြို့နယ်တို့၌ ဆောင်ရွက်ကြသည်။

ယာဉ်ထိန်းရဲအရာရှိများက တာဝန်ကျရာဌာနများတွင် အပြည်ပြည်ဆိုင်ရာ ယာဉ်ထိန်းသိမ်းခြင်းနည်းစနစ် ငါးမျိုး၊ ခြေကျင်လမ်းလျှောက်သူ၊ အနေးယာဉ်၊ မော်တော်ယာဉ်၊ မော်တော်ဆိုင်ကယ်စီးနင်းသူများ လိုက်နာရန်စည်းကမ်းချက်များ၊ လမ်းညွှန်ဆေးရေးအမှတ်အသားများ၊ မီးပွိုင့်နှင့် အဝိုင်းတွင် လိုက်နာရမည့် စည်းကမ်းချက်များ၊ ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်ကင်းရှင်းရေး အမှားအမှန်သရုပ်ပြပုံများ၊ မော်တော်ယာဉ်ဥပဒေ၊ နည်းဥပဒေနှင့် ပြစ်မှုဆိုင်ရာ ဥပဒေများကို အသေးစိတ်ချပြ ရှင်းလင်းဆွေးနွေးဟောပြောခဲ့ပြီး ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း အသိပညာပေးလက်ကမ်းစာစောင် ၁၂၀ ကို ဝေငှခဲ့သည်။ **(သတင်းစဉ်)**



ကြေးမုံ
နေ့စဉ်သတင်းစာ
စာတည်းမှူးချုပ် - ဦးခင်မောင်ကျော်ဒင်
စာတည်းများ - ဦးဝင်းနိုင်၊ ဦးစိုးစိုးနိုင်၊ ဦးစန်းအောင်
သတင်းထောက်မှူး - ဦးဌေးအောင်
ဘာသာပြန်စာတည်းများ - ဦးအောင်ထိန်၊ ဦးဇော်ဝင်း၊ ဒေဝမ်းစိုး၊ အောင်ကျော်ကျော်
အနုပညာစာတည်း - ခင်ခင်သက်
အားကစားစာတည်း - မေလှိုင်သင်း
ဆောင်းပါးစာတည်း - စန္ဒာဝင်း
အကြီးတန်းသတင်းထောက်များ - ဟိန်းထက်လင်း၊ နိုင်လင်းကြည်၊ ဖြိုးစန္ဒာမြင့်၊ သီသီမင်း
အငယ်တန်းသတင်းထောက်များ - အောင်ကျော်ဦး၊ ခင်ဇာလီ၊ ခင်စုစုလှိုင်၊ အေးအေးမြင့်၊
ဓာတ်ပုံသတင်းထောက် - ခင်မောင်ဝင်း
အထူးသတင်းထောက် - ဆုနှင်းလှဲ

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ်(၀၀၆၄၀)
ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့်
ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။
ကြေးမုံ Mirror
၁၉၅၇ ခုနှစ် ၁၆ တွင် စတင်တည်ထောင်သည်။
Gmail themirror.npt@gmail.com
www.facebook.com/themirrordaily
နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၀၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၀၁၂၈၊ ၀၆၇-၃၆၀၁၃၀၊ ဖက်စ် ၀၆၇-၃၆၀၁၃၀
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၁ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန်နေဂျာ ၀၁-၈၆၁၀၆၈၅၊ ငွေစာရင်း ၀၁-၂၉၁၄၅၅၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁

# ဧဝရက်တောင်ထိပ် တက်ရောက်ခဲ့သည့် နိုင်ငံ့ဂုဏ်ဆောင် တောင်တက်သမားသုံးဦးအား ကိုယ်တစ်ပိုင်းပုံရုပ်တုပြုလုပ်ကာ ဂုဏ်ပြုသွားမည်

**နေပြည်တော် ဇူလိုင် ၂၀**

အားကစားအောင်မြင်ခြင်းသည် နိုင်ငံတစ်နိုင်ငံ၏ ဂုဏ်၊ လူမျိုးတစ်မျိုး၏ သိက္ခာဖြစ်ပြီး မိမိတို့၏အသက်ကိုစွန့်၍ မြန်မာနိုင်ငံ့ဂုဏ်ကို ဆောင်ခဲ့သော တောင်တက်အားကစားသမားများအား ဂုဏ်ပြုခြင်းသည် နိုင်ငံတော်အတွက် အထူးအရေးကြီးသော လုပ်ဆောင်ချက်တစ်ရပ်ဖြစ်ကြောင်း ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော် အားကစားလေ့ကျင့်ရေးစခန်း (Gold Camp) Multipurpose Hall ၌ ကျင်းပသည့် ကမ္ဘာ့အမြင့်ဆုံး ဧဝရက်တောင်ထိပ်သို့ တက်ရောက်ခဲ့သည့် နိုင်ငံ့ဂုဏ်ဆောင် အားကစားသမားများ ဂုဏ်ပြုပွဲ၌ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေးက ပြောကြားသည်။

အဆိုပါအခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီးက ယနေ့ ကျင်းပသည့် အခမ်းအနားသည် မေ ၁၉ ရက်တွင် ဧဝရက်တောင်ထိပ်သို့ အောင်မြင်စွာ တက်ရောက်နိုင်ခဲ့ပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အလံကို တောင်ထိပ်တွင် လွှင့်ထူကာ ကမ္ဘာ့အလယ်မှာ မြန်မာနိုင်ငံ၏ပုံရိပ်ကို မြင့်မားထည်ဝါစေနိုင်ခဲ့သော တောင်တက်အားကစားသမားများဖြစ်ကြသည့် မောင်ဝင်းကိုကို၊ မောင်ပြည့်ဖြိုးအောင်နှင့် မောင်ညီညီအောင်တို့အား အထူးဂုဏ်ပြုခြင်းဖြစ်ပါကြောင်း။

အိန္ဒိယနိုင်ငံ၏ မြောက်ဘက် ဟိမဝန္တာတောင်တန်းရှိ ကမ္ဘာ့အမြင့်ဆုံးတောင်ဖြစ်သည့် အမြင့်ပေ ၂၉၀၀၀ ကျော်ရှိ ဧဝရက်တောင်သည် တက်ရန်ခက်ခဲ၍ ရာသီဥတုကြမ်းတမ်းပြီး အန္တရာယ်များသောကြောင့် လျှပ်တစ်ပြက်ဖြတ်ထိုးဉာဏ်ကိုသာ အသုံးပြုပြီး အသက်ကိုစွန့်စားရသော လုပ်ငန်းဖြစ်ပါကြောင်း၊ ထိုကဲ့သို့ အသက်ကိုပင်စွန့်၍ နိုင်ငံတော်၏ဂုဏ်၊ နိုင်ငံတော်၏ပုံရိပ်ကို အားကစားဖြင့် မြှင့်တင်ပေးခဲ့သော တောင်တက်အားကစားသမားများ၏ အားကစားစိတ်ဓာတ်နှင့် အားကစားသမားများအား အထူးဂုဏ်ပြုမှတ်တမ်းတင်ပါကြောင်း ပြောကြားသည်။

ဆက်လက်၍ တောင်တက်အားကစားသမား အဖွဲ့ဝင်တစ်ဦးဖြစ်သူ ကိုပြည့်ဖြိုးအောင်က တောင်တက်ခရီးစဉ်တစ်လျှောက် ကြုံတွေ့ရသော အခက်အခဲ၊ အတွေ့အကြုံများကို ရှင်းလင်းပြောကြားကာ အောင်မြင်စွာတက်ရောက်နိုင်ခဲ့ပုံများကို ရှင်းလင်းပြောကြားပြီး ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။ ထို့နောက် ပြည်ထောင်စုဝန်ကြီးက နိုင်ငံ့ဂုဏ်ဆောင် တောင်တက်အားကစားသမားများအား တစ်ဦးချင်းဂုဏ်ပြုချီးမြှင့်ငွေကို ပေးအပ်ကာ အခမ်းအနားကို ရုပ်သိမ်းသည်။

အဆိုပါ နိုင်ငံ့ဂုဏ်ဆောင် တောင်တက်အားကစားသမားများအား ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန အားကစားနှင့် ကာယပညာဦးစီးဌာနရှိ အားကစားသမားများမော်ကွန်းပြတိုက်ရှိ ရွှေတံဆိပ်လေးခုနှင့်အထက် ရရှိသည့် နိုင်ငံ့ဂုဏ်ဆောင် အားကစားသမားများနည်းတူ ဂုဏ်ပြုပြခန်းမ၌ ကိုယ်တစ်ပိုင်းပုံတူရုပ်တုပြုလုပ်ကာ ဂုဏ်ပြုသွားမည်ဖြစ်ပြီး ၎င်းတို့တက်ရောက်ခဲ့သော တောင်တက်ခရီးစဉ်မှတ်တမ်းဓာတ်ပုံများအား ပြသထားရှိမည်ဖြစ်ကြောင်း သိရှိရသည်။

အဆိုပါအခမ်းအနားသို့ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးနှင့် ညွှန်ကြားရေးမှူးချုပ်များ၊ ခြေလျင်တောင်တက်အားကစားအဖွဲ့ချုပ်မှ တာဝန်ရှိသူများ ဖိတ်ကြားထားသော ဧည့်သည်များ တက်ရောက်ကြသည်။

(ကြေးမုံ)



ဧဝရက်တောင်ထိပ်သို့ အောင်မြင်စွာ တက်ရောက်နိုင်ခဲ့သည့် ကိုပြည့်ဖြိုးအောင်နှင့် ကိုဝင်းကိုကိုတို့အား တွေ့ရစဉ်။ (အား/ကာ)

# အာဆီယံဘက်စုံရင်းနှီးမြှုပ်နှံမှု သဘောတူစာချုပ်ဖိုရမ်နှင့် ဆွေးနွေးပွဲကျင်းပ

**ရန်ကုန် ဇူလိုင် ၂၀**

ASEAN Australia Development Cooperation Program II ၏ ပံ့ပိုးမှု၊ အာဆီယံအတွင်းရေးမှူးချုပ်ရုံးနှင့် စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများ ညွှန်ကြားမှုဦးစီးဌာနတို့၏ အစီအစဉ်ဖြင့် အာဆီယံဘက်စုံရင်းနှီးမြှုပ်နှံမှုသဘောတူစာချုပ် (ACIA) ဖိုရမ်နှင့် ဆွေးနွေးပွဲကို ဇူလိုင် ၂၀ ရက်က ရန်ကုန်မြို့ရှိ ကန်တော်ကြီးပဲလေ့စ်ဟိုတယ်၌ ကျင်းပသည်။



ဖိုရမ်နှင့် ဆွေးနွေးပွဲတို့တွင် ပညာရှင်များက အာဆီယံဘက်စုံရင်းနှီးမြှုပ်နှံမှုသဘောတူစာချုပ် (ACIA)ဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့် အကျိုးကျေးဇူးများကို အသီးသီးဆွေးနွေးခဲ့ကြပြီး တက်ရောက်လာသည့် အာဆီယံနိုင်ငံများနှင့် ဝန်ကြီးဌာနများမှ ကိုယ်စားလှယ်များကလည်း ပါဝင်ဆွေးနွေးကြသည်။

အဆိုပါအာဆီယံဘက်စုံရင်းနှီးမြှုပ်နှံမှုသဘောတူစာချုပ် (ACIA) ဖိုရမ်နှင့် ဆွေးနွေးပွဲမှ အာဆီယံဘက်စုံရင်းနှီးမြှုပ်နှံမှု သဘောတူစာချုပ်ပါ ပြဋ္ဌာန်းချက်များကို ပိုမိုနားလည်သဘောပေါက်စေပြီး ၎င်းစာချုပ်အရ ရင်းနှီးမြှုပ်နှံသူများအား အကာအကွယ်ပေးထားမှု၊ မြန်မာနိုင်ငံအနေဖြင့် အာဆီယံအဖွဲ့ဝင်နိုင်ငံများနှင့် စီးပွားရေးပူးပေါင်းဆောင်ရွက်ရာတွင် ၎င်းစာချုပ်အရ ရရှိနိုင်သည့်အခွင့်အရေးများစသည့် အသိအမြင်များကို ရရှိလာမည်ဖြစ်ကြောင်းသိရသည်။

(ACIA) ဖိုရမ်နှင့် ဆွေးနွေးပွဲသို့ ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများ ညွှန်ကြားမှုဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ် ဦးအောင်နိုင်ဦး၊ အာဆီယံအတွင်းရေးမှူးချုပ်ရုံးမှ ကိုယ်စားလှယ်၊ မြန်မာနိုင်ငံရှိ ဩစတြေးလျသံရုံးနှင့် အာဆီယံနိုင်ငံများ၏ သံရုံးများမှ ကိုယ်စားလှယ်များ၊ ACIA ဆိုင်ရာ ကျွမ်းကျင်သူများ၊ ဝန်ကြီးဌာနအသီးသီးမှ ကိုယ်စားလှယ်များနှင့် မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်မှ ကိုယ်စားလှယ်များ တက်ရောက်ခဲ့ကြပြီး ဇူလိုင် ၂၁ ရက်ထိ ကျင်းပမည်ဖြစ်သည်။

(ကြေးမုံ)

# မြစ်ရေကြီးမှုအခြေအနေ

**နေပြည်တော် ဇူလိုင် ၂၀**

**စိုးရိမ်ရေမှတ်များအောက် ကျဆင်းနိုင်မှုအခြေအနေ**

ယနေ့မွန်းလွဲ ၁၂ နာရီခွဲအချိန် တိုင်းထွာချက်များအရ ချင်းတွင်းမြစ်ရေသည် ဟုမ္မလင်းမြို့တွင် တစ်ပေခွဲခန့်နှင့် ဖောင်းပြင်မြို့တွင် နှစ်ပေခန့် ယင်းမြို့များ၏ စိုးရိမ်ရေမှတ်အသီးသီးအထက်သို့ ကျော်လွန်နေပြီး နောက်နှစ်ရက်အတွင်း ဟုမ္မလင်းမြို့နှင့် နောက်သုံးရက်အတွင်း ဖောင်းပြင်မြို့တို့တွင် ယင်းမြို့များ၏ စိုးရိမ်ရေမှတ်အသီးသီးအောက် ပြန်လည်ကျဆင်းနိုင်သည်။

**စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်မှုအခြေအနေ**

ယနေ့မွန်းလွဲ ၁၂ နာရီခွဲအချိန် တိုင်းထွာချက်အရ ငဝန်မြစ်ရေသည် ငါးသိုင်းချောင်းမြို့တွင် တစ်ပေခန့် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်သို့ ကျော်လွန်နေပြီး နောက်ငါးရက်အတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

**စိုးရိမ်ရေမှတ်အထက် ဆက်လက်မြင့်တက်နိုင်မှုအခြေအနေ**

ယနေ့မွန်းလွဲ ၁၂နာရီခွဲအချိန်တိုင်းထွာချက်အရ ချင်းတွင်းမြစ်ရေသည် မော်လိုက်မြို့တွင် တစ်ပေခွဲခန့် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်သို့ ကျော်လွန်နေသည်။ အဆိုပါမြစ်ရေသည် နောက်တစ်ရက်အတွင်း ပေဝက်ခန့် ဆက်လက်တက်လာနိုင်ပြီး ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

သို့ဖြစ်ပါ၍ ငဝန်မြစ်တစ်လျှောက်ရှိ မြစ်ကမ်းအနီးနှင့် မြေနိမ့်ပိုင်း နေထိုင်သူများ၊ မော်လိုက်မြို့နယ်အတွင်းရှိ မြစ်ကမ်းအနီးနှင့် မြေနိမ့်ပိုင်း နေထိုင်သူများအနေဖြင့် အထူးသတိပြုနေထိုင်ကြရန် မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနက သတင်းထုတ်ပြန်ထားသည်။ **(ကြေးမုံ)**

# ရေစီးရေလာကောင်းမွန်ရေး ရေနုတ်မြောင်းတူးဖော်

**ထီးချိုင့် ဇူလိုင် ၂၀**

စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင် ထီးချိုင့်မြို့တွင် မိုးသည်းထန်စွာ ရွာသွန်းပါက အဆိုပါမိုးရေများသည် အမှတ်(၄)ရပ်ကွက် သင်္ဂဇာကန်ရေများ မြင့်တက်လာပြီး ကန်ဘေးနှင့် ကန်နှင့်ဆက်စပ်နေသည့် နေရာများတွင် နေထိုင်ကြသော ပြည်သူများ၏ နေအိမ်အောက်တွင် မိုးရေများ ဝင်ရောက်မှုများ မကြာခဏ ဖြစ်ပွားလျက်ရှိရာ လွှတ်တော်ရန်ပုံငွေမှ ကျပ် ၁၀ သိန်း လှူဒါန်းမှု၊ မြို့နယ်စည်ပင်သာယာရေးကော်မတီနှင့် အမှတ်(၄)ရပ်ကွက် အုပ်ချုပ်ရေးမှူးတို့ ပူးပေါင်းမှုများဖြင့် ဇူလိုင် ၁၈ ရက်မှ စတင်ပြီး ရေနုတ်မြောင်း စတင်တူးဖော်နေကြောင်း သိရသည်။

"အခုလိုရေပုပ်တွေ အိမ်အောက်မှာရှိနေတော့ ခြင်အန္တရာယ်ကို ကြောက်ရပါတယ်။ ကျွန်မတို့အိမ်မှာလည်း ကလေးငယ်လေးရှိနေတော့ မိုးတွင်းကာလလည်းဖြစ်လို့ သွေးလွန်တုပ်ကွေးဖြစ်မှာကိုလည်း စိုးရိမ်ပါတယ်။ မကောင်းတဲ့အနံ့ အသက်တွေလည်း နေ့စဉ်ရှူနေရပါတယ်။ ဒီရေတွေကလည်း ဘယ်ကိုမှ ထွက်စရာအပေါက်မရှိတော့ အရင်နှစ်ကဆို တစ်နှစ်လုံး ဒီလိုပဲ နေရပါတယ်။ အခု ဘက်ဟိုးတွေနဲ့ ရေမြောင်းစတင်တူးဖော်နေပြီဆိုတော့ အလွန်ဝမ်းသာပါတယ်"ဟု ရပ်ကွက်နေ ပြည်သူတစ်ဦးက ပြောသည်။

အဆိုပါရေနုတ်မြောင်းကို အမှတ် (၄)ရပ်ကွက် ကျောက်စေတီကျောင်းတိုက် တံတားမှ အမှတ် (၅)ရပ်ကွက် ကြက်သွန်ခင်းထိ ရေနုတ်မြောင်းပေအရှည် ၁၆၀၀ ခန့် တူးဖော်မည်ဖြစ်ကြောင်း သိရသည်။ **(ဖွဲ့မာန်-ထီးချိုင့်)**

# ချင်းတွင်းမြစ်ရေကျဆင်းသွားသော်လည်း ဇေယျဝတီရပ်ကွက်တွင် ရေများရှိနေဆဲကြောင့် ဒေသခံများ ကျန်းမာရေးစိုးရိမ်နေ

**ရေစကြို ဇူလိုင် ၂၀**

မကွေးတိုင်းဒေသကြီး ရေစကြိုမြို့တွင် ဇူလိုင် လဆန်းပိုင်းက ချင်းတွင်းမြစ်ရေစိုးရိမ်ရေမှတ်အထက် ရောက်ရှိခဲ့သည့်အတွက် မြို့၏အနိမ့်ပိုင်း ရပ်ကွက်များအတွင်း မြစ်ရေများ ဝင်ရောက်ခဲ့သည်။

ထိုသို့မြစ်ရေများ ဝင်ရောက်ခဲ့သည့် ရပ်ကွက်များအနက် အမှတ် (၈) ဇေယျဝတီရပ်ကွက်ရှိ အိမ်ခြေ ၂၀၀ ခန့်မှာ ရေဝင်ရောက်ခဲ့သဖြင့် သွားလာရေးခက်ခဲမှုဖြစ်ပေါ်ခဲ့ပြီး လူနေ၍မရသည့် အိမ်ထောင်စုအချို့မှာ နီးစပ်ရာ ဆွေမျိုးသားချင်းနှင့် ဘုန်းတော်ကြီးကျောင်းများသို့ ရွှေ့ပြောင်းနေထိုင်ခဲ့ကြရကြောင်း သိရသည်။

"ကျွန်တော်တို့ရပ်ကွက်က အနိမ့်ပိုင်းရပ်ကွက်ဖြစ်သလို ချင်းတွင်းမြစ်နဲ့လည်းနီးတော့ မြစ်ရေကြီးရင် ရေဝင်ရောက်တော့တာပဲ။ အရင်ကတော့ မြစ်ရေကျသွားရင် ရေတွေပြန်ဆင်းသွားတယ်။ ခုတော့ ပြန်မဆင်းဘဲ ရေတွေကဝပ်နေတယ်။ လမ်းတွေလည်း သွားလို့မရဘူး။ အချို့အိမ်တွေဆိုရင် ခါးလောက်ထိ ရေက ရှိနေသေးတယ်။ ဒီရေတွေ ပြန်မလျော့ဘဲ ရေဝပ်တာကြာလာရင် ရပ်ကွက်နေပြည်သူတွေရဲ့ ကျန်းမာရေးအတွက် စိုးရိမ်ရပါတယ်။ ပြီးတော့ရေတွေက အနံ့ဆိုးတွေ နံနေတာပဲ။ ကျွန်တော်တို့ရပ်ကွက်မှာ မြစ်ရေကြီးတိုင်း အခုလို ရေဝင်နေတော့ ဒေသခံတွေက လက်လုပ်လက်စား အခြေခံလူတန်းစားတွေအနေနဲ့ သွားလာလုပ်ကိုင်ရေးအတွက် အခက်အခဲတွေ ကြုံတွေ့နေကြရပါတယ်။ ဒါကြောင့် သက်ဆိုင်ရာတာဝန်ရှိသူတွေအနေနဲ့ ရေဘယ်ကဝင်သလဲ၊ ဘယ်လိုကာကွယ်ရင်ရလဲဆိုတာ စဉ်းစားဆောင်ရွက်ပေးစေလိုပါတယ်။ အခုလောလောဆယ်အနေနဲ့ ဝပ်နေတဲ့ ရေတွေထွက်အောင်နဲ့ ကျန်းမာရေးအတွက် ကြိုတင်ကာကွယ်ဖို့ အရေးတကြီး လိုအပ်နေပါတယ်။ ဘာလို့လဲဆိုတော့ အများစုက တစ်နေ့လုပ်မှ တစ်နေ့စားကြရတဲ့အထဲ ကျန်းမာရေးပြဿနာကြုံလာရင် ငွေကြေးက ဘယ်လိုမှ မတတ်နိုင်ကြပါဘူး။ ဒါကြောင့် ဒေသခံတွေရဲ့ကျန်းမာရေးက စိုးရိမ်စရာဖြစ်နေပါတယ်"ဟု အဆိုပါ ရပ်ကွက်နေသူတစ်ဦးက ပြောသည်။

**ဖေထွဏ်းဇော်(ရေစကြို)**

■

ကြေးမုံ
ဇူလိုင် ၂၁၊ ၂၀၁၆

# ၂၀၁၆ ခုနှစ် မေလအတွက် သစ်တောကြေးမုံဂျာနယ်ထွက်ရှိ



သစ်တောကြေးမုံဂျာနယ်ရှေ့မျက်နှာဖုံး

၂၀၁၆ ခုနှစ် မေလထုတ် သစ်တောကြေးမုံဂျာနယ်ကို ထုတ်ဝေဖြန့်ချိလိုက်ကြောင်း သိရသည်။

ယင်းဂျာနယ်တွင် အင်းလေးကန် ရေရှည်တည်တံ့ စိမ်းလန်းစိုပြည်ရေး၊ မြန်မာအင်ကြင်း၊ လုမ္ဗဏီအင်ကြင်း၊ အမြောက်ဆံပင်၊ ကုန်းဘောင်ခေတ် သစ်တောရေး၊ ကျွန်တော်တို့မြေစိမ်းနေစေဖို့ (၂)၊ WGIA 14 Mutual Learning Support Programme၊ လွမ်းစရာ့ အင်တိုင်းမြေ စသည့် ဆောင်းပါးများ၊ ကာတွန်းကဏ္ဍ၊ အင်တာနက် သတင်းကဏ္ဍစသည့် ဖတ်စရာ မှတ်စရာများနှင့် ဒုတိယအကြိမ် ကုလသမဂ္ဂပတ်ဝန်းကျင်ဆိုင်ရာညီလာခံသို့ ပြည်ထောင်စုဝန်ကြီး ဦးအုန်းဝင်းနှင့် မြန်မာကိုယ်စားလှယ်အဖွဲ့ တက်ရောက်ခဲ့သည့်သတင်း အပါအဝင် သတင်းများ စုံလင်စွာပါရှိသည်။

မောင်မောင်မြင့်(သစ်)၏ ကုန်းဘောင်ခေတ် သစ်တောရေးဆောင်းပါးတွင် ရှားပင်၊ ရှားစေး၊ ရှားခွန်နှင့် ရှားဖိုခွန်တို့အကြောင်းကို ဖတ်ရှုရမည်ဖြစ်ပြီး ပေါဝန်သစ်၏ လွမ်းစရာ့ အင်တိုင်းမြေတွင် အင်တောမြေကို မူလဂေဟစနစ်အတိုင်း ပြန်လည်တည်ဆောက်ဖို့ တိုက်တွန်းနှိုးဆော်ထားသည်။

အင်တာနက် သတင်းကဏ္ဍတွင် မျိုးတူမျိုးစိတ်များစွာပါဝင်သော ဂေဟစနစ်များသည် ပိုမိုပြင်းထန်သော ပတ်ဝန်းကျင်ဆိုင်ရာ အနှောင့်အယှက်များကိုခံနိုင်ရည် ပိုရှိခြင်းအကြောင်းကို ဖတ်ရှုရမည်ဖြစ်သည်။

အဆိုပါ ဂျာနယ်ကို လွတ်လပ်ရေးမရမီကပင် စတင်ထုတ်ဝေခဲ့ခြင်းဖြစ်ကြောင်း၊ ယခင်က အခြားနာမည်များဖြင့် ပြောင်းလဲထုတ်ဝေခြင်းများရှိခဲ့သော်လည်း အစိုးရသစ်လက်ထက် ဧပြီလမှစတင်၍ သစ်တောကြေးမုံအမည်ဖြင့် ပြန်လည်ထုတ်ဝေခဲ့ခြင်းဖြစ်ကြောင်းနှင့် လစဉ်ဆက်လက်ထုတ်ဝေဖြန့်ချိသွားမည်ဖြစ်ကြောင်း ယင်းဂျာနယ် စာတည်းအဖွဲ့၏ ပြောကြားချက်အရသိရသည်။ **(ကြေးမုံ)**



သစ်တောကြေးမုံဂျာနယ်နောက်ကျောဖုံး

# မြန်မာနိုင်ငံစာပေထုတ်ဝေသူနှင့်ဖြန့်ချိသူများအသင်းက စုစည်းတင်ပြသော ဇူလိုင် ၁၂ ရက်မှ ၁၈ ရက်အထိ ထွက်ရှိသောစာအုပ်စာရင်း

| စဉ် | စာရေးသူ | စာအုပ် | ဈေးနှုန်း | ထုတ်ဝေသည့်တိုက် |
|---|---|---|---|---|
| ၁ | ဒေါက်တာတင့်ဆွေ | ဆေးပညာစာများ(ကိုယ်ဝန်ဆောင်များအတွက်) | ၇၀၀၀ိ/- | ပုဂံစာပေ |
| ၂ | ညီညီနိုင်-မြန်မာပြန် | လျှို့ဝှက်ချက်နှင့်လျှို့ဝှက်ချက်ကိုဖွင့်တဲ့သော့ | ၁၀၀၀၀ိ/- | မိဘမေတ္တာစာပေ |
| ၃ | ငြိမ်းကျော် | နှလုံးသားမြို့ဟောင်းတူးဖော်ချက် နောက်ဆုံးအစီရင်ခံစာ | ၄၀၀၀ိ/- | ကံ့ကော်ဝတ်ရည် |
| ၄ | ခင်စောတင့် | ကောင်းကျိုးတည်ရန်မျှော်လင့်သည် | ၂၀၀၀ိ/- | လင်းလွန်းခင်စာပေ |
| ၅ | ဆူးသစ်နီ | လက်နက် | ၁၅၀၀ိ/- | ဆူးသစ်စာပေ |
| ၆ | ကောင်းသာ-မြန်မာပြန် | ကမ္ဘာကျော်ကြီးမြတ်သူ ပုဂ္ဂိုလ်ကျော်များ | ၁၈၀၀ိ/- | ပန်းဆက်လမ်းစာပေ |
| ၇ | သူရိန် | အတောင်ပါးငှက် ဒိုင်ယာရီ(၆) | ၁၅၀၀ိ/- | မျိုးဆက်သစ်စာပေ |
| ၈ | ပါမောက္ခဒေါက်တာ ခင်မောင်ဝင်း | အမေနဲ့ကျွန်တော်(ပထမတွဲ၊ ဒုတိယတွဲပေါင်းချုပ်) | ၅၀၀၀ိ/- | နန်းဒေဝီစာပေ |
| ၉ | မောင်ခင်မင်(ဓနုဖြူ) | မြန်မာစာ စကားဝိုင်း(၂) | ၂၃၀၀ိ/- | ကွန်ပျူတာဂျာနယ် |
| ၁၀ | စံလွင် | ခရီးဆောင် အင်္ဂလိပ်-မြန်မာ | ၈၀၀၀ိ/- | ကွန်ပျူတာဂျာနယ် |
| ၁၁ | မင်းသိခ် | ဆားပုလင်းနှင်းမောင်နှင့်ပျားစွဲသောမုတ်ဆိတ် | ၃၅၀၀ိ/- | ဘုမ္မာဝတီ |
| ၁၂ | မောင်ရေအေး (ဟားဗတ်တက္ကသိုလ်) | ပို့ကုန်သွင်းကုန်လုပ်ငန်းကိုဘယ်လိုထူထောင်မလဲ | ၄၀၀၀ိ/- | HR Pubilshing |
| ၁၃ | ကလောင်စုံ | အားလုံးရဲ့အမေ ကဗျာစု | ၂၀၀၀ိ/- | Union Publishing House |
| ၁၄ | ကျော်စံဝင်း | ရဟန်းမြတ်၊ ရဟန်းထူးများနှင့် ခေတ်တော်ကျဆရာတော်ကြီးများ | ၃၀၀၀ိ/- | မဇ္ဈိမစာပေ |
| ၁၅ | မြဟန် | ဗိုလ်ချုပ်အောင်ဆန်း၏စာပေလက်ရာ | ၂၅၀၀ိ/- | ရုပ်ပြောင်စာပေ |
| ၁၆ | နှင်းဝေငြိမ်း | မင်္ဂလာရှိသောမိန်းမ | ၂၅၀၀ိ/- | GPG |
| ၁၇ | U Tin Htut B.E (Agri) | 5.Minute Expert - ၅မိနစ်အင်္ဂလိပ်စကားပြော | ၃၀၀၀ိ/- | ပြည့်ဝေကျော်စာပေ |
| ၁၈ | မဟာဆွေ | ဒါဒို့မြေ | ၁၃၀၀ိ/- | စိတ်ကူးချိုချို |
| ၁၉ | ခင်ဆွေဦး | မိုးနှင့်ရေ | ၂၃၀၀ိ/- | စိတ်ကူးချိုချို |
| ၂၀ | ဗိုလ်မှူးဘသောင်း | သတ္တိ | ၇၀၀ိ/- | ရာပြည့် |
| ၂၁ | နေမင်းရာဇာ (အယ်ဒီတာအဖွဲ့) | လူငယ်များအတွက်ပျော်ရွှင်လေ့လာအင်္ဂလိပ်စာ+CD | ၁၅၀၀ိ/- | မဇ္ဈိမစာပေ |
| ၂၂ | မောင်ပေါ်ထွန်း | ငွေရှာနည်းငွေသုံးနည်း | ၁၅၀၀ိ/- | ရာပြည့် |
| ၂၃ | မောင်ခင်မင်(ဓနုဖြူ) | မြန်မာဓလေ့သုံးစကားများ | ၃၅၀၀ိ/- | ရာပြည့် |
| ၂၄ | အောင်သူ | သာသနာ့အကျိုးဆောင်ဘုရင်မကြီးရှင်စောပု | ၄၀၀ိ/- | ရာပြည့် |
| ၂၅ | မောင်သုတ (ဗိုလ်မှူးဘသောင်း) | စာပေကျေးဇူး | ၁၂၀၀ိ/- | ရာပြည့် |
| ၂၆ | စောဦး | သတ္တိ-သားရှေ့၌တကယ့်သတ္တိကိုဖော်ပြသောဖခင် | ၆၀၀ိ/- | ရာပြည့် |
| ၂၇ | ညွန့်ဦး | ပုဂ္ဂိုလ်ထူးမဒမ်ကျူရီ | ၆၀၀ိ/- | ရာပြည့် |
| ၂၈ | ညွန့်ဦး | အိန္ဒိယနှင့်မြစ်ဝါ | ၈၀၀ိ/- | ရာပြည့် |
| ၂၉ | ရဲထွန်းလင်း | အရေးတော်ပုံတပ်သား | ၃၅၀၀ိ/- | ရာပြည့် |
| ၃၀ | မြင့်သန်း-မြန်မာပြန် | ဘော(လ)ဇက်နှင့်အပ်ချုပ်သမလေး | ၂၅၀၀ိ/- | ရာပြည့် |
| ၃၁ | ရဲဘော်မြတ် | အိပ်မက်ခရီးရှည် ABSDF | ၄၅၀၀ိ/- | Journalist Publishing |
| ၃၂ | ကောင်းသာ-မြန်မာပြန် | ချည်ကတ္တီပါစနဲ့လုပ်တဲ့ယုန်ရုပ်ကလေး | ၁၃၀၀ိ/- | စိတ်ကူးချိုချို |
| ၃၃ | ကျော်စွာ၊ ဖြိုးခိုင်လတ် | ကလေးများဖတ်ဖို့ခေတ်ပြိုင်ကမ္ဘာ့သမိုင်း | ၂၀၀၀ိ/- | MKS Publishing |
| ၃၄ | လယ်တီပဏ္ဍိတဦးမောင်ကြီး | ထေရီဘာသာပြန်(ငါးတွဲပေါင်းချုပ်) | ၈၀၀၀ိ/- | ရာပြည့် |
| ၃၅ | ကလောင်စုံ | မြန်မာ့စွယ်စုံကျမ်းအနှစ်ချုပ် ၂၀၁၆ | ၅၀၀၀ိ/- | စာပေဗိမာန် |
| ၃၆ | အသျှင်ကုသလ | သံတွဲသမိုင်း(သို့မဟုတ်)ရခိုင်တို့၏ဒွါရာဝတီကျောင်း | ၁၀၀၀၀ိ/- | အောင်မြင်သာစည် |
| ၃၇ | မှော်ဝန်းသားဦးခင်ညွန့် | နိုင်ငံ၏အနောက်ဘက်တံခါးပေါက်ကပြဿနာ | ၃၅၀၀ိ/- | ပန်းမျိုးတစ်ရာ |
| ၃၈ | ဦးနု | ခေတ်မီပြဇာတ်များ | ၂၅၀၀ိ/- | ငါတို့စာပေ |
| ၃၉ | အရှင်ဇနက | လူငယ်များဘဝရဲ့လက်တွဲဖော်ရွေးချယ်သောအခါနှင့် ဓမ္မရသ၊အတွေးအမြင်စာစုများ | ၁၅၀၀ိ/- | ကောင်းဆုသာစာပေ |
| ၄၀ | ကလောင်စုံ | ရသပုံဆောင်ခဲ ရင်ကိုစွဲငြိစေသောကဗျာများ | ၁၅၀၀ိ/- | ကောင်းဆုသာစာပေ |
| ၄၁ | အညို | ဝမ်းတစ်ထွာရဲ့ဝမ်းစာ(ဝတ္ထုတိုစုစည်းမှု) | ၂၅၀၀ိ/- | ပင်လုံငြိမ်းချမ်း |
| ၄၂ | ပန်းချီ-အောင်ကြောင်းဖြာ ဇာတ်ညွှန်း-မုဒိတာ | ရဟန္တာဖြစ်သွားသောကလေးများ သံကိစ္စသာမဏေ | ၁၂၀၀ိ/- | နဂါးပျံစာပေ |
| ၄၃ | ပန်းချီ-အောင်ကြောင်းဖြာ ဇာတ်ညွှန်း-မုဒိတာ | ဓမ္မပဒစုန္ဒဝက်ကုန်သည် | ၁၂၀၀ိ/- | နဂါးပျံစာပေ |
| ၄၄ | သမားတော်ကြီးဒေါက်တာ သက်ဆွေ | ၁၂ လရာသီခေတ်စာ | ၂၅၀၀ိ/- | ရတနာသိုက်စာပေ |
| ၄၅ | မင်းခိုက်စိုးစန်၊ ထက်မြတ်နိုင်ဇင် | ဇာတ်သိမ်းခန်းကိုသင်ကိုယ်တိုင်ဖြည့်စွက်ရေးသားပါ | ၂၅၀၀ိ/- | ရတနာသိုက်စာပေ |
| ၄၆ | မဟာဆွေ | မဟာဆွေ၏မဟာဆွေ | ၅၀၀၀ိ/- | မိဘမေတ္တာစာပေ |
| ၄၇ | အဂ္ဂမဟာပဏ္ဍိတ အရှင်နန္ဒမာလာဘိဝံသ | ဒုဂ္ဂိဘုံသားတို့၏အမှာစကား | ၁၅၀၀ိ/- | အောင်ဇမ္ဗူ |
| ၄၈ | မောင်မင်းဟန် | ကြောင်နက်ကျိန်စာနှင့် အခြားလျှို့ဝှက်သည်းဖိုဇာတ်လမ်းများ(အင်္ဂလိပ်-မြန်မာ) | ၇၀၀ိ/- | သဇင်စာပေ |
| ၄၉ | မောင်မင်းဟန် | ပင်လယ်ဓားပြကြီးဗိုလ်မုတ်ဆိတ်နှင့်တခြားပုံပြင်များ | ၁၀၀၀ိ/- | သဇင်စာပေ |
| ၅၀ | လင်းလက်လူလူ | မမငုံရဲ့ ဥ | ၁၅၀၀ိ/- | ရန်အောင်၁စာပေ |
| ၅၁ | သစ္စာရှင် | ကလေးများအတွက်အိပ်ရာဝင်ပုံပြင် | ၁၅၀၀ိ/- | ရန်အောင် ၁စာပေ |
| ၅၂ | ကလောင်စုံ | ဆိပ်ကမ်းသာ ၂၀၁၆ ကဗျာစုစည်းမှု | ၃၀၀၀ိ/- | ကျားချောင်းစာပေ |
| ၅၃ | မြတ်ငြိမ်း | အောင်မြေနင်းသူများအကြောင်း | ၃၅၀၀ိ/- | ကိုနေမန်းစာပေ |
| ၅၄ | ဆရာချမ်းဇော်ထက် | နေ့စဉ်ပြောကြားအင်္ဂလိပ်စကား + CD | ၃၅၀၀ိ/- | ချမ်းဇော်ထက် |
| ၅၅ | သစ်ဦးဇင် | အရှေ့တောင်အာရှဝတ္ထုတိုများ | ၂၀၀၀ိ/- | ဓူဝံစာပေ |
| ၅၆ | ရဲမြလွင်-မြန်မာပြန် | အောင်ဆန်းပုံပြင် ၂၀၁၅ | ၅၀၀၀ိ/- | The Book House |
| ၅၇ | ပါမောက္ခဒေါက်တာ အောင်ထွန်းသက် | မြန်မာ့စီးပွားထူးချွန်သူများ-၂ | ၄၅၀၀ိ/- | B2B စာပေ |
| ၅၈ | U KALA(Translated by TUN AUNG CHAIN) | THE GREAT CHRONICLE ၁၅၉၇-၁၇၁၁ | ၈၀၀၀ိ/- | M.K.S |
| ၅၉ | ဇော်ဝင်း(သစ်တော) | ကျွန်ုပ်၏ဘဝတစ်သက်တာ ရေးဆွဲခဲ့သောခဲပန်းချီ | ၂၅၀၀ိ/- | စံပယ် |
| ၆၀ | ဆရာဇေယျမိုး(ဝေဒဗိမာန်) | မြန်မာ့အမည်ပေးနည်းကျမ်း | ၁၀၀၀ိ/- | ဟန်သာဆု |
| ၆၁ | သျှင်ဥက္ကဌ | လူသေလူဖြစ် | ၃၅၀၀ိ/- | အဓိပတိ(ဦးအောင်) |
| ၆၂ | မင်းသိခ် | ပက်ထရစ်ရွှေဂေါင်း | ၃၀၀၀ိ/- | ဘုမ္မာဝတီ |
| ၆၃ | ဒေါက်တာနိုင်ဝင်းသိန်း | ပျားရည်မိုးစက်ကျန်းမာရေးသုတစာစုများ | ၂၀၀၀ိ/- | နန်းဒေဝီ |
| ၆၄ | ဓနုဖြူဦးသန်းဆွေ | တရားခွင်လက်စွဲတရားမ(၁) | ၂၅၀၀ိ/- | အားမာန်သစ် |
| ၆၅ | ဆရာဦးအေးချစ် | လုပ်ငန်းစီးပွားအင်္ဂလိပ်စကားပြောနည်း ၄၀၀ ပြောစရာ ၂၀၀၀ | ၅၀၀၀ိ/- | မိဘမေတ္တာစာပေ |
| ၆၆ | ညီမင်းညို၊ ထင်လင်းဦး | စစ်မီးလျှံထဲက ဧရာဝတီ | ၂၅၀၀ိ/- | လင်းလွန်းခင် |
| ၆၇ | ပန်းချီ-အောင်ကြောင်းဖြာ ဇာတ်ညွှန်း ဝင့်ကျော် | လူတော်လူဆိုး | ၂၅၀၀ိ/- | နဂါးပျံစာပေ |
| ၆၈ | အောင်မြင်သူ | မဲသဝေါစစ်မြေပြင်မှ ငရဲသားများ | ၂၅၀၀ိ/- | အားမာန်သစ်စာပေ |
| ၆၉ | စိုင်းဝင်းမြင့် | သုံးဆယ့်ရှစ် | ၁၅၀၀ိ/- | စိတ်ကူးချိုချို |
| ၇၀ | သော်တာဆွေ | မြင်းကလေးအာတားနှင့် အခြားကိုယ်တွေ့ဆောင်းပါးများ | ၂၃၀၀ိ/- | စိတ်ကူးချိုချို |
| ၇၁ | ဂျာနယ်ကျော်မမလေး | ရှုမငြီး | ၁၅၀၀ိ/- | စိတ်ကူးချိုချို |
| ၇၂ | | မဟာဂန္ဓာရုံဆရာတော်ဘုရားကြီး | ၂၀၀၀ိ/- | ဆုပြည့်စုံထွန်း |
| ၇၃ | လူအိမ် | ရှူးနေတဲ့ကမ္ဘာ | ၃၀၀၀ိ/- | စိတ်ကူးချိုချို |
| ၇၄ | ဒေါက်တာဘဒ္ဒန္တ စန္ဒာဝရာဘိဝံသ | ဆရာပေးတဲ့ဆေး ရွေးမနေပါနဲ့ | ၂၅၀၀ိ/- | ဆုပြည့်စုံထွန်း |
| ၇၅ | ဦးဖေမောင်တင် | ရှေးခေတ်မြန်မာကဗျာကောက်နုတ်ချက်များ | ၁၃၀၀ိ/- | စိတ်ကူးချိုချို |
| ၇၆ | နတ်နွယ် | တက္ကသိုလ်နှင့်ပြင်ပကမ္ဘာ | ၂၈၀၀ိ/- | စိတ်ကူးချိုချို |
| ၇၇ | နေစိုးထက် | ဗိုလ်ချုပ်အောင်ဆန်းနှင့် ဂျွန်ဦးစော | ၁၀၀၀ိ/- | ဗညားစာပေ |
| ၇၈ | ခြိမ့်သဲ | ကုန်ဈေးနှုန်းကျဆင်းခြင်းသတင်း | ၂၂၀၀ိ/- | စိတ်ကူးချိုချို |
| ၇၉ | အောင်အေးချမ်း | ရင်စူးမြား ၆ | ၂၅၀၀ိ/- | |
| ၈၀ | မောင်စိန်(ဥပဒေ) | ပစ္စည်းလွှဲပြောင်းခြင်းအက်ဥပဒေ သိမှတ်ဖွယ်ရာများအနှစ်ချုပ် | ၄၀၀၀ိ/- | ခရေဖူး |
| ၈၁ | မာန်သစ်စိုး | အမေရိကန်လိုပြောကြား လုပ်ငန်းခွင်သုံးအင်္ဂလိပ်စကား | ၃၀၀၀ိ/- | စာပေနန်းတော် |
| ၈၂ | ဦးဖရက်သိန်းဖေ | မြေပဲကိုအစာကျွေးခြင်း | ၁၅၀၀ိ/- | ပုလဲစာပေ |
| ၈၃ | ငယ်သွေး၊ ချိုစိန်းနောင် | ရှင်နဲ့ကျွန်မ | ၂၀၀၀ိ/- | နှစ်ကာလများ |
| ၈၄ | သန်းဝင်းရှိန် | ပြည်ပရောက်မြန်မာရွှေကျောင်းပြာသာဒ်ကြီးနှင့် ပြည်တွင်းပြည်ပခရီးသွားသုတ/ရသဆောင်းပါးများ | ၂၀၀၀ိ/- | ပညာဗိမာန် စာအုပ်တိုက် |
| ၈၅ | စိုးစံ | ကုမ္ပဏီဝန်ထမ်းများအတွက် ရုံးစာရေးသားနည်းလမ်းညွှန် | ၂၀၀၀ိ/- | သုတတံတားစာပေ |
| ၈၆ | ဒေါက်တာတင်ထွန်း | အတွေးသစ်အမြင်သစ်စာစု | ၄၀၀၀ိ/- | မျိုးမင်းစိုးစာပေ |
| ၈၇ | | မဟာသမယ ခုနစ်သုတ်ပါဠိတော်နှင့် အသံထွက် | ၂၀၀၀ိ/- | ပါရမီ |
| ၈၈ | မုဒိတာ(မြကျွန်းညို) | လက်ဆင့်ကမ်းပါ ဗုဒ္ဓသာသနာ (၃) | | ပါရမီ |
| ၈၉ | | ကျေးဇူးတော်ရှင်လယ်တီဆရာတော်ဘုရားကြီး၏ မဟာသရဏဂုံတော်ကြီးပါဠ် | ၇၀၀ိ/- | ပါရမီ |

# ငါးသယံဇာတဖွံ့ဖြိုးတိုးတက်ရေးအတွက် အခြေခံငါးမွေးမြူရေးနှင့် ငါးဆေးထိုးသားဖောက်သင်တန်း ဖွင့်လှစ်သင်ကြားပေးလျက်ရှိ

**ရန်ကုန် ဇူလိုင် ၂၀**

ငါးသယံဇာတဖွံ့ဖြိုးတိုးတက်ရေးအတွက် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ငါးလုပ်ငန်းဦးစီးဌာနက ယနေ့တွင် ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာဒုံမြို့နယ် လှော်ကားငါးလုပ်ငန်းစခန်း၌ အခြေခံငါးမွေးမြူရေးနှင့် ငါးဆေးထိုးသားဖောက်သင်တန်းကို ဖွင့်လှစ်သင်ကြားပေးလျက်ရှိကြောင်း သိရသည်။

"ငါးမွေးမြူရေးလုပ်ငန်းလုပ်မယ်ဆိုရင် ငါးသားဖောက်လုပ်ငန်းက လိုအပ်တယ်။ အရင်တုန်းက နည်းပညာမရသေးတဲ့အခါကျတော့ သဘာဝအတိုင်းဖမ်းပြီး မွေးရတာဆိုတော့ အချိန်ကိုက်လည်းမဖြစ်ဘူး။ လိုချင်တဲ့ငါးမျိုးလည်းမရဘူး။ အခု ငါးသားဖောက်ထုတ်လုပ်နိုင်တဲ့အတွက် လိုအပ်တဲ့ ငါးသားပေါက်တွေကို ငါးမွေးတောင်သူတွေအတွက် ထုတ်ပေးနိုင်တယ်။ ကျယ်ကျယ်ပြန့်ပြန့်ဖြစ်ဖို့အတွက် သင်တန်းပေးတာပါ"ဟု ငါးလုပ်ငန်းဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး(ငြိမ်း) ဦးစံလွင်က ပြောသည်။

မြန်မာနိုင်ငံတွင် ငါးသားဖောက်လုပ်ငန်းကို ၁၉၆၇ ခုနှစ်တွင် စတင်ဆောင်ရွက်အောင်မြင်ခဲ့ရာမှ ၁၉၉၀ ခုနှစ်မှစပြီး ငါးမွေးတောင်သူများသို့ နည်းပညာဖြန့်ဝေပေးခဲ့ကြောင်း၊ လက်ရှိ ငါးမွေးမြေဧက နှစ်သိန်းကျော်ရှိပြီး ငါးမွေးတောင်သူဦးရေ နှစ်သောင်းကျော်ရှိကာ နှစ်စဉ် ငါးမွေးမြေဧကနှင့် ငါးမွေးတောင်သူဦးရေ တိုးလာကြောင်း ငါးလုပ်ငန်းဦးစီးဌာနက သိရသည်။

ဧရာဝတီတိုင်းဒေသကြီး မအူပင်မြို့နယ် မလက်တိုကျေးရွာရှိ Orchard ကုမ္ပဏီမှ ငါးမွေးမြူရေးလုပ်ငန်းရှင် ဒေါက်တာမြင့်စိန်က "မြန်မာနိုင်ငံမှာ အဓိကငါးသားဖောက်လိုအပ်တာက ငါးမြစ်ချင်း၊ မြက်စား ရွှေဝါငါးကြင်း ငါးသားပေါက်တွေလိုအပ်တာ။ အဲဒီငါးသားပေါက်ကို များများထုတ်ပေးနိုင်မယ်ဆိုရင် ငါးမွေးမြူရေးအတွက် အများကြီးအထောက်အကူပြုမယ်။ ငါးဆေးထိုးသားဖောက်သင်တန်းက ငါးမွေးမြူသူတွေအတွက် အင်မတန်မှ ထိရောက်တယ်။ ငါးမွေးမြူရေးလုပ်ငန်းက ငါးသားဖောက်လုပ်ငန်းက စတယ်" ဟု ပြောသည်။

ငါးဆေးထိုးသားဖောက်နည်းပညာကို တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ ငါးမွေးတောင်သူများသို့ နည်းပညာဖြန့်ဝေပေးနိုင်ပါက ငွေကြေးနှင့်အချိန်ကုန်သက်သာလာမည်ဖြစ်ပြီး ငါးသယံဇာတလည်း ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ကြောင်း ငါးမွေးမြူရေးလုပ်ငန်းရှင် ဒေါက်တာမြင့်စိန်က ပြောသည်။

ရှမ်းပြည်နယ် လားရှိုးမြို့မှ မော်ဘီတိုက်ကြီးတွင် ငါးမွေးမြူရေးလုပ်ငန်း လာရောက်လုပ်ကိုင်နေသည့် ကိုမောင်မောင်လွင်က "ငါးသားပေါက်က လိုအပ်တဲ့အချိန် ဝယ်လို့မရတာရှိတယ်။ ကိုယ်တိုင်သားဖောက်ပြီးမွေးရင်



ငါးသားဖောက်ရန် ဆေးထိုးနေစဉ်။

အရင်းအနှီးကုန်ကျစရိတ်လည်း သက်သာမယ်။ ဒါကြောင့် ငါးဆေးထိုးသားဖောက်သင်တန်းလာတက်တာပါ"ဟု ပြောသည်။

ငါးမွေးတောင်သူများအနေဖြင့်လည်း ငါးမွေးမြူရေးလုပ်ငန်း လုပ်ကိုင်ရာတွင် နည်းပညာအားနည်းမှုများရှိနေပြီး မိရိုးဖလာနည်းအတိုင်း လုပ်ကိုင်နေကာ နည်းပညာသစ်များဖြင့် စမ်းသပ်မွေးမြူရန် စိုးရိမ်မှုများရှိနေကြောင်း ဦးစံလွင်က ပြောသည်။

မြန်မာနိုင်ငံတွင် ငါးသယံဇာတဖွံ့ဖြိုးရေးအတွက် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ငါးလုပ်ငန်းဦးစီးဌာနနှင့် မြန်မာနိုင်ငံငါးလုပ်ငန်းအဖွဲ့ချုပ်၊ ငါးမွေးမြူရေးလုပ်ငန်းရှင်များနှင့် ငါးမွေးတောင်သူများ အတူတကွပူးပေါင်းပြီး လက်တွဲဆောင်ရွက်သင့်ကြောင်း ငါးမွေးမြူရေးလုပ်ငန်းရှင် ဒေါက်တာမြင့်စိန်က ပြောသည်။

အခြေခံငါးမွေးမြူရေးနှင့် ငါးဆေးထိုးသားဖောက်သင်တန်းကို ငါးမွေးမြူရေးပညာရှင်များက ဇူလိုင် ၂၀ ရက်မှ ၂၆ ရက်အထိ စာတွေ့လက်တွေ့ သင်ကြားပို့ချမည်ဖြစ်ပြီး တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ ငါးမွေးတောင်သူများ၊ ငါးလုပ်ငန်းဦးစီးဌာနမှဝန်ထမ်းများ၊ ဒဂုံတက္ကသိုလ် သတ္တဗေဒဌာနမှ ဆရာ ဆရာမများ တက်ရောက်ကြပြီး ငါးသယံဇာတဖွံ့ဖြိုးရေးအတွက် Orchard ကုမ္ပဏီမှ ဒေါက်တာမြင့်စိန်ကလည်း သင်တန်းသို့ ငွေကျပ် သုံးသိန်း လှူဒါန်းခဲ့ကြောင်း သိရသည်။

**သတင်း-သီသီမင်း၊ ဓာတ်ပုံ-ဖြိုး**

## မြန်မာနိုင်ငံပြန်တမ်း

### ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးအတည်ပြုခန့်ထားခြင်းနှင့် ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးခန့်ထားခြင်း

၁။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတသည် သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန၊ အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ်(ရန်ကုန်) ပါမောက္ခချုပ် ဦးအောင်နိုင်မြင့်ကို အစမ်းခန့်ကာလ (၁)နှစ် ပြည့်မြောက်သည့်နေ့မှစ၍ အတည်ပြုခန့်ထားလိုက်သည်။

၂။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတသည် ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန၊ ပြည်တွင်းရေကြောင်း ပို့ဆောင်ရေးမှ အထွေထွေမန်နေဂျာ ဦးဇော်ဝင်းကို ယင်းဌာန ဦးဆောင်ညွှန်ကြားရေးမှူးအဖြစ် တာဝန်ဝတ္တရားများကို စတင်ဆောင်ရွက်သည့်နေ့မှစ၍ အစမ်းခန့်ထားလိုက်သည်။



# ဧရာဝတီမြစ်ရေ မြင့်တက်လာမှုကြောင့် ညောင်တုန်း၌ စိုးရိမ်ရေမှတ်ကျော်လွန်

**ညောင်တုန်း ဇူလိုင် ၂၀**

ဧရာဝတီတိုင်းဒေသကြီး ညောင်တုန်းမြို့၌ ဧရာဝတီမြစ်ရေမြင့်တက်လာမှုကြောင့် မြို့၏စိုးရိမ်ရေမှတ် ၂၂ ဒသမ ၅ ပေသို့ ကျော်လွန်သွားပြီဖြစ်သည်။ အဆိုပါမြစ်ရေသည် ဆက်လက်မြင့်တက်လာကာ ဇူလိုင် ၂၀ ရက် နံနက် ၁၀ နာရီအချိန် တိုင်းထွာချက်အရ ၂၃ ဒသမ ၄ ပေသို့ ရောက်ရှိလာပြီဖြစ်သည်။

ယခုနှစ်တွင် ညောင်တုန်းမြို့၏ မြို့ပတ်ရေကာတာများ ပြုပြင်မြှင့်တင်ခြင်းလုပ်ငန်းများ ဆောင်ရွက်ထားသော်လည်း မြေသားများ အသားမကျသေးခြင်းကြောင့် သဘာဝရေဘေးအန္တရာယ်မှ ကြိုတင်ကာကွယ်သောအနေဖြင့် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနတွင် ဇူလိုင် ၁၈ ရက်က မြို့နယ် သဘာဝဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေးဦးစီးကော်မတီကိုဖွဲ့စည်းကာ ဌာနဆိုင်ရာများနှင့် ရပ်ကွက် ၁၀ ရပ်ကွက်မှ အုပ်ချုပ်ရေးမှူးများပါဝင်သော နေ့၊ ညမပြတ်ရေကင်းစောင့်ကြပ်လှည့်လည်ရေးအဖွဲ့ငယ်များ ဖွဲ့စည်းတာဝန်ပေးခဲ့ကြောင်း သိရသည်။

**ဝင်းမြင့်ကျော်(ညောင်တုန်း)**

# မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ဝန်းသိုမြို့နယ်တွင် ချောင်းရေလျှံ၍ ကျေးရွာအချို့ရေဝင်



**ဝန်းသို ဇူလိုင် ၂၀**

စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင် ဝန်းသိုမြို့နယ်တွင် ဇူလိုင် ၂၀ ရက်က မိုးသည်းထန်စွာ ရွာသွန်းခဲ့မှုကြောင့် ချောင်းရေလျှံမှုဖြစ်ပွားကာ ကျေးရွာအချို့တွင် ရေများဝင်ရောက်ခဲ့ကြောင်း သိရသည်။

အဆိုပါ မိုးသည်းထန်မှုကြောင့် နမ်းခမ်းချောင်းရေလျှံပြီး နမ်းခမ်းကျေးရွာ ဘူတာစုရပ်နှင့် အောင်ဇာနည်ကုန်းရပ်တို့ကိုဆက်သွယ်ထားသည့် တံတားအနီးမှာရှိသည့် နေအိမ်အချို့အား ချောင်းရေများ မွန်းလွဲ ၁ နာရီခန့်တွင် စတင်ဝင်ရောက်ကာ မြေနိမ့်သည့်အပိုင်းတွင် လေးပေအနက်ထိ ရေများဝင်နေကြောင်း သိရသည်။ ယင်းကဲ့သို့ ချောင်းရေ စဝင်လာသည့်အချိန်တွင် နမ်းခမ်းရဲကင်းမှူး ရဲအုပ် သန်းဝေဦးနှင့် ရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ လူမှုကူညီရေးအဖွဲ့များ၊ ဒေသခံများက ပစ္စည်းဥစ္စာနှင့် အိမ်မွေးတိရစ္ဆာန်များ ပျက်စီးဆုံးရှုံးမှုမဖြစ်စေရေးအတွက် ပြောင်းရွှေ့သယ်ယူရေး ကူညီဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

အလားတူ ဂျိုးတောင်ကျေးရွာနှင့် မန်းကျည်းကုန်းကျေးရွာတို့မှ လူနေအိမ်အချို့တွင်လည်း ရေဝင်ရောက်ခဲ့ပြီး လူနှင့် တိရစ္ဆာန်များ အသေအပျောက်မရှိကြောင်း သိရသည်။

**လှိုင်မျိုးထွန်း(ဝန်းသို)**

စာပေမြင့်မှ
လူမျိုးတင့်မည်

# မိုးသည်းထန်စွာရွာသွန်းခဲ့၍ မန္တလေး-မြစ်ကြီးနား ရထားသံလမ်းရေကျော်

**ဝန်းသို ဇူလိုင် ၂၀**

ကသာခရိုင် ဝန်းသိုမြို့နယ်တွင် ဇူလိုင် ၂၀ ရက် မွန်းလွဲ ၁ နာရီတွင် မိုးသည်းထန်စွာ ရွာသွန်းခဲ့မှုကြောင့် မဲဇာနှင့် ဘုံချောင်းကြား မိုင်တိုင်အမှတ် (၅၆၇) ၃-၄ကြား အကျယ် ရှစ်ပေ၊ အနက် ခြောက်ပေခန့် ရေတိုက်စားမှုကြောင့် မန္တလေး-မြစ်ကြီးနား ရထားများပြေးဆွဲမှုကို ခေတ္တရပ်ဆိုင်းထားခဲ့ကြောင်း သိရသည်။

အဆိုပါရေတိုက်စားမှုကြောင့် သံလမ်းလက်ထောက်အင်ဂျင်နီယာ ဦးမွေးနှင့် လုပ်သား ၂၀ တို့က ရထားများ ပုံမှန်ပြန်လည်ပြေးဆွဲနိုင်ရေးအတွက် ဆောင်ရွက်လျက်ရှိကြောင်း မြန်မာ့မီးရထား ဝန်းသိုဘူတာ ရုံပိုင်ကြီးက ပြောသည်။

**ဝန်းသို(ပြန်/ဆက်)**

◆



# အရေးပေါ်လူနာတင်ယာဉ် (Ambulance)

**ဖိုးညွန့်(ဆေး-၁)**

အရေးပေါ်လူနာတင်ယာဉ်၏ ဟွန်းသံသည် နေ့စဉ်မကြာခဏဆိုသလို ကြားနေရပါသည်။ လမ်းရှင်းစေလို၍ဖြစ်စေ၊ ကားအမြန်မောင်းလာသဖြင့် အခြားသောယာဉ်မောင်းများအား သတိပေးလို၍ဖြစ်စေ အသံပေးမောင်းနှင်ပြီး သက်ဆိုင်ရာဆေးရုံ၊ ဆေးခန်းများသို့ ဦးတည်မောင်းနှင်ကြပါသည်။ အရေးပေါ်လူနာတင်ယာဉ်ပေါ်တွင် အသည်းအသန်လူနာပါသလား။ ထိခိုက်ဒဏ်ရာရလူနာပါသလား သို့မဟုတ် လမ်းတစ်လျှောက်ပြုစုကုသမှုပေးပြီး ဆေးရုံတစ်ခုခုသို့ လွှဲပြောင်းအပ်နှံကုသစေရန် မော်တော်ယာဉ်ရှိ လိုက်ပါလာသူများက ပြုစုနေကြသလား စသည်ဖြင့်တစ်ခုခုတော့ ပါမှာသေချာပါသည်။

အသုံးပြုသော မော်တော်ယာဉ်များအနေဖြင့် အင်္ဂါစုံစုံလင်လင် အဆင့်မီဖြစ်သလား (သို့မဟုတ်) ဖြစ်သလိုလုပ်ထားသလား မသိရှိရပေ။ တစ်လောကနယ်မြို့တစ်ခုရောက်စဉ် အရေးပေါ်လူနာယာဉ်ကိစ္စတစ်ခုကြုံသဖြင့် ခရီးသွားဟန်လွှဲကြည့်ရှုခဲ့ရာ မော်တော်ယာဉ်မှာ လိုင်စင်မဲ့ဖြစ်နေ၍ ရန်ကုန်သို့ အရေးပေါ်သွားရန်မဖြစ်နိုင်သဖြင့် ရောက်နိုင်သည့်နေရာသို့ ပို့ဆောင်ပြီး ရန်ကုန်မြို့မှ ဆေးရုံတစ်ခု၏ လူနာတင်ယာဉ်ကို ဖုန်းဆက်ခေါ်၍ လူနာအား ရန်ကုန်သို့ ပို့ဆောင်လိုက်သည်ကို ကြုံတွေ့ခဲ့ရပါသည်။ အချို့သော မော်တော်ယာဉ်များတွင်လည်း လူနာကိုသယ်ယူ ပို့ဆောင်ရုံသက်သက်အဖြစ် လုပ်ထားကြသည်ကိုလည်း တွေ့ရပါသည်။

တစ်ကြိမ်တွင် လမ်းမကြီးတစ်ခုပေါ်၌ ယာဉ်မတော်တဆ ထိခိုက်မှုဖြစ်သည်ကို တွေ့ကြုံခဲ့ရာ အနီးအနားရှိ လူနာတင်ယာဉ်ကို ဖုန်းဆက်ခေါ်စဉ် နာရီဝက်အတွင်းရောက်ရှိလာပြီး ထိခိုက်ဒဏ်ရာရသူကို ကားပေါ်သို့တင်ရန် လူနာတင်ယာဉ်ပေါ်တွင် လိုက်ပါလာသူနှစ်ဦးမှ ကားအတွင်းရှိ တွန်းလှည်းကိုအောက်သို့ တွန်းချပြီး အသင့်အနေအထားရောက်အောင် ပြုလုပ်ရာတွင် ခက်ခဲနေလျက် အတန်ကြာကြိုးစားမှသာ တွန်းလှည်းအဆင်သင့်ဖြစ်ပါသည်။ ထို့အပြင် ဒဏ်ရာရသူကို ပြုစုကုသနိုင်ရန် ဆေးဝါး၊ ပတ်တီး စသည်များပါရှိပြီး လူနာကိုလက်တွန်းလှည်း (Trolly) ပေါ်တင်ရန်အတွက် မည်သို့ကိုင်တွယ်ရမည်၊ မည်သည့်ပုံစံထားရမည်ကို သေချာစွာ သိပုံမရသဖြင့် မိမိနှင့်အဖော်ပါလာသူတစ်ဦးက မည်သို့မည်ပုံကိုင်တွယ် သယ်ဆောင်ရမည်ကို ပြောပြမှသာ အဆင်ပြေစွာပြီးမြောက်ခဲ့ပါသည်။ မည်သို့ပင်ဖြစ်စေ အရေးပေါ်လူနာတင်ယာဉ်ရောက်လာပြီး ဆေးရုံသို့ သယ်ပို့ပေးသည့် ဝန်ဆောင်မှုကို အသိအမှတ်ပြုပါသည်။ ကျေးဇူးလည်းအထူးတင်ပါသည်။ စနစ်ကျသော အရေးပေါ်လူနာတင်ယာဉ် (အရေးပေါ်အသက်ကယ်တင် ကုသပို့ဆောင်ရေးလုပ်ငန်း) တစ်နိုင်ငံလုံး အတိုင်းအတာအထိကျယ်ပြန့်စွာ ဆောင်ရွက်ရေးလိုအပ်နေပြီဟု သုံးသပ်မိပါသည်။

ယနေ့အချိန်အခါတွင် ရန်ကုန်မြို့တော်အပါအဝင် အခြားသောမြို့ကြီးများတွင် အမြန်ယာဉ်၊ အနှေးယာဉ်၊ မော်တော်ဆိုင်ကယ်အရေအတွက် တိုးတက်များပြားလာရုံသာမက ယာဉ်မောင်းများ၏ မဆင်မခြင်ပေါ့ဆစွာမောင်းနှင်မှုကြောင့် ထိခိုက်ဒဏ်ရာရမှုသည် တစ်နိုင်ငံလုံးအတိုင်းအတာအရ နေ့စဉ်များစွာ ဖြစ်ပေါ်လျက်ရှိပြီး သေဆုံးမှုမှာ နှစ်စဉ်ရာဂဏန်းကျော် ဖြစ်ပွားလျက်ရှိနေပါသည်။ ၎င်းတို့အထဲတွင် အရေးပေါ်အသက်ကယ်တင်ကုသမှု အချိန်မီ မပြုလုပ်နိုင်ပါသဖြင့် သေဆုံးကြသူများ ထက်ဝက်ကျော်မျှ ရှိနိုင်မည်ဟု ခန့်မှန်းနိုင်ပါသည်။

အရေးပေါ်အသက်ကယ်တင်ကုသ ပို့ဆောင်ရေးယာဉ်နှင့်ပတ်သက်၍ သမိုင်းကြောင်းလေ့လာသည့်အခါတွင် ရှေးအခါက ဆေးကုသ၍ မရတော့သည့် လူနာများအား မြင်းလှည်းပေါ်တင်၍ ပို့ဆောင်သည့်အလုပ်ကို ဆောင်ရွက်ခဲ့ကြကြောင်း လေ့လာတွေ့ရှိရပါသည်။

ပထမဦးဆုံးသော အရေးပေါ်လူနာတင်ယာဉ်ကို ၁၄၈၇ ခုနှစ်တွင် စပိန်ပြည်၌ စတင်သုံးစွဲခဲ့ပါသည်။ ၎င်းလူနာတင်ယာဉ်မှာ မြင်းဆွဲသောလှည်းဖြစ်ပြီး လူနာကို တစ်နေရာမှတစ်နေရာသို့ဖြစ်စေ၊ ဆေးကုသမှုပေးနိုင်မည့် နေရာသို့ဖြစ်စေ သယ်ယူပို့ဆောင်ရေးအတွက် သုံးစွဲခဲ့ပါသည်။ တဖြည်းဖြည်းနှင့် စစ်ပွဲတွင်သာမက အရပ်ဘက်ဆေးရုံများတွင်လည်း သုံးစွဲခဲ့ကြပါသည်။ မြင်းဆွဲလှည်းပေါ်တွင် ပက်လက်အနေအထားဖြင့် အကာအရံ လုံခြုံမှုအားနည်းစွာဖြင့် သုံးစွဲခဲ့ကြပါသည်။

အမေရိကန် တော်လှန်ရေးစစ်ပွဲတွင် ဖော်ပြပါလှည်း-လူနာတင်ယာဉ်များအား လူအင်အား ၃၅၀၀ သုံး၍ လူနာပို့ဆောင်ရေးလုပ်ခဲ့ရာ ဆရာဝန်ဟူ၍ ၂၀၀ မျှသာပါရှိပါသည်။ ရရာလူကိုဆွဲ၍ သုံးစွဲခဲ့ရာ ဆံပင်ညှပ်ဆရာများပင်အလွတ်မပေး ပါဝင်ခဲ့ကြောင်း မှတ်တမ်းများအရ သိရှိရပါသည်။ ၁၇၈၁ ခုနှစ် စစ်ပွဲကာလအတွင်း စစ်သည် ၂၅၀၀၀၀ ပါဝင်တိုက်ခိုက်ကြရာ ၂၅၀၀၀ ကျဆုံးခဲ့ပြီး ၎င်းအထဲမှ တိုက်ပွဲတွင်သေဆုံးသူ ၆၅၀၀ နှင့် ဆေးရုံနှင့်လမ်းခုလတ်တွင် သေဆုံးသူ ၁၀၀၀၀ သေဆုံးကြောင်း မှတ်တမ်းတွင်တွေ့ရပြီး ၂၅ ရာခိုင်နှုန်းသည် အကာအရံမလုံခြုံသော လှည်းဖြင့်သယ်သဖြင့် ရောဂါပိုးဝင်ခြင်းကြောင့် သေဆုံးကြရပြီး ၅၀ ရာခိုင်နှုန်းသည် ခြေလက်ဖြတ်ရခြင်း၏ နောက်ဆက်တွဲဆိုးကျိုးများကြောင့် သေဆုံးကြောင်း မှတ်တမ်းများတွင် ဖော်ပြထားပါသည်။

၁၈၆၂ ခုနှစ် ဇန်နဝါရီလတွင် အမေရိကန်နိုင်ငံမှ William A Hammond ဆိုသူက ရောဂါပိုးပျံ့နှံ့ကူးစက်မှုအန္တရာယ်ကင်းအောင် ပြုလုပ်ထားသည့် Superior Ambulance wagon ကို စတင်သုံးစွဲပြီး ၁၈၆၅ ခုနှစ်တွင် ကမ္ဘာပေါ်တွင် ပထမဦးဆုံးသော ဆေးရုံအခြေစိုက်အရေးပေါ်လူနာတင်ယာဉ်ကို စတင်သုံးစွဲခဲ့ပါသည်။ ၁၈၈၇ ခုနှစ်တွင် အင်္ဂလန်နိုင်ငံ လန်ဒန်မြို့၌ စိန့်ဂျွန်းလူနာတင်ယာဉ်တပ်ဖွဲ့ကို ဆေးရုံနှင့် တွဲဖက်တည်ထောင်ခဲ့ပါသည်။ ၁၉၀၀ ပြည့်နှစ်တွင် လျှပ်စစ်ဓာတ်အားနှင့်မော်တာကိုသုံးသော မော်တော်ယာဉ်ကို အမေရိကန်နိုင်ငံ နယူးယောက်မြို့တွင် စတင်သုံးစွဲခဲ့ပါသည်။ ၁၉၀၉ ခုနှစ်တွင် ကနေဒါနိုင်ငံမှ ၎င်း၏စစ်တပ်အတွက် ဓာတ်ဆီသုံးမော်တော်ကားကို ထုတ်လုပ်သုံးစွဲခဲ့ပါသည်။ ယင်းနှစ်တွင်ပင် ဂျိမ်းကာနင်ဟန်ကုမ္ပဏီ ရှိချက်စတာ အမေရိကန်နိုင်ငံ နယူးယောက်မြို့မှ မြင်း ၃၂ ကောင်အား လေးလုံးထိုးအင်ဂျင်တပ် လူနာတင်ယာဉ်ကို သုံးစွဲခဲ့ပါသည်။ ပထမနှင့် ဒုတိယကမ္ဘာစစ်ကာလများတွင် မော်တော်ကားလူနာတင်ယာဉ်ပို့ဆောင်ရေးကို သုံးရုံသာမက လူနာတင်ယာဉ်ပေါ်တွင် အရိုးကျိုးမှုများအတွက် ကြပ်စည်းရန်စပလင့်များ၊ ရေဒီယို၊ ကြေးနန်း၊ တယ်လီဖုန်းများကို တပ်ဆင်သုံးခဲ့ပြီး လူနာတင်ယာဉ်ပေါ်တွင် ဆရာဝန်များအား တာဝန်ပေးခဲ့ခြင်းကို ရပ်ဆိုင်းကာ စစ်မြေပြင်မှာသုံးစေ၍ လေ့ကျင့်သင်တန်းပေးထားသော Paramedic Ambulance Attendent များကို စတင်သုံးစွဲခဲ့ပါသည်။

၁၉၅၀ ခုနှစ်ပိုင်း ကိုရီးယားစစ်ပွဲတွင် ထိခိုက်ဒဏ်ရာရသူ ၁၈၀၀၀ ကို ရဟတ်ယာဉ်စတင်သုံးစွဲ၍ သယ်ယူပို့ဆောင်ပေးခဲ့ပါသည်။ ၁၉၅၂ ခုနှစ် ယူကေနိုင်ငံ Harrow and Wealdstone ရထားတိုက်မှုတွင် ၁၁၂ ဦး သေဆုံး၍ ၃၄၀ ဒဏ်ရာရခဲ့သည်။ ဖြစ်စဉ်၏ အတွေ့အကြုံအရ လူနာတင်ယာဉ် ပို့ဆောင်ရေးဝန်ဆောင်မှု ယခင်ကဲ့သို့ လူနာသယ်ပို့ရုံသာမက အသက်ကယ်ကိရိယာပစ္စည်းများဖြစ်သည့် Oxygen Cardiopulmonary Resuscitation and Defibrillation ပါတပ်ဆင်သည့် လူနာတင်ယာဉ်ပေါ်လာပြီး ဆေးရုံပြင်ပတွင်ပင် လုပ်ဆောင်နိုင်သည့် အသက်ကယ်ဆယ်ရေးလုပ်ငန်းတစ်ခုအဖြစ် သတ်မှတ်ပေးခဲ့ပေသည်။

**အရေးကြီးသည်မှာ အရေးပေါ်လူနာတင်ယာဉ်ပေါ်တွင် လိုက်ပါမည့်ပုဂ္ဂိုလ်များဖြစ်သည့် Ambulance Attendents,Paramedics, ယာဉ်မောင်းစသည်များကို စနစ်တကျ မွေးထုတ်တာဝန်ပေးအပ်ပြီး ကွန်ရက်သဖွယ် ဆောင်ရွက်နိုင်သည့် National Ambulance System, Ambulance၊ ရဲကား၊ မီးသတ်ကားတို့ ပါဝင်သော ကွန်ရက်နှင့် ဂဏန်းသုံးလေးလုံးနှင့် ခေါ်ဆောင်နိုင်သည့် Call Center တစ်ခု အထူးလိုအပ်နေပြီဖြစ်သဖြင့် ထုတ်ပြန်လိုက်သော အမိန့်ကြော်ငြာစာပါအတိုင်း ဖြစ်စေရေးအတွက် ထိရောက်သော ကြီးကြပ်မှု၊ စစ်ဆေးမှုများ လိုအပ်နေပြီဖြစ်ကြောင်း။**

၁၉၆၆ ခုနှစ်တွင် National Academy of Science မှ ထိခိုက်ဒဏ်ရာရရှိ၍ သေဆုံးခြင်းနှင့်ကိုယ်အင်္ဂါချို့ယွင်းခြင်းကို The Negleted Disease of Modern Society ဟု သတ်မှတ်ထုတ်ပြန်ခဲ့ပါသည်။ လူနာတင်ယာဉ်ပေါ်တွင် လိုက်ပါနိုင်ရန် ဖွင့်လှစ်ခဲ့ပြီး သင်တန်းဆင်းများကို လိုက်ပါစေခဲ့ပါသည်။ Attendent များအား လူနာကို ကိုင်တွယ်နည်းစနစ်၊ ရှေးဦးသူနာပြုစုမှုစနစ်၊ အခြေခံ အသက်ကယ်တင်မှုသင်တန်း၊ အဆင့်မြင့် အသက်ကယ်တင်မှုသင်တန်းများ တက်ရောက်စေပြီး Attendent များကို လိုက်ပါစေပါသည်။

လူနာတင်ယာဉ်ပေါ်တွင် အောက်ဆီဂျင်၊ အရေးပေါ်ဆေးအမျိုးမျိုး၊ စပလင်အစုံအလင်၊ အချို့သော ယာဉ်များတွင် ခေတ်မီကိရိယာများကို လိုအပ်သလို တပ်ဆင်သုံးစွဲကြပါသည်။

လူနာတင်ယာဉ်ပေါ်တွင် လိုက်ပါမည့်သူသည် တပ်ဆင်ထားသောပစ္စည်းများကို ကျွမ်းကျင်ပိုင်နိုင်စွာ သုံးစွဲနိုင်သည့်သူ (Ambulance Attendent/Paramedic) များ ပါရှိရမည်ဖြစ်ပြီး ယာဉ်မောင်းသူကိုလည်း ယာဉ်မောင်းနည်းစနစ်၊ လမ်းစည်းကမ်း၊ အရေးပေါ်ကိစ္စနှင့် လူနာပြုစုမှုအခြေခံတတ်မြောက်သည့်ပုဂ္ဂိုလ်များကို ခန့်အပ်တာဝန်ပေးရပါမည်။

ပြည်ပနိုင်ငံများတွင် ဥပမာ- ကနေဒါနိုင်ငံ လူနာတင်ယာဉ်လုပ်ငန်း၊ ယူကေနိုင်ငံ လူနာတင်ယာဉ်လုပ်ငန်း၊ ပြင်သစ်နိုင်ငံ ဆာမူးလူနာတင်ယာဉ် လုပ်ငန်းများ၏ နမူနာယူလုပ်ဆောင်နိုင်လျှင် အကောင်းဆုံးဖြစ်ပေမည်။ ကြီးမားသော ယာဉ်တိုက်မှုတစ်ခု သဘာဝဘေးအန္တရာယ်ဖြစ်ပွားပါက (၁)ပြည်သူ့ရဲတပ်ဖွဲ့ယာဉ်၊ (၂) Ambulance နှင့် (၃) မီးသတ်ယာဉ်တို့ ရှေ့ဆင့်နောက်ဆင့် ရောက်လာကြလျက် ကျရာတာဝန်ကို အမြန်ဆုံးဆောင်ရွက်သွားပြီး ကယ်ဆယ်ရေး၊ ကုသရေး၊ ပို့ဆောင်ရေး စသည်များဆောင်ရွက်ကြသည်ကို တွေ့ရပါသည်။ ကောင်းမွန်သော ဆက်သွယ်ရေးစနစ်၏ အားသာချက်ပင် ဖြစ်ပေမည်။

ယခုမြန်မာနိုင်ငံတွင်လည်း ယာဉ်ထိခိုက်မှုမကြာခဏဖြစ်သည့် အမြန်လမ်းမကြီးတစ်လျှောက် လူနာတင်ယာဉ်ဝန်ဆောင်မှုပေးရန် စီစဉ်ထားသည် ဖြစ်ပါသည်။ ထို့အပြင် မြို့အတော်များများတွင် အသင်းအဖွဲ့များ၏ လူနာတင်ယာဉ်များတွေ့ရပါသည်။ ၎င်းလူနာတင်ယာဉ်များ ဟိုနား ဒီနား တွေ့နေရပါသည်။ များတာကောင်းပါသည်။ သို့သော် လူနာကို စနစ်တကျ သယ်ဆောင်ခြင်း၊ မပြုနိုင်၊ မကုသနိုင်သဖြင့် လမ်းတွင် သေဆုံးကြသည်ကို မည်သူမျှ ဂရုပြုမိကြမည် မထင်ပါ။

ထို့ကြောင့် လူနာတင်ပို့ဆောင်ရေးလုပ်ငန်းကို ကုသိုလ်ဖြစ်လုပ်ငန်းဖြစ်စေ၊ အခကြေးငွေယူ၍ဖြစ်စေ ဆောင်ရွက်မှုများသည် အရည်အသွေးစံမီဖို့ လိုပါသည်။ မည်သူက စစ်ဆေးပါမည်လဲ။ စနစ်တကျ ကြပ်မတ်ပေးရန် လိုအပ်ပါသည်။ မြန်မာနိုင်ငံ တစ်နံတစ်လျားတွင် ပုဂ္ဂလိက၌ လူနာတင်ယာဉ်ပေါင်း ၈၀၀ ဝန်းကျင်မျှရှိသည်ဟုလည်း ခန့်မှန်းပါသည်။ စာရင်းအတိအကျပြုပြီး စည်းကမ်းတကျ ဝန်ဆောင်မှုပေးနိုင်လျှင် အလွန်တန်ဖိုးရှိပါမည်။ အရေးပေါ် တစ်စုံတစ်ရာပေါ်ပါက မှတ်ရလွယ်သော ဖုန်းနံပါတ်ကို ဆက်သွယ်ရုံဖြင့် နီးစပ်သော လူနာတင်ယာဉ်တစ်စီး အမြန်ဆုံးရောက်ရှိ ပြုစုကုသမှုပေး၍ သယ်ယူပို့ဆောင်မှုပြုနိုင်လျှင် ပြည်သူလူထုအတွက် အတိုင်းထက်အလွန် စိတ်နှလုံးချမ်းမြေ့ဖွယ်ဖြစ်ပါသည်။ တင်ပြခဲ့သည့်အတိုင်း ရောဂါပိုးနှင့် လူနာသယ်ယူပို့ဆောင်ရွှေ့ပြောင်းမှု အဆင်မပြေ၍ အသက်အန္တရာယ်ရရှိသူများလည်း ရှိကောင်းရှိပေလိမ့်မည်။

အရေးပေါ်လူနာတင်ယာဉ် အသုံးပြုခြင်းနှင့် စပ်လျဉ်း၍ လိုအပ်ချက်များ သတ်မှတ်ခြင်းဟူသည့် အမိန့်ကြော်ငြာစာတစ်ရပ်ကို ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ ကျန်းမာရေးဝန်ကြီးဌာန ပုဂ္ဂလိကကျန်းမာရေးလုပ်ငန်းဆိုင်ရာ ဗဟိုအဖွဲ့၏ အမိန့်ကြော်ငြာစာအမှတ် ၂၉/၂၀၁၅ ကို ၂၀၁၅ ခုနှစ် မတ်လ ၁၆ ရက်က ထုတ်ပြန်ခဲ့ပြီး ၂၀၁၅ ခုနှစ် ဇွန်လ ၅ ရက်ထုတ် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ပြန်တမ်းတွင်လည်း ပါရှိခဲ့ပြီးဖြစ်ပါသည်။ ယင်းအမိန့်သက်တမ်းသည် တစ်နှစ်ကျော်လာခဲ့ပြီဖြစ်သည်။

အရေးပေါ်လူနာတင်ယာဉ်-

- (က) အခြေခံအဆင့် (Basic Ambulance)
- (ခ) စံညွှန်းမီ လူနာတင်ယာဉ် (Standard Ambulance)
- (ဂ) အဆင့်မြင့် လူနာတင်ယာဉ် (Advanced Ambulance)

ဟူ၍ သုံးမျိုးသုံးစားရှိပြီး မည်သည့်အမျိုးတွင် မည်သည့်ပစ္စည်း၊ ကျွမ်းကျင်သူစသည်ဖြင့် သတ်မှတ်ချက်များရှိပါသည်။ အဆိုပါသတ်မှတ်ချက်များကို အရေးပေါ်လူနာတင်ယာဉ်အသင်းအဖွဲ့များ၊ ပုဂ္ဂလိကတည်ထောင်သူများ၊ ဆေးရုံများမှ သိရှိလိုက်နာ၍ ဝန်ဆောင်မှုပေးရန် လိုအပ်ပါသည်။

အရေးကြီးသည်မှာ အရေးပေါ်လူနာတင်ယာဉ်ပေါ်တွင် လိုက်ပါမည့်ပုဂ္ဂိုလ်များဖြစ်သည့် Ambulance Attendents,Paramedics, ယာဉ်မောင်းစသည်များကို စနစ်တကျ မွေးထုတ်တာဝန်ပေးအပ်ပြီး ကွန်ရက်သဖွယ် ဆောင်ရွက်နိုင်သည့် National Ambulance System,Ambulance၊ ရဲကား၊ မီးသတ်ကားတို့ ပါဝင်သော ကွန်ရက်နှင့် ဂဏန်းသုံးလေးလုံးနှင့် ခေါ်ဆောင်နိုင်သည့် Call Center တစ်ခု အထူးလိုအပ်နေပြီဖြစ်သဖြင့် ထုတ်ပြန်လိုက်သော အမိန့်ကြော်ငြာစာပါအတိုင်း ဖြစ်စေရေးအတွက် ထိရောက်သော ကြီးကြပ်မှု၊ စစ်ဆေးမှုများ လိုအပ်နေပြီဖြစ်ကြောင်း တင်ပြလိုက်ပါသည်။ ။

## စိုက်ပျိုးရေး အသိပညာပေးခြင်းနှင့် စာကြည့်တိုက်ရေရှည်ရှင်သန်ရေး ဟောပြော

**ဝက်လက် ဇူလိုင် ၂၀**

ကျေးရွာနေပြည်သူများ စိုက်ပျိုးရေးနှင့် အထွေထွေ အသိပညာဗဟုသုတရှိစေရေး၊ စာဖတ်ရှိန်မြှင့်တင်ရေး၊ ကျေးရွာစာကြည့်တိုက်ရှင်သန်ရေး ရည်ရွယ်လျက် စစ်ကိုင်းတိုင်းဒေသကြီး ဝက်လက်မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန မြို့နယ်ဦးစီးမှူးနှင့် ဝန်ထမ်းများသည် စိုက်ပျိုးရေးဦးစီးဌာန ဝန်ထမ်းများနှင့်ပူးပေါင်း၍ ဇူလိုင် ၁၈ ရက် နံနက်ပိုင်းက ပင်းဇင်းကျေးရွာ အခြေခံပညာအလယ်တန်းကျောင်းခွဲ၌ စိုက်ပျိုးရေးအသိပညာပေးခြင်း၊ စာဖတ်ရှိန်မြှင့်တင်ရေးဟောပြောပွဲနှင့် နယ်လှည့်စာကြည့်တိုက် နံရံကပ်စာစောင်၊ ဓာတ်ပုံပြပွဲများကို ကွင်းဆင်းဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

ဝက်လက်မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်နန်းမြင့်က စာဖတ်ရှိန်မြှင့်တင်ရေး၊ စာကြည့်တိုက်ရှင်သန်ရေး၊ စာပေလေ့လာဖတ်ရှုကြရေး၊ မူးယစ်ဆေးဝါးအန္တရာယ် တားဆီးကာကွယ်ရေး၊ ကွမ်းစားခြင်းအန္တရာယ်များအကြောင်း အသိပညာပေးဟောပြောပြီး မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန ဒုတိယဦးစီးမှူး ဒေါ်မြင့်မြင့်စိုးနှင့် ဝန်ထမ်းများက စိုက်ပျိုးရေးနှင့် ပတ်သက်၍ အသိပညာပေးဆွေးနွေးခဲ့ကြသည်။

ဆက်လက်၍ အဆိုပါအဖွဲ့သည် မကျီးတုံကျေးရွာသို့ သွားရောက်၍ စိုက်ပျိုးရေးအသိပညာပေးခြင်းနှင့် စာကြည့်တိုက် ရေရှည်ရှင်သန်ရေးလုပ်ငန်းများကို ဆွေးနွေးဟောပြောခဲ့ကြောင်း သိရသည်။

**နန်းမြင့်(ဝက်လက်)**

## ပြည်သူ့သဘောထားစင်မြင့်

*တိုင်းပြည်၏နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးစသည်တို့နှင့်စပ်လျဉ်း၍ ရှုထောင့်စုံမှ သဘောထားအမြင်စုံတို့ကို အများပြည်သူသို့ တင်ပြပေးနိုင်ရန် ဤကဏ္ဍကို ဖွင့်လှစ်ခြင်းဖြစ်၍ စိတ်ဝင်စားသူ မည်သူမဆို ပါဝင်ရေးသားရန် ဖိတ်ခေါ်ပါသည်။ သို့သော် ကြမ်းတမ်းပြင်းထန်သော အယူအဆ၊ အရေးအသားများကိုမူ သတင်းစာ၏မူဝါဒအရ ဖော်ပြပေးနိုင်မည်မဟုတ်ကြောင်းနှင့် ဤကဏ္ဍတွင်ပါရှိသမျှတို့သည် သက်ဆိုင်ရာဆောင်းပါးရှင်အသီးသီး၏ အာဘော်များသာဖြစ်ပါကြောင်း အစီရင်ခံအပ်ပါသည်။ (စာတည်းအဖွဲ့)*

# ပြေး ငါး ပြေး အကြောင်း

## လက်ာရည်ကျော်

ငယ်သူငယ်ချင်းတစ်ဦး နိုင်ငံခြားက ပြန်လာသည်။ စင်ကာပူကပါ။

ခဏတစ်ဖြုတ် ပြန်လာတာမဟုတ်။ အပြီးပြန်လာတာဖြစ်သည်။ နိုင်ငံခြားမှာ ဆယ်စုနှစ် နှစ်ခုနီးပါး အဲဒီနိုင်ငံ ကျန်မာရေးဝန်ကြီးဌာန၏ ပြည်သူ့ကျန်းမာရေးပညာရှင်အနေဖြင့် လုပ်နေခဲ့ရာမှ လခများသော ထိုအလုပ်ကို စွန့်လွှတ်၍ အဲဒီနိုင်ငံကပေးထားသော PR ကိုပါ အပြီးပြန်အပ်ပြီး မြန်မာနိုင်ငံက NGO ခေါ် အစိုးရမဟုတ်သော ကျန်းမာရေးဆိုင်ရာ အဖွဲ့တစ်ဖွဲ့မှာ ရရင်းစွဲလခထက် အများကြီးနည်းသောလခနှင့် ပြန်လာလုပ်ခြင်းဖြစ်သည်။

PR ပြန်အပ်တာရော၊ လခများသည့်အလုပ်ကို စွန့်လွှတ်တာရော၊ မြန်မာနိုင်ငံ ဒီမိုကရေစီဖွံ့ဖြိုးတိုးတက်မှုလမ်းကြမ်းပေါ် မြန်မြန်ပြန်ချီတက်နေပြီဟု ယုံကြည်တာရော အဲဒီကိစ္စသုံးခုစလုံးမှာ နောင်တော်တချို့က မိုက်သည်ဟု အဝေဖန်ခံရရှာသည်။ သူ့ဘက်က ထောက်ခံသူက ကျွန်တော်တစ်ဦးတည်း။

လူထုခေါင်းဆောင်ကိုယ်တိုင်က ပညာရှင်တွေ မြန်မာပြည် ပြန်လာကြပါ။ ဝိုင်းကူကြပါပြောတာ အားလုံးအသိ။ ပြန်လာသူနည်းနည်းပဲ ရှိတာလည်း အားလုံးအသိ။

ပြန်မလာသူတွေကို သွားအပြစ်ပြော၍မရ။ ပြောင်းလဲဖို့ အခက်အခဲများစွာနှင့် ရင်ဆိုင်နေရဆဲ။ စနစ်တစ်ခုမှာ ဝင်ရောက်ကျင်လည်လှုပ်ရှားဖို့ဆိုတာ စေတနာကောင်းရုံတစ်ခုတည်းနှင့် ဖြစ်နိုင်တာမဟုတ်ဘူးဆိုတာ ကျွန်တော်တို့ အားလုံးသိသည်။ အရေးအကြောင်းကျတော့ နိုင်ငံခြားရောက်မြန်မာတွေ ဘယ်လောက်သွေးနီးကြသည်ဆိုတာ ၂၀၁၅ နိုဝင်ဘာလက အထင်အရှား မြင်ခဲ့ကြပြီးဖြစ်သည်။ အထူးသဖြင့် စင်ကာပူပေါ့။

ကျွန်တော် ထောက်ခံရသည့် အဓိကအကြောင်းက သူ့အသက်ကြောင့်ပါ။ ကျွန်တော်တို့က (၅၅) နှစ် ဝန်းကျင်အရွယ်တွေ ဖြစ်နေပါပြီ။ ဘဝအောင်မြင်ရာအောင်မြင်ကြောင်း လမ်းကြောင်းရှာဖွေတည်ဆောက်နေသည့် အရွယ်တွေမဟုတ်တော့ပါ။ အနားယူချိန်အတွက် ကြိုတင်ပြင်ဆင်ရင်းက ကိုယ်စုဆောင်းမိသည့်ပညာနှင့် အတွေ့အကြုံလေးတွေကို မျိုးဆက်သစ်တို့သို့ မျှဝေချိန်ပါ။ သည်အချိန်မှာ ဟိုက PR နှင့် လစာကောင်းသော အလုပ်ကြီးကို နှမြောနေလည်း နောက်ဘယ်နှနှစ် ဆက်လုပ်နိုင်မှာမို့လဲ။ သူမှန်ပါသည်။

သူနှင့် ကျွန်တော်က ဆေးတက္ကသိုလ် (၁) ရန်ကုန်မှာ ဘာလုပ်လုပ် လက်တွဲခဲ့တဲ့သူတွေပါ။ မဂ္ဂဇင်းမှာ စာရေးလည်းအတူ၊ အငြိမ့်မှာ လူရွှင်တော်လုပ်လည်းအတူ၊ စာကျက်လည်းအတူ။

မတူသည့်ကိစ္စ အစကတော့ ၃၃ ချက်ပါပဲ။

၁၉၉၁ မှာ အာဏာသိမ်းထားတာ သုံးနှစ်ကြာပြီဖြစ်သည့် အစိုးရက ၁၉၈၈ ဆန္ဒပြပွဲမှာ တစ်ခဲနက်ပါဝင်ခဲ့သည့် အစိုးရဝန်ထမ်းတွေကို မယုံသင်္ကာစိတ်နှင့် ၃၃ ချက်ပါသော မေးခွန်းများကို ဖြေခိုင်းသည်။ သိချင်လို့မေးတာပါတဲ့။ အရေးမယူပါတဲ့။ လျှို့ဝှက်ထားပါမည်တဲ့။ ပြီးတော့ အောက်က လက်မှတ်ထိုးခိုင်းသည်။ နာမည်ဖြည့်ခိုင်းသည်။ ကိုယ်သိပ်ဖြစ်ချင်သော ကလေးအထူးကုဆရာဝန်ဖြစ်ဖို့ လမ်းကြောင်းတစ်ဝက်ကျိုးနေသည့် ကျွန်တော်က ဘွဲ့လွန်သင်တန်းသားဘဝကို ဆုံးရှုံးမှာစိုး၍ ယုံကြည်ရာ၊ မှန်ရာကိုမဖြေဘဲ သူတို့ဖြေစေချင်တာတွေ ဖြေပေးလိုက်သည်။ (အဲဒီအတွက် ကျွန်တော် နောင်တမရသော်လည်း နည်းနည်းတော့ ရှက်ပါသည်။ အများကို များများကူညီနိုင်မည့်ဘွဲ့နှင့် ဘဝတစ်ခုကို ဂုဏ်သိက္ခာနှင့် လဲလိုက်ရသလို ခံစားမိခဲ့ပါသည်။)

သူကောင်းသားကတော့ သူမှန်သည်ထင်သည့်အတိုင်း ရဲရဲတောက်ဖြေသည်။ ဝင်ကာစ လက်ထောက်ဆရာဝန်ဘဝကနေ ဖွတ်အနားခိုင်းခံရသည်။ အဲဒီလို အရေးယူခံရသူတွေလည်း မနည်းပါ။ (ကတိက တော်တော်တည်ကြတာကိုး)

နောက်တော့ စင်ကာပူရောက်သွားသည်။ (အဲဒီလို ရောက်သွားသူတွေလည်း ရေတွက်လို့မရ။) တကယ်နစ်နာတော့ မြန်မာပြည်သူတွေပဲ နစ်နာတာပါပဲ။ သည်မောင်က ကျောင်းသားဘဝထဲက ဉာဏ်ထက်လွန်းသူတစ်ဦး၊ အလုပ်အပေါ် စေတနာထားတတ်လွန်းသူ တစ်ဦးပါ။ ကိုယ့်အစိုးရက 'ခေါင်းညိတ်တတ်' တာကို 'ပညာပြည့်ဝ' တာထက် တန်ဖိုးထားတတ်တော့ သူ့လိုပညာရှင်တွေ ကျွန်တော်တို့ အများကြီး ဆုံးရှုံးခဲ့ရသည်။

နောက်ပိုင်း ကျွန်တော် စင်ကာပူကို အလုပ်ကိစ္စနှင့်ရောက်တော့ သူနှင့် ပြန်ဆုံသည်။ အဲဒီမှာ သူနှင့်ကျွန်တော် ပြန်တူနေတာ တစ်ခုသွားတွေ့ရသည်။ အဲဒါကတော့ ကျောင်းသားဘဝက ပေါင် ၁၀၀ ကျော်လောက် လူဗလံကလေးနှစ်ဦးစလုံး ပေါင် ၁၇၀-၁၈၀ လူဝကြီးတွေဖြစ်ကုန်လို့ လေ့ကျင့်ခန်းနှင့် ပြန်လျှော့ချနေရတာပါပဲ။

သူကတော့ ပိုလွယ်တာပေ့ါ။ စင်ကာပူက ပလက်ဖောင်းတွေကလည်း ကျယ်၊ ပန်းခြံတွေကလည်းပေါ၊ လေကောင်းလေသန့်ကလည်းရ။ ကျွန်တော်ကတော့ ရပ်ကွက်အားကစားကွင်းတောင် ပုဂ္ဂလိကချရောင်းပစ်သည့် နိုင်ငံမှာနေရတာဆိုတော့ လေ့ကျင့်ခန်းလုပ်စရာ နေရာကမရှိ။

အဲဒီမှာ သူ့ဆီက စကားလုံးအဆန်းတွေ လေ့လာရပြန်သည်။ (ကျောင်းသားဘဝတုန်းကလည်း သရော်စာအရေးကောင်းသူဟု နာမည်ကြီးခဲ့သူပေကိုး။)

တကယ်တော့ သူအပါအဝင် တိုင်းပြည်အတွက် အဖိုးတန်သည့် ပညာရှင်တွေအများကြီး 'ထွက်ပြေး' အောင်လုပ်ခဲ့ကြတာ ကျွန်တော်တို့ဘဝမှာ 'ပတ်ပြေး' တွေ 'ရပ်ပြေး' တွေနှင့်သာ ကျန်ခဲ့ကြသည် မဟုတ်ပါလား။

ပြည်တွင်းက ပညာရှင်တွေထဲမှ သူ့လိုထူးချွန်သူတွေ မရှိတာမဟုတ်။ ဒုနှင့်ဒေး။ ပြောကြကြေးဆိုရင် ကိုယ့်နိုင်ငံ၏အခြေအနေအရပ်ရပ်ကို မျက်ခြည်မပြတ်တာလေးတောင် သူတို့ထက်သာသေးသည်။ သို့သော် ဘာတင်တင် အပြင်ခံရ၊ ပယ်ချခံနေရသောဘဝမှာ မိမိ မိသားစုစားဝတ်နေရေးကို တာဝန်မယူနိုင်သော လစာသာရပြီး လုပ်ပိုင်ခွင့်နည်းသည့်အလုပ်ထက် မိမိ မိသားစု စားဝတ်နေရေးကို တာဝန်ယူပေးနိုင်သည့် 'Moon Lighting' ခေါ် အပိုအလုပ်လေးတွေကို ပိုအာရုံစိုက်မိခဲ့ကြရင်း 'ရပ်ပြေး' နှင့် 'ပတ်ပြေး' ဘဝမှာ အသားကျနေခဲ့ကြတာ ယခု ပြည်သူ့အစိုးရတက်လာပြီး ပညာရှင်တွေကို လွတ်လပ်စွာပြောခွင့်၊ လုပ်ခွင့်တွေပေးလာသောအခါတွင်ပင် ပြောင်းလဲချင်သော၊ လှုပ်ရှားချင်သောသူတွေက အနည်းစုဖြစ်၊ အဲဒီ အနည်းစုမှာလည်း လှုပ်ရှားလိုက်တိုင်း 'စက်ပြေး' ပြေးနေရသလို နေရာက မရွေ့။ ကျွန်တော်တို့ အများကြီး ကြိုးစားရဦးမှာပါလား။

သူဆက်ပြောသည့် စကားလေးကလည်း ပြောင်မြောက်သည်။

အစိုးရမဟုတ်တဲ့ အဖွဲ့အစည်းတွေက သုံးနေကျစကားက 'အပြောင်းအလဲ' တဲ့။ အစိုးရအဖွဲ့အစည်း ဝန်ထမ်းတွေရဲ့ဝလေ့က 'နေမြဲ' တဲ့။ 'အပြောင်းအလဲ' လုပ်ချင်သူက စည်းရုံးရတော့ 'advocacy' တဲ့။ မပြောင်းလဲချင်တဲ့သူက အခက်အခဲတွေအကြောင်းပြတော့ 'regulatory'တဲ့။ အဲဒီနှစ်အုပ်စုကြား ဝင်ညှိတတ်တာကျတော့ 'diplomacy' တဲ့။ ပြည်သူလူထုကြီး အမြဲရင်ဆိုင်နေရတာကတော့ 'poverty' (ဆင်းရဲခြင်း) တဲ့။ ပန်းပန်နေတာကတော့ 'crony' တဲ့။

**ပြည်တွင်းက ပညာရှင်တွေထဲမှ သူ့လိုထူးချွန်သူတွေ မရှိတာမဟုတ်။ ဒုနှင့်ဒေး။ ပြောကြကြေးဆိုရင် ကိုယ့်နိုင်ငံ၏ အခြေအနေအရပ်ရပ်ကို မျက်ခြည်မပြတ်တာလေးတောင် သူတို့ထက်သာသေးသည်။ သို့သော် ဘာတင်တင်အပြင်ခံရ၊ ပယ်ချခံနေရသောဘဝမှာ မိမိ မိသားစုစားဝတ်နေရေးကို တာဝန်မယူနိုင်သော လစာသာရပြီး လုပ်ပိုင်ခွင့်နည်းသည့်အလုပ်ထက် မိမိ မိသားစု စားဝတ်နေရေးကို တာဝန်ယူပေးနိုင်သည့် 'Moon Lighting' ခေါ် အပိုအလုပ်လေးတွေကို ပိုအာရုံစိုက်မိခဲ့ကြရင်း "ရပ်ပြေး" နှင့် "ပတ်ပြေး" ဘဝမှာ အသားကျနေခဲ့ကြတာ ယခု....**

သူက အပြင်မှာထွက်ပြေးနေတာမို့ 'ထွက်ပြေး'ဟု ခေါ်သတဲ့။ အခန်းထဲမှာတင် Tread mill ခေါ် ပြေးစက်ပေါ်မှာ ပြေးသူကိုတော့ 'စက်ပြေး' ဟု ခေါ်သတဲ့။

အခု မြန်မာပြည်ပြန်လာတော့ သူ ကန်တော်ကြီးစောင်းကို ပတ်ပြေးသည်။ ထွက်ပြေးဘဝကို မစွန့်လွှတ်ချင်။ ပေါင်ချိန်လည်း ပုံမှန်အထိကျအောင် ချနိုင်သွားသည်။

ကျွန်တော်လည်း ကျတော့ကျသည်။ 'ထွက်ပြေး' လောက်တော့ မကျ။ 'စက်ပြေး'မို့ဟု ထင်သည်။

သူက ရယ်စရာပြောသည်။ သူက အခုမှ 'ထွက်ပြေး'တာ မဟုတ်။ လွန်ခဲ့သည့် (၁၆) နှစ်ကတည်းက ထွက်ပြေးခဲ့ရတာတဲ့။ စက်ပြေးထက် ပိုဆိုးသူတွေကတော့ တစ်နေရာတည်းမှာ ရပ်၍ပြေးနေသည့် 'ရပ်ပြေး'နှင့် သည်နေရာကိုပဲ တဝဲလည်လည် ပြန်ရောက်အောင် ပြေးနေသည့် 'ပတ်ပြေး' တဲ့။

**ရယ်ရအခက် ငိုရအခက်။**

မင်း အဲဒါတွေရေးကွာဟု ကျွန်တော်က တိုက်တွန်းတော့ ရေးနေသားပဲတဲ့။ သူရေးတာက 'New Light of Myanmar' မှာ Aung Myint Oo နာမည်နှင့် အင်္ဂလိပ်ဘာသာနှင့် ရေးတာဆိုတော့ ဖတ်မိသူအနည်းသားပေ့ါ။ ငါ့ပေးရေးကွာ။ ငါ ကြေးမုံမှာရေးမယ်ဆိုတော့ သဘောတဲ့။

ဖြည့်တောင် ပြောလိုက်သေးသည်။

စက်ပြေး၊ ထွက်ပြေး၊ ရပ်ပြေး၊ ပတ်ပြေး ဘဝကလွတ်အောင်ရုန်းပြီး 'ရည်ရွယ်ချက်' နှင့် 'အရွေ့' ပါသည့် 'ရွေ့ပြေး' ဘဝရောက်အောင် ကြိုးစားကြစို့တဲ့။

ကဲ သူငယ်ချင်း ဆန္ဒပြည့်ပါစေဟုသာ ကူဆုတောင်းမိတော့သည်။ ။

## ရေအားပိုမိုဖြည့်တင်းပေးနိုင်ရေး တိုးချဲ့ဆောင်ရွက်

**မန္တလေး ဇူလိုင် ၂၀**

မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီ ရေနှင့်သန့်ရှင်းမှုဌာနမှ အောင်မြေသာစံမြို့နယ် မန္တလေးတောင်ခြေရှိ ကနောင်မင်းသားကြီး ရေစက်ရုံတွင် ရေတွန်းစက်များတပ်ဆင်၍ ကနောင်မင်းသားကြီးရေစက်ရုံမှတစ်ဆင့် (၁၂) လမ်းနှင့် (၆၆) လမ်းထောင့်ရှိ လက်ရှိ ၄၀၀ မမရေပိုက်လိုင်းသို့ ရေအားပိုမိုဖြည့်ဆည်းပေးနိုင်ရန် ၆၀၀ မမ ပိုက်ဆက်သွယ်ချထား၍ တိုးချဲ့ရေပေးရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည်။

ဩဂုတ်လတွင် ရေပိုက်ဆက်သွယ်ရေးလုပ်ငန်းများ ပြီးစီးရေးဆောင်ရွက်လျက်ရှိပြီး အောင်မြေသာစံမြို့နယ် အရှေ့ပိုင်း နန်းရှေ့ရပ်ကွက်များ ရေအားပိုမိုကောင်းမွန်လာမည်ဖြစ်သည်။ တိုးချဲ့ရေပေးရေးအဖြစ် သရက်ကုန်းရပ်ကွက်များသို့လည်း ရေပေးဝေနိုင်ရန် ရေပိုက်များသွယ်တန်းလျက်ရှိပြီး ဒီဇင်ဘာလတွင် ရေကောင်းမွန်စွာရရှိနိုင်ကြောင်း သိရသည်။

ရေပိုက်ဆက်သွယ်ရေးလုပ်ငန်းများ အမြန်ပြီးစီးရေးအတွက် ပိုက်လိုင်းအဟောင်းရှာဖွေ၍ ပိုက်လိုင်းအသစ်နှင့် ဆက်သွယ်ရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိရာ အောင်မြေသာစံမြို့နယ် (၁၂) လမ်းနှင့် (၆၆) လမ်းအနီးရှိ ကနောင်မင်းသားကြီးရေစက်ရုံအရှေ့ဘက် မန္တလေးတောင်ပတ်လမ်းအား ဇူလိုင် ၁၉ရက်မှ ၂၅ ရက်အထိ ယာယီ လမ်းပိတ်၍ လုပ်ငန်းများဆောင်ရွက်သွားမည်ဖြစ်ကြောင်း မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီက အသိပေးထားသည်။

**မောင်ပြည်သူ(မန္တလေး)**







ရန်ကုန်တိုင်းစစ်ဌာနချုပ် ဇေယျာသီရိဗိမာန်၌ တပ်မတော်သတင်းစာရှင်းလင်းပွဲ ကျင်းပစဉ်။ (မြဝတီ)

**ရှေ့ဖုံးမှ**

တိုက်ပွဲဖြစ်စဉ်အတွင်း စိစစ်ဆဲလူနှစ်ဦးကျည်ဆန်ထိမှန်သေဆုံးမှုနှင့် ယင်းလူနှစ်ဦးနှင့်အတူ မူးယစ်ဆေးဝါးများတွေ့ရှိခဲ့မှု၊ ယင်းဖြစ်စဉ်နှင့်ပတ်သက်၍ တပ်မတော်မှ စုံစမ်းစစ်ဆေးရေးခုံရုံးဖွဲ့စည်းဆောင်ရွက်လျက်ရှိရာ စည်းကမ်းနှင့် မကိုက်ညီသော အချက်အလက်များ တွေ့ရှိရသည့်အတွက် ဆက်လက်စစ်ဆေးဆဲဖြစ်ကြောင်းနှင့် စစ်ဆေးတွေ့ရှိချက်များအပေါ် ထိရောက်စွာအရေးယူဆောင်ရွက်သွားမည့် အခြေအနေများကို ရှင်းလင်းခဲ့သည်။

မိုင်ဂျာယန်တွင် တိုင်းရင်းသားညီလာခံတစ်ရပ်ပြုလုပ်ရန် စီစဉ်ဆောင်ရွက်နေမှုနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားရာတွင် ၂၀၁၆ ခုနှစ် ဇွန် ၃၀ ရက်တွင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့် KNU မှ စောမူတူးစေးဖိုး ခေါင်းဆောင်သော ငြိမ်းချမ်းရေးလုပ်ငန်းစဉ်ဦးဆောင်အဖွဲ့ (PPST)တို့ နေပြည်တော်တွင် တွေ့ဆုံဆွေးနွေးစဉ် PNLO မှ ခွန်ဥက္ကာနှင့် KNU မှ စောတာမူလာတို့က ကချင်ပြည်နယ် မိုင်ဂျာယန်တွင် တိုင်းရင်းသားညီလာခံတစ်ရပ်ပြုလုပ်ရန် စီစဉ်ထားရှိမှုနှင့် အစိုးရမှ ခွင့်ပြုပါက တပ်မတော်အနေဖြင့် လုံခြုံရေးမှအစ ကူညီဆောင်ရွက်ပေးရန်၊ ယင်းတွေ့ဆုံမှုမှာ ငြိမ်းချမ်းရေးကို ပိုပြီးခိုင်မာစေရန်၊ ကျန်ရှိသည့်အဖွဲ့များ ဂုဏ်သိက္ခာရှိရှိ ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ-(၂၁)ရာစုပင်လုံသို့ တက်ရောက်နိုင်ရန်အတွက်ဖြစ်ကြောင်း ဆွေးနွေးခဲ့မှု၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က လက်ရှိဖြစ်ပေါ်နေသည့် ပြဿနာများမှာ နယ်မြေတည်ဆောက်မှု၊ အင်အားတည်ဆောက်မှုတို့ကြောင့် ဖြစ်ကြောင်း၊ မိမိကိုယ်ကို ယုံကြည်မှုရှိပါက ထိုသို့တည်ဆောက်ရန် မလိုအပ်ကြောင်း၊ တစ်ဦးနှင့်တစ်ဦး ရိုးရိုးသားသား ပွင့်ပွင့်လင်းလင်း ဆွေးနွေးခြင်းက ပိုမိုကောင်းမွန်ကြောင်းနှင့် မိုင်ဂျာယန် တိုင်းရင်းသားညီလာခံ လုပ်ဆောင်မှုနှင့်ပတ်သက်၍ အဆုံးအဖြတ်ပေးခြင်းမရှိဘဲ ဖြစ်ပေါ်လာနိုင်သည့် အခက်အခဲများအပေါ် စဉ်းစားနိုင်ရန် အကြံပေးခဲ့သည့် အခြေအနေများကို ပြောကြားသည်။ ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ-(၂၁)ရာစုပင်လုံနှင့် ပတ်သက်၍လည်း လက်ရှိနိုင်ငံတော်အစိုးရ၏ ငြိမ်းချမ်းရေးဖော်ဆောင်မှုလုပ်ငန်းစဉ်များတွင် တပ်မတော်မှ ပူးပေါင်းပါဝင်ဆောင်ရွက်နေသည့် အခြေအနေများ၊ တစ်နိုင်ငံလုံးဆိုင်ရာ ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် (NCA) အပေါ်အခြေခံပြီး ကျင်းပပြီးစီးခဲ့သည့် ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ၏ အဆက်အဖြစ်ခံယူ၍ ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ-(၂၁) ရာစုပင်လုံကို ဆက်လက်အကောင်အထည်ဖော်ဆောင်ရွက်နေမှု၊ NRPC၊ UPDJC များ ဖွဲ့စည်းဆောင်ရွက်မှု၊ တပ်မတော်အနေဖြင့် ငြိမ်းချမ်းရေးမူဝါဒ(၆)ရပ်နှင့်အညီ နိုင်ငံတော်အစိုးရနှင့် ပူးပေါင်းလက်တွဲလုပ်ဆောင်နေမှု၊ ငြိမ်းချမ်းရေးညီလာခံတွင်လည်း ယုံကြည်မှုအပြည့်အဝဖြင့် တစ်ဦးနှင့်တစ်ဦး ရိုးသားပွင့်လင်းစွာဆွေးနွေးခြင်းဖြင့် အကောင်းဆုံးရလဒ်ကို ရရှိနိုင်မှုများအား ရှင်းလင်းပြောကြားသည်။


ရခိုင်ပြည်နယ်အတွင်း သဘာဝဘေးဒဏ်ကြောင့် ရေလွှမ်းမိုးမှုနှင့် တပ်မတော်မှ ကူညီလုပ်ဆောင်နေမှုအခြေအနေများနှင့် ပတ်သက်၍ ၂၀၁၆ ခုနှစ် ဇူလိုင်လ ပထမပတ်အတွင်း မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ရခိုင်ပြည်နယ် မြောက်ဦး၊ ကျောက်တော်၊ မင်းပြား၊ အမ်းနှင့် သံတွဲမြို့နယ်များအတွင်း ရေကြီးရေလျှံမှုများဖြစ်ပေါ်ခဲ့မှု၊ တပ်မတော်အနေဖြင့် နိုင်ငံအတွင်း မည်သည့်ဒေသတွင်မဆို သဘာဝဘေးအန္တရာယ်များ ရင်ဆိုင်ကျရောက်လာပါက ယင်းနေရာများသို့ ချက်ချင်းသွားရောက်၍ ကယ်ဆယ်ထောက်ပံ့ရေးလုပ်ငန်းများ ကူညီဆောင်ရွက်ရန် ညွှန်ကြားထားရှိမှု၊ သဘာဝဘေးအန္တရာယ်နှင့်ပတ်သက်၍ တပ်မတော်လေယာဉ်၊ ရေယာဉ်၊ မော်တော်ယာဉ်များအား ရိက္ခာ၊ ဆေးဝါး၊ ကယ်ဆယ်ရေးပစ္စည်းများနှင့် အသင့်ပြင်ဆင်ထားရှိမှု၊ တပ်များကို အသင့်စုဖွဲ့ထားရှိမှု၊ သဘာဝဘေးအန္တရာယ်နှင့် ရင်ဆိုင်ကြုံတွေ့နေရသော ဒေသများသို့ တပ်မတော်အနေဖြင့် ချက်ချင်းသွားရောက်၍ ပြည်သူများအား ကယ်ဆယ်ရေး၊ ထောက်ပံ့ရေး၊ ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ကူညီလုပ်ဆောင်ပေးခဲ့မှု၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ကိုယ်တိုင် ဦးစီး၍ သဘာဝဘေးဒဏ် ခံစားရသည့် နယ်မြေများသို့ သွားရောက်ပြီး ပြည်သူများအား တွေ့ဆုံအားပေးခြင်း၊ ထောက်ပံ့ကူညီခြင်း လုပ်ဆောင်ပေးခဲ့မှုများ၊ ယခုလအတွင်း ရခိုင်ပြည်နယ် ရေကြီး၊ ရေလွှမ်းမိုးမှုဖြစ်စဉ်တွင် နယ်မြေခံ တိုင်းစစ်ဌာနချုပ်မှ တပ်မတော်သားများ သက်ဆိုင်ရာဒေသအသီးသီးသို့ ဇူလိုင် ၇ ရက်မှ စတင်ရောက်ရှိပြီး ဒေသခံပြည်သူများအား ကယ်ဆယ်ရေးလုပ်ငန်းများ ကူညီဆောင်ရွက်ပေးမှု၊ တပ်မတော်လေယာဉ်၊ ရဟတ်ယာဉ်၊ မော်တော်ယာဉ်များဖြင့် ရာသီဥတုဆိုးရွားနေချိန်တွင်ပင် ကယ်ဆယ်ရေး၊ ထောက်ပံ့ပို့ဆောင်ရေးလုပ်ငန်းများ ဆောင်ရွက်ပေးမှု၊ ဇူလိုင် ၁၁ ရက်တွင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဦးစီးသည့်အဖွဲ့များ ယင်းဒေသများသို့ သွားရောက်၍ ရေဘေးသင့်ပြည်သူများအား တွေ့ဆုံအားပေးခြင်း၊ ကူညီထောက်ပံ့ခြင်းများ လုပ်ဆောင်ခဲ့မှု အခြေအနေများအား ရှင်းလင်းပြောကြားသည်။

ထို့နောက် တက်ရောက်လာသော သတင်းဌာနအသီးသီးတို့မှ သိရှိလိုသည်များ မေးမြန်းမှုအပေါ် ဒုတိယဗိုလ်ချုပ်ကြီး မြထွန်းဦးက ပြန်လည် ရှင်းလင်းပြောကြားပြီး တက်ရောက်လာသူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်သည်။

သတင်းစာရှင်းလင်းပွဲအပြီးတွင် အခမ်းအနား တက်ရောက်လာသူ သတင်းမီဒီယာများက ခန်းမအတွင်း ခင်းကျင်းပြသထားသည့် မှတ်တမ်းဓာတ်ပုံများနှင့် အထောက်အထား စာရွက်စာတမ်းများအား လှည့်လည်ကြည့်ရှုခဲ့ကြောင်း သတင်းရရှိသည်။

**(မြဝတီ)**

# ဇင်းကျိုက်မြို့ ကျောက်သဘော်ရေတံခွန်အပန်းဖြေစခန်း ဝါဆိုလပြည့်နေ့တွင် စည်ကားလျက်ရှိ



**ပေါင် ဇူလိုင် ၂၀**

မွန်ပြည်နယ် ပေါင်မြို့နယ် ဇင်းကျိုက်မြို့ရှိ ကျောက်သဘော်ရေတံခွန်အပန်းဖြေစခန်း၌ ဝါဆိုလပြည့်နေ့က လာရောက်အပန်းဖြေလည်ပတ်သူများနှင့် ဝါဆိုပန်းခူးထွက်သူများဖြင့် တိုးမပေါက်အောင် အထူးစည်ကားလျက်ရှိကြောင်း တွေ့ရှိရသည်။

"ကျွန်မက မုဒုံမြို့နယ်က အဒေါ်နဲ့ လာတာပါ။ တစ်ခါမှတော့ မရောက်ဖူးသေးဘူး။ ရေတံခွန်ကို ကျောင်းပိတ်လို့ အဒေါ်က လိုက်ပို့ပေးတာပါ။ ပျော်ဖို့ကောင်းပါတယ်။ ရေတွေလည်း အများကြီးနဲ့ နောက်နှစ်တွေမှာလည်း ကျွန်မလာချင်ပါသေးတယ်။ ကျွန်မက ခုမှ ရှစ်တန်းဆိုတော့ အိမ်က မိဘတွေက ခဏခဏပေး မသွားဘူး"ဟု ရေတံခွန်သို့ အပန်းဖြေလာရောက်သူ မိချမ်းသဇင်က ပြောသည်။

ယခုအခါတွင် ပေါင်မြို့နယ် ဇင်းကျိုက်မြို့အတွင်းရှိ ကျောက်သဘော်ရေတံခွန်မှာ အနယ်နယ်အရပ်ရပ်မှ ခရီးသွားအပန်းဖြေသူများနှင့် နိုင်ငံခြားခရီးသွားဧည့်သည်များလည်း လာရောက်လည်ပတ်မှုများလာသောကြောင့် ကျောက်သဘော်ရေတံခွန်အပန်းဖြေစခန်းကို မြို့နယ်စည်ပင်သာယာရေး ကော်မတီမှ ဦးဆောင်၍ သာယာလှပပြီး အပန်းဖြေစခန်းအင်္ဂါရပ်နှင့်အညီ အဆင့်မြှင့်တင်ဆောင်ရွက်ထားသောကြောင့် ခရီးသွားအပန်းဖြေ လာရောက်လည်ပတ်ကြသူများ နေ့စဉ်လိုလိုတိုးပွားလျက်ရှိကြောင်း၊ အစိုးရရုံးပိတ်ရက်များနှင့် နေ့ကြီးရက်ကြီးများတွင်လည်း ရပ်ဝေးရပ်နီး အနယ်နယ်အရပ်အရပ်မှ မိသားစုလိုက်၊ မိတ်ဆွေအပေါင်းအသင်းများဖြင့် လာရောက်လည်ပတ်ကြကြောင်း သိရသည်။

"မနှစ်ကဆို တစ်ခုခုဖြစ်ပြီးမှ လုံခြုံရေးအဖွဲ့တွေလာတယ်။ ဒီနှစ်တော့ လုံခြုံရေးအင်အားကို ပိုသုံးထားပါတယ်။ ဝါဆိုလပြည့်နေ့နဲ့ လပြည့်ကျော်ရက်တွေအတွက် လုံခြုံရေးအဖွဲ့တွေကို ပိုမိုတင်းကျပ်ထားပါတယ်။ မနှစ်ကဆို ဒီရက်တွေမှာ လုံခြုံရေးတွေနည်းနည်းပဲ ထားနိုင်တယ်။ အခိက ပြည်သူတွေအန္တရာယ်ဖြစ်နိုင်တဲ့နေရာတွေ မသွားကြဖို့ ခြံစည်းရိုးတွေ၊ သတိပေးဆိုင်းဘုတ်တွေ ထားရှိပေးတယ်။ အသံချဲ့စက်တွေနဲ့ အန္တရာယ်ဖြစ်စေနိုင်တဲ့ သတ်မှတ်ထားတဲ့နေရာတွေကို မသွားကြဖို့ အချိန်ပြည့်သတိပေးနှိုးဆော်ပေးနေပါတယ်။ လုံခြုံရေးအဖွဲ့ဝင်တွေနဲ့လည်း လှည့်လည်ကြည့်ရှုနေပါတယ်"ဟု ဇင်းကျိုက်ရေတံခွန်အပန်းဖြေစခန်းလုပ်ငန်းကော်မတီအဖွဲ့ဝင် ကိုထွန်းထွန်းက ပြောသည်။

ဇင်းကျိုက်ရေတံခွန်အပန်းဖြေစခန်းသည် နှစ်စဉ်လိုလိုဝါဆိုလပြည့်နေ့နှင့် လပြည့်ကျော်တစ်ရက်နေ့ ဝါဆိုပန်းခူးထွက်သည့်ကာလတွင် လူဦးရေးသိန်းဂဏန်းအထိ လာရောက်လေ့ရှိကြောင်း ဒေသခံတစ်ဦးက ပြောသည်။

၂၀၁၆ ခုနှစ် ဝါဆိုလပြည့်နေ့နှင့် လပြည့်ကျော်တစ်ရက်နေ့အတွက် မြို့နယ် မီးသတ်တပ်ဖွဲ့ဝင်များ၊ ကြက်ခြေနီတပ်ဖွဲ့ဝင်များ၊ မြို့နယ်ရဲတပ်ဖွဲ့ဝင်များ၊ ပြည်သူ့စစ်တပ်ဖွဲ့ဝင်များ၊ ဇင်းကျိုက်မြို့အုပ်ချုပ်ရေးမှ တာဝန်ရှိသူများနှင့် ရေတံခွန်အပန်းဖြေစခန်း ကြီးကြပ်မှုကော်မတီဝင်များပါသော ပူးပေါင်းအဖွဲ့ဝင်များက လာရောက်အပန်းဖြေလည်ပတ်သူများ ပျော်ရွှင်ချမ်းမြေ့စွာ အနားယူအပန်းဖြေနိုင်ရန်အတွက် စီစဉ်ဆောင်ရွက်ထားကြောင်း သိရသည်။

**ကိုဟိန်း(ပေါင်)**

# ကျောက်ကြီးမြို့နယ် လပါတ်ရွာ၌ အရက်မူးပြီး နေအိမ်ကို မီးရှို့

**ကျောက်ကြီး ဇူလိုင် ၂၀**

ပဲခူးတိုင်းဒေသကြီး တောင်ငူခရိုင် ကျောက်ကြီးမြို့နယ် မအူပင်ကျေးရွာအုပ်စု လပါတ်ရွာ၌ ဇူလိုင် ၁၉ ရက် ညနေ ၄ နာရီခန့်က အရက်မူးယစ်သောက်စားပြီး လင်မယားချင်း စကားများရန်ဖြစ်ရာမှ မိမိနေအိမ်ကို မိမိမီးရှို့မှုတစ်ခုဖြစ်ပွားခဲ့သည်။

ဖြစ်စဉ်မှာ ကျော်လင်းသူသည် အရက်သေစာမူးယစ်သောက်စားပြီး ဇနီးဖြစ်သူ မိုးမိုးစံနှင့် ရန်ဖြစ်စကားများရာမှ အသင့်ဆောင်ထားသည့် ဂက်စ်မီးခြစ်ဖြင့် မိမိနေအိမ် သက်ငယ်အမိုးအားမီးရှို့ခဲ့ရာမှ မီးလောင်ကျွမ်းခဲ့ခြင်းဖြစ်သည်ဟုသိရသည်။

အခင်းဖြစ်လျှင်ဖြစ်ချင်း ကျောက်ကြီးမြို့မရဲစခန်းမှ ဒုရဲအုပ်ညွန့်လင်းနှင့် အဖွဲ့သည် မီးသတ်ဦးစီးမှူး ဦးစောနောင်နှင့် မီးသတ်တပ်ဖွဲ့ဝင် ကိုးဦး၊ မီးသတ်ယာဉ်နှစ်စီးတို့ဖြင့် သွားရောက်မီးငြိမ်းသတ်ခဲ့ရာ ညနေ ၅နာရီခန့်တွင် မီးငြိမ်းသွားခဲ့သည်။

အမှုအား ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၄၃၆ အရ အရေးယူဆောင်ရွက်ထားကြောင်း သိရသည်။

**(၁၂၂)**



# တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် လက်မှတ်ရေးထိုးထားသည့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများ၏ ခေါင်းဆောင်များအစည်းအဝေး ထိုင်းနိုင်ငံ ချင်းမိုင်မြို့တွင် ကျင်းပ

**နေပြည်တော် ဇူလိုင် ၂၀**
တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA)ကို လက်မှတ်ရေးထိုးထားသည့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများ၏ ခေါင်းဆောင်များ အစည်းအဝေးကို ဇူလိုင် ၁၈ ရက်မှ ၂၀ ရက်အထိ ထိုင်းနိုင်ငံ ချင်းမိုင်မြို့တွင် ကျင်းပခဲ့သည်။

ယင်းအစည်းအဝေးမှ ထုတ်ပြန်ကြေညာချက်တစ်ရပ်ကို ယနေ့ရက်စွဲဖြင့် ထုတ်ပြန်လိုက်သည်။

အဆိုပါထုတ်ပြန်ချက်တွင် အစည်းအဝေးသို့ NCA လက်မှတ်ရေးထိုးထားသည့် အဖွဲ့အစည်း ရှစ်ဖွဲ့မှ ခေါင်းဆောင်များ၊ ကိုယ်စားလှယ်များ၊ အကြံပေးပုဂ္ဂိုလ်များ စုစုပေါင်း ၄၁ ဦး ပါဝင်တက်ရောက်ခဲ့ကြောင်း၊ ယခု NCA သည် လက်ရှိဖြစ်ပေါ်နေသော စစ်ရေးပဋိပက္ခများ ရပ်တန့်ရေးနှင့် အရင်းခံနိုင်ငံရေးပြဿနာများ ဖြေရှင်းရေးကို ဦးတည်မည့် နိုင်ငံရေးဆွေးနွေးပွဲများ ဖြစ်ထွန်းရေးအတွက် အစပျိုးမှုတစ်ခုအဖြစ် မှတ်ယူကြောင်း၊ သို့ဖြစ်၍ အခြေအနေအရပ်ရပ်ကြောင့် NCA ကို လက်မှတ်ရေးထိုးနိုင်ခြင်း မရှိသေးသည့် ဘဝတူတိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများအနေဖြင့် ငြိမ်းချမ်းရေးဖြစ်စဉ်တွင် ပါဝင်နိုင်ရေးကိုလည်း နည်းလမ်းရှာ ကြိုးပမ်းသွားမည်ဖြစ်ကြောင်း။

ယခုအစိုးရသစ်လက်ထက်တွင် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဦးဆောင်မှုဖြင့် ကျင်းပရန် ကြိုးပမ်းဆောင်ရွက်နေသည့် ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ-(၂၁)ရာစုပင်လုံသည် မိမိတို့ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများနှင့် ပြည်သူလူထုတစ်ရပ်လုံးလိုလားသည့် အမျိုးသားရင်ကြားစေ့ရေး၊ ပြည်တွင်းငြိမ်းချမ်းရေး၊ ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စုဖြစ်ပေါ်ရေးကို ရှေးရှုနိုင်လိမ့်မည်ဟု ယုံကြည်သည့်အပေါ် မိမိတို့အဖွဲ့အစည်းများက ပူးပေါင်းပါဝင်သွားကြမည်ဖြစ်ကြောင်း။

လတ်တလော လုပ်ငန်းစဉ်အနေဖြင့် ဇူလိုင် ၂၆ ရက်မှ ၂၉ ရက်အထိ ကျယ်ကျယ်ပြန့်ပြန့် ခေါ်ယူကျင်းပမည့် မိုင်ဂျာယန် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများ၏ မျက်နှာစုံညီအစည်းအဝေးတွင် မိမိတို့အဖွဲ့အစည်းများအနေဖြင့်လည်း ပါဝင်တက်ရောက်ကြမည်ဖြစ်ကြောင်း၊ ထို့ပြင် မိမိတို့အနေဖြင့် အရင်းခံနိုင်ငံရေးပြဿနာများကို ဖြေရှင်းနိုင်မည့် နိုင်ငံရေးဆွေးနွေးပွဲများမှတစ်ဆင့် ပြည်တွင်းငြိမ်းချမ်းရေးကိုတည်ဆောက်၍ ဖက်ဒရယ်ပြည်ထောင်စုထူထောင်ရေး သဘောတူညီချက်များ ရရှိသည်အထိ မဟာမိတ်တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများနှင့်လည်းကောင်း၊ နိုင်ငံရေးအင်အားစုများ၊ အစိုးရ၊ တပ်မတော်တို့နှင့်လည်းကောင်း ညှိနှိုင်းကြိုးပမ်း အကောင်အထည်ဖော်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဖော်ပြထားသည်။

**(ရဲခေါင်ညွှန့်)**

## ပဲခူးမြို့တွင် ၂၀၁၇ မော်တော်ယာဉ်အက်ဥပဒေအရ စတင်အရေးယူဆောင်ရွက်

**ပဲခူး ဇူလိုင် ၂၀**
ပဲခူးခရိုင် ပဲခူးမြို့တွင် ခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီးလှဦး၊ အမှတ်(၃)ယာဉ်ထိန်းရဲဒုတပ်ဖွဲ့ခွဲမှူး ရဲမှူးထိန်ဝင်းတို့ ဦးစီး၍ ဇူလိုင် ၂၀ ရက် နံနက် ၉ နာရီတွင် ၂၀၁၅ မော်တော်ယာဉ်အက်ဥပဒေအရ စတင်အရေးယူဆောင်ရွက်ခဲ့ကြသည်။

ယင်းအဖွဲ့တွင် ခရိုင်ရဲတပ်ဖွဲ့၊ မြို့နယ်ရဲတပ်ဖွဲ့၊ မြို့မရဲစခန်းမှူး၊ ကညနလုပ်ငန်းလိုင်စင်ရုံး၊ တိုင်းဒေသကြီး၊ ခရိုင်၊ မြို့နယ် ယာဉ်လုပ်ငန်းများကြီးကြပ်ရေးကော်မတီအဖွဲ့တို့မှ ပူးပေါင်းပါဝင်ဖမ်းဆီးခဲ့ကြသည်။

စတင်ဖမ်းဆီးချိန်တွင် ယာဉ်အစီးပေါင်း ၃၆ စီး ဖမ်းဆီးအရေးယူခဲ့ပြီး ဆက်လက်အရေးယူဆောင်ရွက်မည်ဖြစ်ကြောင်း သိရသည်။

**ဌေးနိုင်(ပဲခူး)**



## နိုင်ငံတကာစာရင်းစံ ကျင့်သုံးရေးဆိုင်ရာ ရှင်းလင်းဆွေးနွေး

**နေပြည်တော် ဇူလိုင် ၂၀**
ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး၏ ရက် ၁၀၀ စီမံချက်တွင် ပါဝင်သော လုပ်ငန်းစဉ်(၃)ဖြစ်သည့် အစိုးရကဏ္ဍ နိုင်ငံတကာစာရင်းစံ ကျင့်သုံးရေးဆိုင်ရာ ရှင်းလင်းဆွေးနွေးပွဲကို ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး အစည်းအဝေးခန်းမ၌ ဇူလိုင် ၁၈ ရက် နံနက် ၉ နာရီခွဲတွင် ကျင်းပသည်။**(အပေါ်ပုံ)**

အခမ်းအနားတွင် ပြည်ထောင်စုစာရင်းစစ်ချုပ်က အစိုးရကဏ္ဍ၏ ငွေကြေးစီမံခန့်ခွဲမှုခိုင်မာမှုရှိစေရေး၊ ပိုင်ဆိုင်ပစ္စည်းများကို ကောင်းမွန်ထိရောက်စွာ စီမံခန့်ခွဲအသုံးချနိုင်ရေး၊ ရင်းနှီးမြှုပ်နှံမှုတိုးချဲ့ဆောင်ရွက်နိုင်ရေးနှင့် ပြည်သူကြွေးမြီစီမံခန့်ခွဲမှုကို အထောက်အကူပြုစေရေးတွင် အစိုးရဌာနအဖွဲ့အစည်းများ၌ ပြုစုထိန်းသိမ်းသောစာရင်းများ မှန်ကန်တိကျပြည့်စုံမှုရှိခြင်းသည် လွန်စွာအရေးကြီးသည့်ကိစ္စရပ်တစ်ခုဖြစ်ပြီး နိုင်ငံတကာစာရင်းစံလိုက်နာကျင့်သုံးမှုကို တွန်းအားပေးအကောင်အထည်ဖော်ရန်လိုအပ်ကြောင်း၊ ယင်းသို့ အကောင်အထည်ဖော်ဆောင်ရွက်ခြင်းဖြင့် မိမိနိုင်ငံရှိ ပိုင်ဆိုင်မှု၊ ရရန်ရှိကြွေးမြီနှင့် ပြည်တွင်းပြည်ပကြွေးမြီပေးဆပ်ရန် တာဝန်ရှိမှုအခြေအနေတို့ကို စိစစ်သုံးသပ်နိုင်ရန်ရည်ရွယ်ကြောင်း၊ နိုင်ငံတကာစာရင်းစံအား လိုက်နာကျင့်သုံးအကောင်အထည်ဖော်ဆောင်ရွက်မည်ဆိုပါက လုပ်ငန်းစဉ်များကို တစ်ဆင့်ပြီးတစ်ဆင့် စီမံချက်တစ်ရပ်ရေးဆွဲ၍ ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ပထမအဆင့်အနေဖြင့် စာရင်းများတောင်းခံရယူစုစည်းမှုကို သက်ဆိုင်ရာအစိုးရဌာနအဖွဲ့အစည်းများမှ ပေါင်းစပ်ညှိနှိုင်းပေးမှုသည် အကောင်အထည်ဖော်ရာတွင် အကျိုးသက်ရောက်မှုမြန်ဆန်မည်ဖြစ်ကြောင်း ပြောကြားသည်။

ဆက်လက်၍ ဌာနအဖွဲ့အစည်းများအနေဖြင့် ပြုစုပေးပို့ရမည့် ၂၀၁၆ ခုနှစ် မတ် ၃၁ ရက်ရှိ ဘဏ္ဍာရေးအခြေအနေပြ ရှင်းတမ်းဇယားပုံစံ ဖြည့်စွက်မှုအပါအဝင် အစိုးရကဏ္ဍ နိုင်ငံတကာစာရင်းစံ ကျင့်သုံးရေးနှင့်စပ်လျဉ်းပြီး တာဝန်ရှိသူက ရှင်းလင်းပြောကြား၍ အမြဲတမ်းအတွင်းဝန်က လိုအပ်သည်များ ထပ်မံဖြည့်စွက်ရှင်းလင်းပြောကြားသည်။ ယင်းနောက် တက်ရောက်လာသည့် အစိုးရဌာနအဖွဲ့အစည်းများမှ မေးမြန်းချက်များကို တာဝန်ရှိသူများက ဖြည့်စွက်ရှင်းလင်းသည်။ ရှင်းလင်းဆွေးနွေးပွဲသို့ အစိုးရဌာန/အဖွဲ့အစည်း ၁၉၄ ခုမှ စုစုပေါင်းပုဂ္ဂိုလ် ၄၁၉ ဦး တက်ရောက်ကြကြောင်း သိရသည်။

**(သတင်းစဉ်)**

**○ ဗိုလ်ချုပ်အောင်ဆန်းဒိုင်းမှ**
ဆီမီးဖိုင်နယ်တက်ရောက်ရေးအတွက် နှစ်သင်းစလုံးအသုံးပြုခဲ့ပြီး ပထမပိုင်းတွင် မကွေးအသင်းက ပိုဖိကစားနိုင်ခဲ့သည်။ မကွေးအသင်းသည် တောင်ပံနှစ်ဖက်ကို အားပြုတိုက်စစ်ဆင်ခဲ့ပြီး ရှစ်မိနစ်တွင် ပြစ်ဒဏ်ဘောကို ဒီဂျမ်ခေါင်းတိုက်သွင်းရာ ဂိုးဝင်သော်လည်း လူကျွံဘောအဖြစ် သတ်မှတ်ခံရသလို ထူးထူးအောင်၏ အနီးကပ်ကန်သွင်းမှုကိုလည်း သီဟစည်သူကာကွယ်နိုင်ခဲ့သည်။ ရှမ်းယူနိုက်တက် ပြန်လည်တိုက်စစ်ဆင်သော်လည်း မကွေးနောက်တန်းကို မကျော်နိုင်ခဲ့ပေ။ ၄၂ မိနစ်တွင် မကွေးအသင်းဂိုးရခဲ့ပြီး သန်းဇော်ဟိန်းက သွင်းယူခဲ့သည်။ ဒုတိယပိုင်းတွင် ရှမ်းယူနိုက်တက်အသင်း ချေပဂိုးရရှိရန် ကစားသမားအပြောင်းအလဲပြုလုပ်ကာ တိုက်စစ်အားမြှင့်ခဲ့သည်။ ရှမ်းယူနိုက်တက်အသင်းသည် တိုက်စစ်အားနည်းသည့်အပြင် ပွဲအဖြေကို ပြောင်းလဲနိုင်သည့် ကစားသမားမရှိသောကြောင့် ချေပဂိုးနှင့် ဝေးခဲ့ရသည်။ မကွေးအသင်းသည် ဒုတိယပိုင်း၌ ဂိုးရနိုင်သည့် အခွင့်အရေးများ ရရှိခဲ့သော်လည်း ဆယ်လာနှင့် ထူးထူးအောင်တို့ အသုံးမချနိုင်ခဲ့သောကြောင့် ပထမပိုင်းတွင် ရရှိခဲ့သည့်ဂိုးဖြင့် မကွေးအသင်း အနိုင်ရရှိခဲ့ခြင်းဖြစ်သည်။

သုဝဏ္ဏကွင်း၌ ကျင်းပသောပွဲတွင် ဇွဲကပင်အသင်းက ရခိုင်အသင်းကို လေးဂိုး-တစ်ဂိုးဖြင့် အနိုင်ရခဲ့သည်။ ဇွဲကပင်အသင်းသည် ခြေအသာဖြင့် ကစားနိုင်ခဲ့ပြီး အနိုင်ဂိုးများကို ဒုတိယပိုင်းမှရရှိခဲ့ကာ ၅၂၊ ၆၄ မိနစ်တွင် ပတ်ထရစ်၊ ၇၆ မိနစ်တွင် တင်ဝင်းအောင်၊ ၉၃ မိနစ်တွင် စောစီးအိုင်တို့က သွင်းယူခဲ့သည်။ ရခိုင်အတွက် ချေပဂိုးတစ်ဂိုးကို မိနစ် ၈၀ တွင် ကာဇီက သွင်းယူခဲ့သည်။

ကွာတားဖိုင်နယ်ပွဲများအပြီးတွင် ဆီမီးဖိုင်နယ်ရောက် အသင်းလေးသင်း ထွက်ပေါ်လာပြီး ရန်ကုန်နှင့် ရတနာပုံ၊ မကွေးနှင့် ဇွဲကပင်အသင်းတို့ တွေ့ဆုံလျက်ရှိသည်။ ဆီမီးဖိုင်နယ်ပွဲစဉ်များကို နှစ်ကျော့စနစ်ဖြင့် ကျင်းပမည်ဖြစ်ပြီး ပထမအကျော့ကို ဇူလိုင် ၃၀၊ ၃၁ ရက်၊ ဒုတိယအကျော့ကို ဩဂုတ် ၁၀၊ ၁၁ ရက်တို့တွင် ကျင်းပမည်ဖြစ်သည်။

**သတင်းနှင့်ဓာတ်ပုံ- ရှိုင်းထက်ဇော်**

**❖မြန်မာအမျိုးသားမှ**
မြန်မာအမျိုးသား လေကြောင်းလိုင်း၏ ခရီးစဉ်များတွင် ပြေးဆွဲလျက်ရှိသည်။ လက်ရှိတွင် ဘိုးရင်းလေယာဉ်သစ် သုံးစင်း၊ ATR လေယာဉ်သစ် သုံးစင်း ရောက်ရှိနေပြီဖြစ်သည်။ လက်ရှိတွင် မြန်မာအမျိုးသားလေကြောင်းလိုင်းအနေဖြင့် အဆိုပါလေယာဉ်သစ်များဖြင့် ပြည်ပခရီးစဉ် သုံးခုဖြစ်သော ရန်ကုန်-စင်ကာပူ-ရန်ကုန်၊ ရန်ကုန်-ဟောင်ကောင်-ရန်ကုန်၊ ရန်ကုန်-ဗန်ကောက်-ရန်ကုန်ခရီးစဉ်များကို ပြေးဆွဲပေးလျက်ရှိပြီး ထပ်မံရောက်ရှိလာသည့် လေယာဉ်သစ်များဖြင့် ချင်းမိုင်၊ တိုင်ပေခရီးစဉ်တို့ကိုလည်း တိုးချဲ့ပြေးဆွဲသွားရန်ရှိသည်ဟု မြန်မာအမျိုးသားလေကြောင်းလိုင်းမှ သိရသည်။

နိုင်ငံပိုင်လေကြောင်းလိုင်းတစ်ခုဖြစ်သော မြန်မာအမျိုးသားလေကြောင်းလိုင်းတွင် ပျံသန်းပြေးဆွဲနေသည့် လေယာဉ်အမျိုးအစားများမှာ Boeing Next-Generation 737-800 (၂၀၁၅ ခုနှစ်တွင် ရောက်ရှိ)၊ Boeing 737 Max 8၊ Embraer 190၊ ATR၊ Caravan၊ Beech အမျိုးအစားတို့ဖြစ်သည်။ **(၀၀၁)**

**● ကျောဖုံးမှ**
ညနေ ၃ နာရီခွဲတွင် အုပ်စု(ကက)မှ ဆောက်လုပ်ရေးဝန်ကြီးဌာနအသင်းနှင့် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနအသင်းတို့သည် ဝဏ္ဏသိဒ္ဓိအားကစားကွင်း၌ ယှဉ်ပြိုင်ကစားကြရာ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနအသင်းမှ ၁၁ ဂိုး-နှစ်ဂိုးဖြင့်လည်းကောင်း၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနအသင်းနှင့် ပြန်ကြားရေးဝန်ကြီးဌာနအသင်းတို့သည် လေ့ကျင့်ရေးကွင်းအမှတ်(၃)၌ ယှဉ်ပြိုင်ကစားကြရာ တစ်ဖက်နှစ်ဂိုးစီ သရေပွဲရလဒ်ဖြင့်လည်းကောင်း ယှဉ်ပြိုင်ကစားခဲ့ကြသည်။

နေပြည်တော်ဝန်ကြီးဌာနပေါင်းစုံ အမျိုးသားဘောလုံးပြိုင်ပွဲ ဇူလိုင် ၂၁ ရက်ပွဲစဉ်များအဖြစ် ညနေ ၃ နာရီခွဲတွင် အုပ်စု(ခခ)မှ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာနအသင်းနှင့် စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနအသင်းတို့သည် လေ့ကျင့်ရေးကွင်းအမှတ်(၃)၌ လည်းကောင်း၊ ကာကွယ်ရေးဝန်ကြီးဌာနအသင်းနှင့် နယ်စပ်ရေးရာဝန်ကြီးဌာနအသင်းတို့သည် ဝဏ္ဏသိဒ္ဓိအားကစားကွင်း၌လည်းကောင်း ယှဉ်ပြိုင်ကစားကြမည်ဖြစ်ကြောင်း သိရသည်။

**(မောင်မောင်ဇော်)**

❑

## နေပြည်တော်ကောင်စီဥက္ကဋ္ဌဖလား ဘောလုံးပြိုင်ပွဲ ကျင်းပပြီးစီး

**နေပြည်တော် ဇူလိုင် ၂၀**
နေပြည်တော်ကောင်စီဥက္ကဋ္ဌဖလားဘောလုံးပြိုင်ပွဲ နောက်ဆုံးဗိုလ်လုပွဲကို ယနေ့ညနေ ၃ နာရီခွဲက ပျဉ်းမနားမြို့ ပေါင်းလောင်းပြည်သူ့အားကစားကွင်း၌ ကျင်းပရာ ဗိုလ်လုပွဲတွင် အနိုင်ရရှိသွားသော ပျဉ်းမနားမြို့နယ်ဘောလုံးအသင်းအား ဆုဖလားကို နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဒေါက်တာမျိုးအောင်က ပေးအပ်ချီးမြှင့်သည်။

ယင်းဘောလုံးပြိုင်ပွဲသို့ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ နေပြည်တော်ကောင်စီဝင်များဖြစ်သော ဗိုလ်မှူးကြီးမင်းနောင်၊ ဦးမင်းသူ၊ ဦးအေးမောင်စိန်၊ ဦးတင်ထွဋ်နှင့် ဌာနဆိုင်ရာအကြီးအကဲများ၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးစိုးသန်းအောင်နှင့် လွှတ်တော်ကိုယ်စားလှယ်များ၊ IKBZ အာမခံလုပ်ငန်းကုမ္ပဏီမှ အထွေထွေမန်နေဂျာ ဦးသန်းဇော်နှင့် ဘောလုံးဝါသနာရှင်များအားပေးကြည့်ရှုခဲ့ကြသည်။

ပြိုင်ပွဲကို နေပြည်တော်အတွင်းရှိ မြို့နယ်ရှစ်မြို့နယ်မှ ဘောလုံးအသင်းရှစ်သင်း ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြောင်း သိရသည်။ **(၀၀၇)**



# မိုးရွာသွန်းမှုနည်းပါးသော်လည်း တစ်မိုးနှစ်သီးစိုက်ပျိုးနိုင်ရေးအတွက် ဆည်မြောင်းဦးစီးဌာနမှ ဆောင်ရွက်မှုများတိုးမြှင့်

**ရွှေဘို ဇူလိုင် ၂၀**

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုခရိုင်ဒေသသည် မြေပြန့်လွင်ပြင်ဖြစ်နေသည့်အတွက် မိုးရွာသွန်းမှုနည်းပါးသော်လည်း တစ်မိုးနှစ်သီးစိုက်ပျိုးနိုင်ရေးအတွက် ဆည်မြောင်းဦးစီးဌာနမှ လုပ်ငန်းများ တိုးမြှင့်ဆောင်ရွက်လျက်ရှိကြောင်း ရွှေဘိုခရိုင်ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနမှ သိရသည်။

အဆိုပါ ရွှေဘိုဒေသသည် သဖန်းဆိပ်ဆည်ရေဖြင့် ၂၀၁၅-၂၀၁၆ ခုနှစ်တွင် နွေစပါး ဧကပေါင်း ၂၆၇၂၁၆ ဧက၊ နွေသီးနှံဖြစ်သော နှမ်းနှင့် ပဲတီစိမ်း ဧကပေါင်း ၉၃၁၄၈ ဧကတို့ စိုက်ပျိုးခဲ့ရာ အောင်မြင်ဖြစ်ထွန်းခဲ့၍ ရိတ်သိမ်းနေရာအားလုံးနီးပါး ပြီးစီးတော့မည်ဖြစ်သည်။

မိုးစပါးကို ဆက်လက်၍ စိုက်ပျိုးမည်ဖြစ်ရာ မိုးစပါးဧကပေါင်း ငါးသိန်းခန့်ကို သဖန်းဆိပ်ဆည်မှလာသော ဆည်ရေကို ကင်းတပ်ရေလွှဲဆည်မှ လယ်မြေဧက နှစ်သိန်းခန့်အတွက်လည်းကောင်း၊ ကာဘိုးရေလွှဲဆည်မှ လယ်မြေဧက သုံးသိန်းခန့်အတွက်လည်းကောင်း မိုးစပါးဧက ငါးသိန်းခန့် စိုက်ပျိုးနိုင်ရေးအတွက် ပျိုးထောင်ရေအဖြစ် သဖန်းဆိပ်ဆည်ရေကို စတင်ပေးဝေနေကြောင်း သိရသည်။



သဖန်းဆိပ်ဆည်မှရေကို ကာဘိုးရေလွှဲဆည်မှတစ်ဆင့် စိုက်ပျိုးရေ ပေးဝေနေစဉ်။

"ရွှေဘိုခရိုင်မှာ မိုးပြတ်နေတာ နှစ်ပတ်ကျော်သွားပါပြီ။ သဖန်းဆိပ်ဆည်မှာ ဇူလိုင် ၁၉ ရက် ရေလက်ကျန် ဧကပေ ၁၆ သိန်း ၁ သောင်း ၇ ထောင်ကျော်ရှိနေပါတယ်။ ဆည်မှ ရေအားလျှပ်စစ်ထုတ်ရင်း ၈၀၀၀ ကျူးဆက် လွှတ်ပေးနေပါတယ်။ အဲဒီကမှ ကင်းတပ်လက်ဝဲမြောင်း ၅၀၀ ကျူးဆက်၊ လက်ယာမြောင်း ၁၂၆၀ ကျူးဆက် လွှတ်ပေးပြီး ကာဘိုးဆည်အတွက် ၅၃၀၀ ကျူးဆက် ဆက်ချပေးထားပါတယ်။ ကာဘိုးဆည်က ရွှေဘိုမြောင်းမတော် ၂၇၈၀ ကျူးဆက်၊ ရေဦးမြောင်းမတော် ၁၂၃၀ ကျူးဆက်ကို မြောင်းခံနိုင်အားအလိုက် လွှတ်ပေးနေပါတယ်။

"အားလုံး တစ်ပြိုင်နက် စိုက်ပျိုးရေလိုနေတာဆိုတော့ လက်တံအလိုက်မြောင်းအဖျားတွေမှာ အခက်အခဲတွေ ရှိကောင်း ရှိနေမှာပါ။ ကျွန်တော်တို့အဖွဲ့တွေ တတ်နိုင်သလောက် စက်အား၊ လူအားနဲ့ ရေလမ်းသွားရှင်းတာတွေ လုပ်ပေးနေပါတယ်။ တောင်သူတွေကလည်း တတ်နိုင်သလောက် ဝိုင်းဝန်းပါဝင်ကြဖို့လိုအပ်ပါတယ်။ အခက်အခဲရှိနေသူများ နီးစပ်ရာဆိုင်းဘုတ်တွေမှာ ဖော်ပြထားတဲ့ တာဝန်ရှိ ဆည်မြောင်းဝန်ထမ်းတွေကို ဆက်သွယ်အကူအညီတောင်းခံနိုင်ပါတယ်"ဟု ရွှေဘိုခရိုင်ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးစောသက်ခိုင်ဝင်းက ပြောသည်။

"တူးမြောင်းလက်တံတွေရဲ့ စုစုပေါင်း အလျားဟာ မိုင် ၉၀၀ ကျော်ရှိတဲ့အတွက် ကျွန်တော်တို့ချည်းအခုလို မိုးပြတ်မိုးခေါင်နေချိန်မှာ မနိုင်ပါဘူး။ တောင်သူတွေကလည်း ဝိုင်းဝန်းပူးပေါင်းပါဝင်ကြရင် ရေမြန်မြန်အဆင်ပြေပြီး မိုးစပါး ဘေးကြား (ရွှေဘိုပေါ်ဆန်းမွှေး) မြန်မြန်ပျိုးထောင်နိုင်အောင် ဆည်မြောင်းဌာနက အလေးထား ဆောင်ရွက်နေပါတယ်"ဟု ၎င်းက ဆက်လက်ပြောကြားသည်။

**(ရောင်နီတင်ဝင်း)**

# ယာဉ်ထိန်းရဲတပ်ဖွဲ့နှင့် ပြည်သူများ ပူးပေါင်း၍ ယာဉ်ကြောပိတ်ဆို့မှုအား ပူးပေါင်းရှင်းလင်း

**ရန်ကုန် ဇူလိုင် ၂၀**

ရန်ကုန်မြောက်ပိုင်းခရိုင် အင်းစိန်မြို့နယ် ဖော့ကန်ရပ်ကွက် အောက်မင်္ဂလာဒုံလမ်းမကြီးတစ်လျှောက်၌ ယာဉ်ကြောကျပ်တည်းပြီး ယာဉ်တိုက်မှု မတော်တဆမှုဖြစ်ပွားနေသည့်အတွက် အင်းစိန်မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန မြို့နယ်အုပ်ချုပ်ရေးမှူး၏ စီစဉ်မှုဖြင့် ယာဉ်ထိန်းရဲတပ်ဖွဲ့ဝင်များ၊ စည်ပင်ဝန်ထမ်းများနှင့် ရပ်ကွက်ရှိ လူမှုရေးအသိစိတ်ဓာတ်ရှိသော ရပ်ကွက်ပြည်သူများ ပူးပေါင်း၍ ယာဉ်ကြောရှင်းလင်းခြင်းကို ဇူလိုင် ၁၈ ရက် နံနက်ပိုင်းမှစတင်ပြီး ညနေပိုင်းအထိ ဆောင်ရွက်ခဲ့ကြသည်။

ထိုသို့ ယာဉ်ကြောရှင်းလင်းရာတွင် အင်းစိန်မြို့နယ် အမှတ်(၆၉) ယာဉ်ထိန်းတပ်ဖွဲ့စုမှ ရဲအုပ်သန်းဌေးနှင့်အဖွဲ့၊ ရပ်ကွက်အုပ်ချုပ်ရေးမှူး ဦးဝင်းမြင့်နှင့် စည်ပင်ဝန်ထမ်းများ၊ ရပ်ကွက်နေပြည်သူများပူးပေါင်း၍ ယာဉ်ကြောကျပ်တည်းမှု၊ ယာဉ်ပိတ်ဆို့မှုတို့ကို ရှင်းလင်းပေးခဲ့သည်။ အောက်မင်္ဂလာဒုံ လမ်းမကြီးတစ်လျှောက်ရှိ ဈေးသည်များအား ယာဉ်သွားလမ်းပေါ်သို့ ဈေးရောင်းချခြင်းမပြုရန်နှင့် ယာဉ်သွားလမ်းအကျယ်အဝန်း၏ ဘေးဝဲ၊ ယာသို့ စနစ်တကျနောက်ဆုတ်ရောင်းချစေခြင်းဖြင့် ယာဉ်သွားလမ်းအကျယ်အဝန်းကို လွတ်လပ်စွာအသုံးပြုနိုင်ရန် စီစဉ်ဆောင်ရွက်ပေးခဲ့ကြောင်း၊ ခရီးသွားပြည်သူများအနေဖြင့်လည်း ယာဉ်အန္တရာယ်ကင်းရှင်းစွာ သွားလာနိုင်ရန် ကူညီဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**(၆၈၄)**



**ဒေါက်တာမြင့်သိန်း (B.V.S)**

# ပြည်သူများ ပူးပေါင်းပါဝင် ကူညီထိန်းသိမ်းသွားရမည့် လှော်ကားဥယျာဉ်မှ မျောက်များ

ရန်ကုန်မြို့မှ မိုင် ၂၀ ခန့် အကွာအဝေးရှိ ထောက်ကြန့်လမ်းဆုံအနီးမှ လှော်ကားဥယျာဉ်သည် သဘာဝတောရိုင်းတိရစ္ဆာန်ဥယျာဉ် တစ်ခုဖြစ်ပါသည်။ တောရိုင်းတိရစ္ဆာန်များကို မည်သည့်လှောင်ချိုင့်အတွင်းသို့မှ ထည့်သွင်းထားခြင်းမရှိဘဲ သဘာဝအတိုင်း လွတ်လပ်စွာထိန်းကျောင်းထားရှိပြီး ပြည်သူများအပန်းဖြေခြင်း၊ ဗဟုသုတနှင့် တောရိုင်းတိရစ္ဆာန်များကို ကာကွယ်စောင့်ရှောက်လိုသော အသိပညာများ တိုးတက်ရရှိလာစေရန် ရည်ရွယ်လျက် ၁၉၈၉ ခုနှစ် စက်တင်ဘာ ၃၀ ရက်မှစတင်၍ ပြည်သူများ လေ့လာနိုင်ရန် ဖွင့်လှစ်ခဲ့ပါသည်။

သဘာဝဥယျာဉ်အတွင်းတွင်ရှိသော တောရိုင်းတိရစ္ဆာန်များကိုလည်း အမျိုးအစားအလိုက်ခွဲခြား၍ ၎င်းတို့၏အလေ့အထ၊ မျိုးရိုးဗီဇတို့နှင့်ကိုက်ညီသော၊ အရည်အသွေးအပြည့်ရှိသော အစားအသောက်မျိုးစုံ ၁၅ မျိုးခန့်ကိုလည်း အချိန်နှင့်နေရာအလိုက် ဥယျာဉ်အတွင်း နေ့စဉ်မပျက်မကွက် ကျွေးမွေးလျက်ရှိပါသည်။

ထိုသို့ ကျွေးမွေးရာတွင်လည်း ဥယျာဉ်အတွင်းရှိ မျောက်၊ ဂျီ၊ တောဝက်၊ သမင်နှင့် ဆတ်များအပါအဝင် အခြားတိရစ္ဆာန်များ၏ ခန္ဓာကိုယ်အလေးချိန်နှင့် ၎င်းတို့ နေ့စဉ်လိုအပ်သော အာဟာရနှုန်းထားများ၊ စုစုပေါင်းကောင်ရေ အရေအတွက်တို့ကို သက်ဆိုင်ရာ တိရစ္ဆာန်ဆေးကုဆရာဝန်များကိုယ်တိုင် တွက်ချက်ကျွေးမွေးလျက်ရှိပြီး နေ့စဉ်နေ့တိုင်းလည်း တိရစ္ဆာန်ဆေးကုဆရာဝန်များနှင့်အတူ တာဝန်ရှိသူများက နေ့ညမပြတ် ကြည့်ရှုစောင့်ရှောက်လျက်ရှိပါသည်။

သို့သော် ဥယျာဉ်အတွင်းသို့ လာရောက်လည်ပတ်ကြသော မိဘပြည်သူများနှင့် ဥယျာဉ်ခြံစည်းရိုးပြင်ပမှနေ၍ အစာလာရောက်ကျွေးမွေးကြသူများ၏ တိရစ္ဆာန်များအပေါ် ချစ်မြတ်နိုးသည့်စိတ်ဓာတ်ကို ချီးကျူးလိုပါသော်လည်း မျောက်များအတွက်မှာမူ မူလကျွေးမွေးထားသည်ထက် ပိုမို၍ ကျွေးမွေးမှုများ၊ စနစ်မကျသော ကျွေးမွေးမှုများ၊ ကျွေးရန်မသင့်တော်သော ပြင်ပစားသောက်ဖွယ်ရာများနှင့် လူတို့စားသောက်သည့်စားသောက်ဖွယ်ရာမျိုးစုံတို့ကို ကျွေးမွေးမှုများကြောင့် ဥယျာဉ်ရှိမျောက်များမှာ မူလဓလေ့စရိုက်ဖြစ်သည့် တောအတွင်း နေထိုင်ရှာဖွေစားသောက်သည့် အလေ့အထများ ပျောက်ကွယ်ခဲ့ကြပါသည်။ အမြဲတစေ ခြံစည်းရိုးနားတွင် လာရောက်ကျွေးမွေးမှုများကြောင့် ပြင်ပအစားအသောက်များကို ကြိုက်နှစ်သက်လာခဲ့သော်ငြားလည်း လာရောက်ကျွေးမွေးသူများမှာ အမြဲတစေ လာရောက်နိုင်ရန် ခက်ခဲသည့်အခြေအနေများတွင် ၎င်းတို့ စောင့်ဆိုင်းရာ အနီးတစ်ဝိုက်မှ ဒေသခံများနှင့် အခြားဧည့်သည်များ သယ်ဆောင်လာသော စားသောက်ဖွယ်ရာများကို အကြမ်းဖက်ပြီး အုပ်စုလိုက်လုယူခြင်းများ ဖြစ်ပေါ်လာခဲ့ပါသည်။

ဥယျာဉ်အတွင်းရှိ တောရိုင်းတိရစ္ဆာန်များအနက် မျောက်စပ်များသည် အသိဉာဏ်မြင့်မားပြီး ပါးရည်နပ်ရည်အကောင်းဆုံးသော တိရစ္ဆာန်မျိုးစိတ်တစ်ခုဖြစ်ပါသည်။ ယခုအခါ ထိုမျောက်စပ်များမှာ ထိန်းချုပ်မှုကင်းမဲ့သော အစာကျွေးခြင်း များပြားလာခြင်းကြောင့် အလွန်အမင်းကောင်ရေများပြားလာခဲ့ပြီး ၎င်းတို့နှင့်အတူနေသော အခြားတိရစ္ဆာန်များဖြစ်သည့် ဆတ်များ၊ သမင်များ၊ ဂျီ၊ ဒရယ်၊ တောဝက်များနှင့် မြန်မာနိုင်ငံအတွက် အဖိုးတန်ပြီး တန်ဖိုးကြီးမား အလွန်ရှားပါးသော ဒေါင်းစိမ်းများ၏ ရေရှည်အသက်ရှင်သန်နိုင်ရေးနှင့် မျိုးဆက်ပြန့်ပွားနိုင်ရေးတို့ကိုပါ ခြိမ်းခြောက်လာနေပါသည်။ အခြားသော ခရုတုတ်များ၊ ဌာနေငှက်များနှင့် ရေပျော်ငှက်များ၏ မျိုးသုဉ်းပျောက်ကွယ်နိုင်မှုကိုပါ စိန်ခေါ်လျက်ရှိနေပြီဖြစ်ပါသည်။



လှော်ကားဥယျာဉ်မှ မျောက်စပ်များ ခြံစည်းရိုးပေါ် ခွထိုင်၍ ပြင်ပဧည့်သည်များကို စောင့်ဆိုင်းနေစဉ်။

တစ်နည်းဆိုရသော် လှော်ကားသဘာဝဥယျာဉ်၏ ဂေဟာစနစ်သည် မျောက်များကြောင့် ပျက်သုဉ်းလာရမည့်အရေးကို ယခုအခါမြင်တွေ့နေရပါသည်။ သဘာဝတောဥယျာဉ်ဖြစ်သည်နှင့်အညီ မျောက်များမှာ သဘာဝတောအတွင်း နေထိုင်ကျက်စားသွားလာရမည်ဖြစ်သော်လည်း လူတို့၏ပယောဂကြောင့် မျောက်များ၏ ပင်ကိုစရိုက်များ ပျက်ပြားလာကာ လူများနှင့်အနေနီးစပ်လာပြီး ပတ်ဝန်းကျင်အနီးတစ်ဝိုက်ရှိ ဒေသခံများအား ကြီးစွာအနှောင့်အယှက်ဖြစ်လာနေခဲ့ပါသည်။

အထက်တွင်ဖော်ပြထားသကဲ့သို့ သစ်တောတစ်ခု၏ ဂေဟာစနစ်ကောင်းမွန်စေရေးအတွက် ထိုတောအတွင်း နေထိုင်သည့် သတ္တဝါအပေါင်းတို့၏ကောင်ရေသည် မျှမျှတတရှိရန်လိုအပ်ပြီး ထိုသို့ မဟုတ်ခဲ့ပါက လှော်ကားဥယျာဉ်၏ဂေဟာစနစ်တစ်ခုလုံး ပျက်စီး သွားမည်သာဖြစ်ပါသည်။

သို့ဖြစ်၍ လှော်ကားဥယျာဉ် ရေရှည်တည်တံ့စေရေး၊ မျောက်များ ကောင်ရေအလွန်အမင်း မပွားများစေရေး၊ ကျန်ရှိသောတောရိုင်းတိရစ္ဆာန်များ မျိုးဆက်မပျက်သုဉ်းစေရေးအတွက် လှော်ကားဥယျာဉ်သို့လာရောက် လည်ပတ်ကြသူအပေါင်းတို့က ဥယျာဉ်မှ ပြဋ္ဌာန်းသတ်မှတ်ပေးထားသော ဆောင်ရန်၊ ရှောင်ရန်အချက်များကို အတိအကျလိုက်နာခြင်းဖြင့် ပူးပေါင်းပါဝင်မှုကို လိုအပ်လျက်ရှိပါသည်။

ပြည်သူလူထုမှ မျောက်များ၏ကိစ္စနှင့်ပတ်သက်၍ အကြံဉာဏ်ပေးမှုများကို လှော်ကားသဘာဝဥယျာဉ်မှ လေးစားတန်ဖိုးထားလျက် ရှိပါသဖြင့် ဥယျာဉ်အတွင်းရှိ အကြံပေးစာတိုက်ပုံးများ (Suggestion Boxes) အတွင်းသို့ အကြံဉာဏ်ပြုစာများကို ရေးသားထည့်သွင်းနိုင်ပါကြောင်းနှင့် လှော်ကားသဘာဝ ဥယျာဉ်အုပ်ချုပ်မှုရုံးသို့ တိုက်ရိုက်ဆက်သွယ်နိုင်သော Hotline Number (၀၉၇၃၀၆၂၉၉၉) သို့လည်း အကြံပြုပြောကြားခြင်းဖြင့် လှော်ကားဥယျာဉ် ရေရှည်တည်တံ့စေရေးနှင့် သဘာဝပတ်ဝန်းကျင်ဂေဟာစနစ် မပျက်စီးမဆုံးရှုံးစေရေးတို့အတွက် ပြည်သူအပေါင်းမှ ဝိုင်းဝန်းကူညီဆောင်ရွက်ပေးကြပါရန် မေတ္တာရပ်ခံပန်ကြားအပ်ပါသည်။ ။

# ကြုံရ ဆုံရ မြို့ပတ်ရထားစီးဒုက္ခ




**ရန်ကုန် ဇူလိုင် ၂၀**

ရန်ကုန်မြို့ပတ်ရထားများသည် ယခင်နှင့်မတူ တိုးတက်ပြောင်းလဲမှုများ ရှိလာသည့်အတွက် ရထားစီး ခရီးသည်များလည်း ယခင်ထက် များပြားလာပါသည်။ ရန်ကုန်မြို့၏ ယာဉ်ကြောပိတ်ဆို့မှု ဆိုးရွားလာသောကြောင့်လည်း ရထားကို ရွေးချယ်စီးနင်းလာခြင်းလည်း ဖြစ်ပါသည်။

မြို့ပတ်ရထား ခရီးစဉ်လမ်းကြောင်းသည် တစ်မြို့လုံးကို လွှမ်းခြုံဖြန့်ကြက်နိုင်မှုမရှိသော်လည်း ရထားလမ်းနှင့် မဝေးကွာသောသူများအတွက် ရထားစီးခြင်းကသာ သွားလာရေး ပိုမိုလွယ်ကူစေသောကြောင့်ပင် ဖြစ်ပါသည်။ သက်သောင့်သက်သာရှိပြီး အချိန်ကုန်သက်သာစေသည့်အပြင် ကုန်ကျစရိတ်လည်း ပိုမိုသက်သာသည်။ ရထားပို့ဆောင်ရေးစနစ်ကိုသာ ဝန်ဆောင်မှု၊ သန့်ရှင်းမှု၊ အချိန်မှန်မှုများဖြင့် အဆင့်မြှင့်တင်ပေးနိုင်ပါက ရန်ကုန်မြို့၏ ထိရောက်သော သယ်ယူပို့ဆောင်ရေးစနစ် ဖြစ်လာနိုင်ပါသည်။ သို့သော် ယခုလက်ရှိတွင်မူ နေ့စဉ်သွားလာနေသော မြို့ပြလူဦးရေထက်ဝက်ခန့်သည် ဘတ်စ်ကားလိုင်းများကိုသာ အားထားနေရပြီး မြို့ပတ်ရထားစီးခရီးသည်မှာ နေ့စဉ်ပျမ်းမျှ တစ်သိန်းပင် မပြည့်ပေ။

ရထားစီးခရီးသည် နည်းပါးနေရသော အဓိက အကြောင်းအရာများထဲတွင် သန့်ရှင်းမှုနှင့် ဝန်ဆောင်မှု အားနည်းခြင်းများလည်း ပါဝင်နေသေးသည်။ အခြေအနေတစ်ရပ်အရ လူတန်းစားတစ်ရပ်သာ အားထားစီးနင်းမှုရှိပြီး ယခုနောက်ပိုင်းတွင် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၏ ပြုပြင်ပြောင်းလဲမှုများကြောင့် လူလတ်တန်းစားများနှင့် ရုံးဝန်ထမ်းများ၊ ကျောင်းသား ကျောင်းသူများ ပိုမိုစီးနင်းလာသည်ကို တွေ့ရသည်။

ယခင် တွဲဟောင်းများနေရာတွင် တွဲသစ်များ အစားထိုးလာခြင်းနှင့် ဂျပန်နိုင်ငံတွင် အသုံးပြုပြီး RBE တွဲဆိုင်းများ ပြေးဆွဲလာသည့်အတွက် သန့်ရှင်းရေးပိုင်း ကောင်းမွန်လာသည်ဟု ဆိုနိုင်သော်လည်း လိုအပ်ချက်များက ရှိနေသေးသည်။ ခရီးသည်များ၏ စည်းကမ်းမဲ့မှုများရှိနေပြီး သက်ဆိုင်ရာ၏ ကြပ်မတ်အရေးယူနိုင်မှုတွင်လည်း အားလုံးကို လွှမ်းခြုံမဆောင်ရွက်နိုင်သည်ကို တွေ့ရသည်။ ရထားပေါ်တွင် အစားအသောက်များ စားခြင်း၊ ကွမ်းစား၊ ဆေးလိပ်သောက်ခြင်း၊ စည်းကမ်းမဲ့အမှိုက်ပစ်၊ ကွမ်းတံတွေးထွေးခြင်း၊ ရထားထိုင်ခုံများပေါ်တွင် အိပ်စက်ခြင်း၊ ထိုင်ခုံများကို ဖျက်ဆီးခြင်း စသည့် အပြုအမူများကို ယခင်ကအတိုင်းပင် တွေ့မြင်နေရဆဲပင်ဖြစ်သည်။ ကောင်းမွန်သော သယ်ယူပို့ဆောင်ရေးတစ်ရပ်ကို ပြည်သူလူထုကလည်း လိုလားနေပြီး ပြုပြင်ပြောင်းလဲရန်မှာလည်း ပြည်သူလူထုပါဝင်မှုသာ ရနိုင်မည်ဖြစ်သည်။ ကောင်းမွန်သော စနစ်တစ်ခုဖြစ်ရန် အစိုးရ၏ ထိရောက်သော လုပ်ဆောင်မှုများ လိုအပ်မည်ဖြစ်သလို လူထုပါဝင်လာရန်လည်း ပညာပေးနိုင်ရန် လိုအပ်ပါသည်။

ရထားကို အားထားမစီးရခြင်း၏ နောက်တစ်ချက်မှာလည်း အချိန်မှန်ကန်စွာ ဝန်ဆောင်မှုမပေးနိုင်သေးခြင်းကလည်း တစ်ခုအပါအဝင်ဖြစ်သည်။ ကားလမ်းခရီးစဉ်များကဲ့သို့ ယာဉ်ကြောပိတ်ဆို့မှုမရှိဘဲ ယာဉ်အန္တရာယ်ကင်းရှင်းသော်လည်း မိမိစီးနင်းသောရထား အချိန်မှန်ရောက်၍ အချိန်မှန်ဆိုက်ရောက်ရန် သေချာပေါက် တွက်ဆလို့မရနိုင်သည့် အခြေအနေ အကြောင်းအရာများက ရှိနေသေးသည်။

ယခုနောက်ပိုင်းတွင် ရထားအချိန်မှန်လာပြီး ယခင်ကကဲ့သို့ ရထားပျောက်ခြင်း (အခြေအနေ အကြောင်းအရာ တစ်ရပ်ရပ်ကြောင့် သတ်မှတ်ရထားခရီးစဉ်တစ်ခု ပြေးဆွဲမှုမရှိခြင်း) မရှိတော့သော်လည်း ရထားခရီးစဉ်တချို့တွင် အချိန်မှန်မှု အားနည်းခြင်း၊ တစ်ခါတစ်ရံ ရထားပျက်၍ ခရီးစဉ်ပြောင်းရခြင်းများက ရှိနေသေးသည့်အတွက် သေချာပေါက်ယုံကြည်၍မရသေးကြောင်း နေ့စဉ် မြို့ပတ်ရထားစီးခရီးသည်များက ပြောသည်။

မြန်မာ့မီးရထား "မမ" ဟု အတိုကောက်ဆိုသော်လည်း ခရီးသည်များကမူ "မရ" ဟုဆိုကာ လာနေတာမြင်ရတော့မှ ရထားဟု နောက်ပြောင်ခေါ်ဆိုနေမှုများကို ကြားရသည်။ ဆိုလိုသည်မှာ အချိန်နှင့်တစ်ပြေးညီ သွားလာလုပ်ကိုင်နေရသူများ ရထားကို အားထားစီးနင်းမှုမရှိသေးခြင်း ဖြစ်သည်။ အချိန်မှန် ဝန်ဆောင်မှုကို ပေးနိုင်ပြီး ရထားများ၊ ဘူတာများ၊ ထိုပတ်ဝန်းကျင်များ၏ သန့်ရှင်းမှုကို ကောင်းမွန်အောင် ဆောင်ရွက်နိုင်ပါက အားထားရသော သယ်ယူပို့ဆောင်ရေးစနစ် ဖြစ်လာနိုင်မည်ပင်ဖြစ်သည်။ ယင်းအပြင် ဇူလိုင် ၁၈ ရက်က မင်္ဂလာဒုံဘက်မှ အင်းစိန်၊ တညင်းကုန်း၊ လှော်ကားသို့ သွားမည့် မြို့ပတ်ရထားတစ်စင်း နံနက် ၆ နာရီခွဲကျော်က ရန်ကုန်ဘူတာကြီး မရောက်ခင်ပျက်သွားပါသည်။ အချိန်ကြာမြင့်သွားသည့်အတွက်ကြောင့် ခရီးသည်များ လမ်းဆင်းလျှောက်ကာ ခရီးထပ်ဆက်ခဲ့ရ၏။ အလားတူဖြစ်ရပ်မျိုး ယခင်ကလည်း ဖြစ်ပေါ်လျက်ရှိသည်ဟု ခရီးသည်များ၏ ညည်းတွားသံကို ကြားခဲ့ရသည်။ ရထားပျက်ခြင်း၊ ရထားအချိန်မမှန်ခြင်းသည် ရန်ကုန်ခရီးသွားတို့အတွက် အဆန်းမဟုတ်သော်လည်း လူထုဆန္ဒဖြင့် ရွေးချယ်နိုင်ခဲ့သော အစိုးရလက်ထက်တွင် လူထုဗဟိုပြု ဝန်ဆောင်မှုများသည် အရေးပါလာရပါမည်။ ရထားပျက်ရခြင်းအကြောင်း သို့မဟုတ် အခြေအနေ အဖြစ်မှန် အကြောင်းအရာများကို သတင်းထုတ်ပြန်ပေးခြင်းနှင့် အခက်အခဲဖြစ်သွားသော ခရီးသွားများအတွက် ဝန်ဆောင်မှုပေးခြင်းများ လုပ်သင့်ပါသည်။ အလားတူ ခရီးသည်များအနေဖြင့်လည်း စည်းကမ်းတကျဖြင့် စီးနင်းရန် လိုအပ်မည်ဖြစ်ပြီး မြို့ကြီးသား၊ နိုင်ငံကြီးသားပီသသော အပြုအမူများဖြင့် ပြုပြင်ပြောင်းလဲမှုများ ပြုလုပ်ရန် အချိန်တန်နေပြီဟုသာ. . . . . .။ **(ဆုနှင်းလဲ့)**

# ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ စွမ်းရည်မြှင့်တင်မှုဆွေးနွေး

**တောင်ကြီး ဇူလိုင် ၂၀**

ရှမ်းပြည်နယ်(တောင်ပိုင်း) တောင်ကြီးမြို့ မြို့တော်ခန်းမ၌ ဇူလိုင် ၁၆ ရက် နံနက်ပိုင်းက ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ စွမ်းရည်မြှင့်တင်မှု ဆွေးနွေးပွဲကျင်းပခဲ့ကြောင်း သိရသည်။

လွှတ်တော်အဆင့်ဆင့်တွင် ဥပဒေပြုရေးကိစ္စရပ်များကို မဏ္ဍိုင်ပြုပြီး အခြားဆက်စပ်သည့် ကိစ္စရေးရာအဖြာဖြာကို အသိပညာဖလှယ်ကြ၍ ဆွေးနွေးပွဲ ဖွင့်ရခြင်းဖြစ်ကြောင်း၊ ဆွေးနွေးပွဲတွင် ပြည်ထောင်စုလွှတ်တော်ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင် အဖွဲ့ဝင်များက ဆွေးနွေးသွားမည် ဖြစ်ကြောင်း၊ သက်ဆိုင်သည့် ပြည်နယ်အဆင့်ဌာနဆိုင်ရာများကလည်း ကဏ္ဍအလိုက် ပါဝင်ဆွေးနွေး ဖလှယ်ကြရန်နှင့် ဆွေးနွေးကြမည့် ခေါင်းစဉ်များမှာ ဥပဒေရေးရာကိစ္စရပ်များ၊ ရသုံးငွေစာရင်းရေးဆွဲခြင်းဆိုင်ရာကိစ္စရပ်များ၊ စီမံကိန်းရေးဆွဲခြင်းဆိုင်ရာကိစ္စရပ်များနှင့် အခွန်ဆိုင်ရာကိစ္စရပ်များဖြစ်ကြောင်း ရှမ်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ ဦးစိုင်းလုံးဆိုင်က ပြောသည်။

**မောင်မောင်သန်း(တောင်ကြီး)**

## ရွှေဈေး၊ စက်သုံးဆီဈေးနှင့် နိုင်ငံခြားငွေလဲလှယ်နှုန်း

**ရန်ကုန် ဇူလိုင် ၂၀**

ရန်ကုန်(ရွှေဈေး) ၈၃၄၀၀၀ - ၈၃၄၀၀၀  မန္တလေး(ရွှေဈေး) ၈၃၄၀၀၀ - ၈၃၄၀၀၀

| စက်သုံးဆီဈေးနှုန်း | | ရန်ကုန် | မန္တလေး |
|---|---|---|---|
| (က) ဒီဇယ် | တစ်လီတာ | ၅၅၀/၅၇၀ ကျပ်၊ | ၅၉၀ ကျပ် |
| (ခ) အောက်တိန်း 95 | တစ်လီတာ | ၆၅၀ ကျပ်၊ | ၇၇၀ ကျပ် |
| (ဂ) အောက်တိန်း 92 | တစ်လီတာ | ၅၆၀/၅၇၀ ကျပ်၊ | ၆၄၀ ကျပ် |
| (ဃ) အဆင့်မြင့်ဒီဇယ် | တစ်လီတာ | ၅၈၀/၆၀၀ ကျပ်၊ | ၆၄၀ ကျပ် |

**ရန်ကုန် လက်ကားဈေး**

ဒီဇယ် တစ်လီတာ ၄၉၁ ကျပ်၊ အဆင့်မြင့်ဒီဇယ် တစ်လီတာ ၅၃၂ ကျပ်၊ အောက်တိန်း 92 တစ်လီတာ ၄၆၀ ကျပ်

**နိုင်ငံခြားငွေလဲလှယ်နှုန်း**

| | | | | |
|---|---|---|---|---|
| (က) | အမေရိကန် | တစ်ဒေါ်လာ | = | ၁၁၇၉. ၀ |
| (ခ) | ဥရောပ | တစ်ယူရို | = | ၁၂၉၈. ၇ |
| (ဂ) | တရုတ် | တစ်ယွမ် | = | ၁၇၆. ၀၇ |
| (ဃ) | ထိုင်း | တစ်ဘတ် | = | ၃၃. ၆၅၇ |
| (င) | မလေးရှား | တစ်ရင်းဂစ် | = | ၂၉၃. ၆၅ |
| (စ) | အိန္ဒိယ | တစ်ရူပီး | = | ၁၇. ၅၄၆ |
| (ဆ) | ဂျပန် | တစ်ရာယန်း | = | ၁၁၁၁. ၆ |
| (ဇ) | တောင်ကိုရီးယား | တစ်ရာဝမ် | = | ၁၀၃. ၂၂ |
| (ဈ) | သြစတြေးလျ | တစ်ဒေါ်လာ | = | ၈၈၄. ၆၄ |
| (ည) | စင်ကာပူ | တစ်ဒေါ်လာ | = | ၈၇၁. ၁၇ |

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**ဗဟိုဘဏ်သတ်မှတ်ရည်ညွှန်းနှုန်း**

## ဖတ်စရာ၊ မှတ်စရာ

# သစ်ပင်တွေကို လွယ်လွယ်မစိုက်စေလို

၂၀၁၆ ခုနှစ် ဇွန်လ ၁၀ ရက်ထုတ် ကြေးမုံသတင်းစာ စာမျက်နှာ(၇)ပါ ကျော်ရင်မြင့်၏ ဆောင်းပါးကို ထောက်ခံသောအားဖြင့် ကျော်ရင်မြင့်၏ ဆောင်းပါးခေါင်းစီးကို အသုံးပြုပါရစေ။

အထက်ပါ ဆောင်းပါးကို အနည်းငယ်ဖြည့်စွက်တင်ပြလိုပါသည်။

သစ်စေ့တိုင်းသည် ရေသောက်မြစ်တစ်ခုထဲကို တစ်ကြိမ်တည်းသာ ပိုင်ဆိုင်ခွင့်ရှိသည်။

ရေသောက်မြစ်(TAP ROOT) သည် သစ်ပင်တစ်ပင်၏ အရေးအပါဆုံး အင်္ဂါရပ်တစ်ခုဖြစ်သည်။ ယင်းရေသောက်မြစ် ထိခိုက်ပျက်ယွင်းသွားပါက ၎င်းအပင်အတွက် အစားထိုးမရနိုင်သော ဆုံးရှုံးမှုဖြစ်သည်။

ရေသောက်မြစ်တို့သည် မြေထုအတွင်းသို့ ပေ ၃၀ ကျော်၊ ၄၀ အထိ ဆင်းနိုင်သည်။ သစ်ပင်များ အသုံးပြုနိုင်သော (WATER TABLE) ရေအစီခံတတ်ကို မြေမျက်နှာပြင်အောက် သုံးပေခွဲ၊ လေးပေတွင် တွေ့ရှိနိုင်သည်။ တစ်နည်းအားဖြင့် မြေအောက်အတော်နက်နက်တွင်ရှိသော ရေခံတတ်ရှိရာသို့ အရောက်ဆင်းနိုင်သည်။

ကလော-တောင်ကြီး ကားလမ်းမကြီးနံဘေးရှိ ကျောက်တုံးများကို ဖောက်ထွင်းပြီး ပေ ၂၀၊ ၂၅ပေ အနက်ထိရှည်သော ရေသောက်မြစ်များကို သတိထားကြည့်ပါက ရေသောက်မြစ်၏ အစွမ်းကို ခန့်မှန်းနိုင်မည်ဖြစ်သည်။

တစ်ချိန်တည်းမှာပင် လေပြင်းတိုက်၍လဲနေသော ကုက္ကိုလ်ပင်များကို ကြည့်ပါက အမြစ်ပြားချပ်ကြီးသာတွေ့ရပါမည်။ ရေသောက်မြစ်မပါပါ။ ထို့ကြောင့်လည်း လေဒဏ်၊ မိုးဒဏ်မခံနိုင်ဘဲ ပြိုလဲရခြင်းဖြစ်သည်။

ရှေးလူကြီးသူမများ ပြောကြားချက်အရ အင်္ဂလိပ်အစိုးရလက်ထက်တွင် ပျိုးအိတ်များဖြင့် ကုက္ကိုလ်ပင်များကို ပျိုးပြီး မိုးကာလများတွင် စိုက်စေခဲ့သည်။ ၎င်းအပြင် ပထမနွေ၊ ဒုတိယနွေကာလများတွင် ငွေပေး၍ ရေလောင်းစေခဲ့သည်။ ပျိုးအိတ်ဖြင့် ပျိုးထောင်လျှင် မကြာမီရေသောက်မြစ်သည် မြေထောက်သွားပါမည်။ ပြီးလျှင် ကွေးကောက်သွားမည်။

ကံကောင်းထောက်မ၍ အောက်တည့်တည့်ဆင်းပါကလည်း ပျိုးအိတ်နေရာရွှေ့သည်နှင့် ရေသောက်မြစ်ပြတ်သွားသည်။

ထိုအခါ ၎င်းအပင်သည် ရေသောက်မြစ် (TAP ROOT) အစားဘေးထွက်မြစ် (ADVENTITIOUS ROOTS) များကိုသာ အားကိုးရပါတော့သည်။ ဘေးထွက်မြစ်ဟုဆိုသည့်အတိုင်း အမြစ်များသည် မြေမျက်နှာပြင်အောက် ၁၈ လက်မမှ လက်မ ၂၀ ခန့်သာ ဆင်းနိုင်ပြီး ရေမရှာနိုင်တော့ပါ။ ၎င်းအပြင် လေဒဏ်ကိုပါ မခံနိုင်တော့သဖြင့် လေပြင်းနှင့် ကြုံသောအခါ အချပ်လိုက်ထောင်ပြီး လဲနေကြခြင်းဖြစ်သည်။

ထို့ကြောင့် ပျိုးအိတ်များဖြင့် ပျိုးထောင်ခြင်းသည် ကုန်ကျစရိတ်များပြီး အကျိုးရှိသင့်သလောက် မရှိနိုင်ပါ။ အထူးသဖြင့် ဆောင်းပါးရှင် ဖော်ပြခဲ့သည့်အတိုင်း ရေမှန်မှန်မလောင်းလျှင် ပထမနွေကို ကျော်နိုင်ရန်ပင်မလွယ်လှပါ။

ကုန်ကျစရိတ်သက်သာသော ဒုတိယနည်းမှာ အစေ့များကို တစ်ညရေစိမ်ကာ တစ်ပေခန့် နက်အောင်တူးပြီး မြေကြီးပြန်ဖြည့်ထားသော ကျင်းထဲတွင် တစ်ကျင်းကို သုံးစေ့ခန့်တိုက်ရိုက်ချစိုက်ခြင်းဖြင့် ရေသောက်မြစ်ပါသော အပင်များရနိုင်သည်။ ကျင်းတစ်ကျင်းတွင် ငုတ်တစ်ချောင်းစိုက်ပြီး နေရာမှတ်ထားနိုင်ပါသည်။

ဒုတိယနှစ်တွင် အကောင်းဆုံး၊ အကျန်းမာဆုံး၊ အသန်စွမ်းဆုံးတစ်ပင်ကို ချန်၍ ကျန်နှစ်ပင်ကို ပယ်သတ်ရပါမည်။ နွေရာသီ၏ အပူဆုံးရက်လများတွင် နှစ်ပတ် သို့မဟုတ် သုံးပတ်တစ်ကြိမ်ခန့် ရေလောင်းပေးလျှင် အပင်ရှင်သန်မှုအာမခံချက်ပိုရှိပါမည်။

နောက်တစ်နည်းလည်း ရှိပါသေးသည်။ ၎င်းနည်းမှာ ခုအပင်စိုက် ခုအသီးသီးဆိုသလို အရှင်မွေး၍ နေ့ချင်းကြီးသောနည်းဖြစ်သည်။

ကျွန်းပင်လိုအပင်မျိုးကိုပင် လေးငါးဆယ်နှစ်အတွင်း ခုတ်လှဲထုတ်လုပ်နိုင်သောနည်းဖြစ်သည်။ အသေးစိတ်သိလိုပါက ဘီဘီစီ ဦးဝင်းမြင့်၏ သစ်ပင်ကြီးများကို အမြစ်ကူပြီး ကိုင်းကူးနည်းများကို You Tube ဖွင့်ပြီး Winmyint winmyint (နှစ်လုံး)မှာ ကြည့်သင့်ပါသည်။

**(အောင်မြင့်)**

# ကျောက်ဖြူမြို့နယ်တွင် 2 × 10 MVA ဓာတ်အားခွဲစက်ရုံမှ ဓာတ်အားရရှိတော့မည်

**ကျောက်ဖြူ ဇူလိုင် ၂၀**

ရခိုင်ပြည်နယ် ကျောက်ဖြူခရိုင် ကျောက်ဖြူမြို့နယ်တွင် ၂၀၁၆-၂၀၁၇ ခုနှစ်အတွင်း ရက် ၁၀၀ စီမံချက်အနေဖြင့် SEZ-66/ 11KV (2×10MVA) ဓာတ်အားခွဲရုံမှ ယခုနှစ် ဇူလိုင်လအတွင်းတွင် ဓာတ်အားပို့လွှတ်ပေးသွားမည်ဟု ခရိုင်လျှပ်စစ်အင်ဂျင်နီယာမှူး ဦးမင်းဗညားအောင်ဆန်းလင်း၏ ပြောပြချက်အရ သိရသည်။

ခရိုင်လျှပ်စစ်နှင့် မြို့နယ်လျှပ်စစ်ပူးပေါင်း၍ လျှပ်စစ်ရရှိပြီး ဖြစ်သော မြို့ပေါ်ရပ်ကွက်များအပါအဝင် ကျေးရွာအုပ်စု ၁၀ အုပ်စုသို့ ဇူလိုင်လ ဒုတိယပတ်တွင် သွားရောက်ခဲ့၍ လျှပ်စစ်အန္တရာယ်ကင်းရှင်းရေးနှင့် အသိပညာပေးလူထုဟောပြောပွဲများပြုလုပ်ပေးခဲ့ပြီး လျှပ်စစ်အန္တရာယ်ကင်းရှင်းရေးအတွက် လက်ကမ်းစာစောင်များဖြန့်ဝေပေးကာ ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်တွင် ကျေးရွာများထပ်မံပြီး မီးလင်းနိုင်မှုအခြေအနေများကို လူထုထံသို့ ရှင်းလင်းပြောကြားခဲ့ကြောင်း သိရသည်။ **(၅၂၂)**

# ဒေါ်နယ်လ်ထရန့် ရီပတ်ဘလီကန်ပါတီသမ္မတလောင်းဖြစ်ပြီ

**ကလိဗ်လန် ဇူလိုင် ၂၀**

အိမ်ခြံမြေလုပ်ငန်းရှင်သူဌေးကြီး ဒေါ်နယ်လ်ထရန့်သည် ရီပတ်ဘလီကန်ပါတီ၏ သမ္မတလောင်းတရားဝင်ဖြစ်လာခဲ့ပြီဖြစ်သည်။ ရီပတ်ဘလီကန်ပါတီညီလာခံတွင် ထောက်ခံကိုယ်စားလှယ်မဲများ ရေတွက်ပြီးနောက် ထရန့်သည် နိုဝင်ဘာရွေးကောက်ပွဲအတွက် သမ္မတလောင်းအဖြစ် ဝင်ရောက်ယှဉ်ပြိုင်နိုင်ရန် အာမခံချက် ရရှိသွားခဲ့ခြင်းဖြစ်သည်။

အိုဟိုင်ယိုပြည်နယ် ကလိဗ်လန်မြို့တွင် ပါတီခေါင်းဆောင်များက သမ္မတလောင်း အမည်စာရင်းအတွက် အင်္ဂါနေ့က ပြည်နယ်တစ်ခုချင်းအလိုက် ရွေးချယ်ကျင်းပခဲ့ပြီး ထရန့်က ကိုယ်စားလှယ်ထောက်ခံမဲ ၇၀ ရာခိုင်နှုန်းနီးပါး ရရှိခဲ့သည်။

အောက်လွှတ်တော်ဥက္ကဋ္ဌ ပေါလ်ရိုင်ယန်က ပါတီသမ္မတလောင်းအဖြစ် ထရန့်ရွေးချယ်ခံရကြောင်း ပြောကြားသည်။ အင်ဒီယားနားပြည်နယ် အုပ်ချုပ်ရေးမှူး မိုက်ပန့်စ်ကိုလည်း ထရန့်နှင့်တွဲဖက်၍ ဒုတိယသမ္မတလောင်းအဖြစ် တရားဝင်အတည်ပြုရွေးချယ်ခဲ့ကြသည်။

"သမ္မတလောင်းအဖြစ် ရွေးချယ်ခံရတဲ့အတွက် ကျွန်တော်ဂုဏ်ယူပါတယ်။ ကျွန်တော်တို့ဟာ ရွေးကောက်ပွဲမှာ အနိုင်ရရှိတော့မှာပါ။ ပြောင်းလဲမှုတွေကို အမှန်တကယ် ဖော်ဆောင်နိုင်မှာဖြစ်သလို အမေရိကန်နိုင်ငံရဲ့ ဦးဆောင်မှုအခန်းကဏ္ဍ တစ်ကြော့ပြန်ရောက်ရှိလာတော့မှာဖြစ်ပါတယ်" ဟု ထရန့်က ပြောကြားသည်။



ရီပတ်ဘလီကန်ပါတီ ခေါင်းဆောင်များသည် ထရန့်၏"အမေရိကကို ပြန်လည်ရှင်သန်အောင် လုပ်ကြစို့" ဟူသည့် မဲဆွယ်စည်းရုံးရေးဆောင်ပုဒ်နောက်တွင် ရပ်တည်သွားကြရတော့မည်ဖြစ်သည်။ သို့သော် ပါတီတွင်း၌ ထရန့်ကို သမ္မတလောင်းအဖြစ် ရွေးချယ်ခြင်းနှင့်ပတ်သက်၍ သဘောထားကွဲလွဲမှုများ ရှိနေဆဲဖြစ်သည်။

ပါတီခေါင်းဆောင်များက ပါတီဝင်များအနေဖြင့် စည်းလုံးညီညွတ်ကြရန် တိုက်တွန်းခဲ့ပြီး ဒီမိုကရက်တစ်ပါတီမှ သမ္မတလောင်း ဖြစ်လာမည်ဟု မျှော်လင့်ရသည့် ဟီလာရီကလင်တန်ကို ယှဉ်ပြိုင်ရေး အာရုံစိုက်ရန် တောင်းဆိုခဲ့ကြသည်။

**အင်န်အိတ်ချ်ကေ။**

# တောင်တရုတ်ပင်လယ်ပိုင်နက်နယ်မြေ အငြင်းပွားမှု တရုတ်အဆိုပြုချက် ဖိလစ်ပိုင်ပယ်ချ

**မနီလာ ဇူလိုင် ၂၀**

တောင်တရုတ်ပင်လယ် ပိုင်နက်နယ်မြေအငြင်းပွားမှုနှင့်ပတ်သက်၍ နှစ်ဦးနှစ်ဖက်ဆွေးနွေးကြရန် တရုတ်နိုင်ငံ၏ အဆိုပြုချက်ကို ဖိလစ်ပိုင်နိုင်ငံက ပယ်ချလိုက်ကြောင်း ဒေသဆိုင်ရာသတင်းဌာနများက ဇူလိုင် ၂၀ ရက်တွင် သတင်းထုတ်ပြန်သည်။



ဖိလစ်ပိုင်နိုင်ငံခြားရေးဝန်ကြီး ပါဖက်တိုယာဆေး။

တောင်တရုတ် ပင်လယ်ပြင်အတွင်းရှိ နယ်မြေအများစုကို သမိုင်းကြောင်းအရ တောင်းဆိုပိုင်ခွင့်ရှိသည်ဆိုသော တရုတ်နိုင်ငံ၏ ပြောကြားချက်သည် ဥပဒေနှင့်ညီညွတ်မှုမရှိဟု နယ်သာလန်နိုင်ငံ သည်ဟိဂ်မြို့ရှိ နိုင်ငံတကာ အနုညာတခုံရုံးက ဆုံးဖြတ်ခဲ့ပြီးနောက် တရုတ်နိုင်ငံက နှစ်ဦးနှစ်ဖက် ဆွေးနွေးဖြေရှင်းရန် အဆိုပြုခဲ့ခြင်းဖြစ်သည်။

နှစ်ဦးနှစ်ဖက် ဆွေးနွေးမည်ဖြစ်သော်လည်း အနုညာတခုံရုံး၏ စီရင်ဆုံးဖြတ်ချက်နှင့် ပတ်သက်၍ ဆွေးနွေးခြင်းမပြုရန် တရုတ်နိုင်ငံက ကြိုတင်စည်းကမ်းချက်သတ်မှတ်ထားသည်။

ပြီးခဲ့သည့် ရက်သတ္တပတ်ကုန်က မွန်ဂိုလီးယားနိုင်ငံ၌ ကျင်းပသော အာရှ-ဥရောပခေါင်းဆောင်များ၏ ထိပ်သီးအစည်းအဝေးကျင်းပစဉ်ကာလအတွင်း ဖိလစ်ပိုင်နိုင်ငံခြားရေးဝန်ကြီး ပါဖက်တိုယာဆေးသည် တရုတ်နိုင်ငံခြားရေးဝန်ကြီး ဝမ်ယီနှင့် တွေ့ဆုံဆွေးနွေးခဲ့သည်။

အနုညာတခုံရုံး၏ ဆုံးဖြတ်ချက်ကို တရုတ်နိုင်ငံက ဒေါသတကြီး ပယ်ချခဲ့ပြီး တောင်တရုတ်ပင်လယ်တွင်း ယင်းနိုင်ငံကပိုင်ဆိုင်သည်ဟု ဆိုသော ကျွန်းစုများအပေါ် အချုပ်အခြာအာဏာပိုင်စိုးမှု ရှိစေရမည်ဆိုသော သဘောထားရပ်တည်ချက်မှ သွေဖည်မည်မဟုတ်ကြောင်း ပြောကြားခဲ့သည်။

**ရိုက်တာ။**

# ဗြိတိန်ရေတပ်အတွက် နျူလက်နက်စနစ်သစ် တပ်ဆင်နိုင်ရေး ပါလီမန်ခွင့်ပြုပေးပြီ

**လန်ဒန် ဇူလိုင် ၂၀**

ကမ္ဘာ့အလယ်တွင် အင်အားကြီးနိုင်ငံအဖြစ် ဆက်လက်ရပ်တည်နိုင်ရေးအတွက် ဗြိတိန်နိုင်ငံရေတပ်၏'ထရိုင်းဒန့်'(ခက်ရင်းခွလှံတံ) အမျိုးအစား ရေငုပ်သင်္ဘောများ၏ နျူကလီးယားလက်နက်စနစ်ဟောင်းနေရာတွင် လက်နက်စနစ်သစ်ဖြင့် အစားထိုးရန် ပါလီမန်က သဘောတူညီ ခွင့်ပြုပေးလိုက်ပြီးဖြစ်ကြောင်း ဒေသဆိုင်ရာ သတင်းဌာနများက ဇူလိုင် ၂၀ ရက်တွင် သတင်းထုတ်ပြန်သည်။


လွတ်လပ်ရေးလိုလားသော စကော့တလန် အမျိုးသားရေးပါတီနှင့် အတိုက်အခံ လေဘာပါတီတို့မှ အမတ်အချို့တို့က ကန့်ကွက်ခဲ့ကြလင့်ကစား စကော့တလန်အခြေစိုက် နျူကလီးယားလက်နက်တပ်ဆင်ထားသော ထရိုင်းဒန့် ရေငုပ်သင်္ဘောဟောင်းများ၏နေရာတွင် ရေငုပ်သင်္ဘော အသစ်များဖြင့် အစားထိုးရန် အစီအစဉ်နှင့်ပတ်သက်၍ ပါလီမန်က ထောက်ခံမဲ ၄၇၂ မဲ၊ ကန့်ကွက်မဲ ၁၁၇ မဲဖြင့် အတည်ပြုပေးခဲ့သည်။

ဝန်ကြီးချုပ်သစ် ထရီဇာမေအနေဖြင့် သူမ၏ပါတီ စည်းလုံးညီညွတ်မှု ပြန်လည်ရရှိရေးအတွက် ပါလီမန်၏ဆုံးဖြတ်ချက်ကို အသုံးချနိုင်မည်ဟု အတိုက်အခံ အမတ်အချို့က ပြောကြားသည်။

ဥရောပသမဂ္ဂ(အီးယူ)မှ ဗြိတိန်နိုင်ငံနုတ်ထွက်မှုကို အကြောင်းပြု၍ နိုင်ငံရေးအရ သဘောကွဲလွဲမှုများ ဖြစ်ပေါ်ခဲ့ပြီးနောက် ပါတီတွင်း စည်းလုံးညီညွတ်မှုကို ပြန်လည်တည်ဆောက်ရန် ထရီဇာမေက ကြိုးပမ်းလျက်ရှိသည်။

ဗြိတိန်နိုင်ငံ၏ ရေတပ်အတွက် နျူကလီးယားလက်နက်စနစ်သစ် တပ်ဆင်နိုင်သော ရေငုပ်သင်္ဘောလေးစင်းတည်ဆောက်ရန် ပါလီမန်၏ ခွင့်ပြုချက်အရ လမ်းပွင့်သွားပြီဖြစ်သည်။ **ရိုက်တာ။**

# မက္ကဆီကိုသမ္မတကတော် ပြည်သူ့ဘဏ္ဍာငွေအလွဲသုံးစားပြုမှုအတွက် သမ္မတတောင်းပန်



**မက္ကဆီကိုစီးတီး ဇူလိုင် ၂၀**

မက္ကဆီကိုသမ္မတကတော်က အစိုးရဘဏ္ဍာငွေကိုသုံးပြီး ဇိမ်ခံအိမ်ကြီးတစ်ဆောင် ဝယ်ခဲ့ခြင်းနှင့်ပတ်သက်၍ သမ္မတအန်ရစ် ပီနာနိုင်တိုက ပြည်သူလူထုအား တောင်းပန်စကားပြောကြားခဲ့ကြောင်း ဆင်ဟွာသတင်းတစ်ရပ်အရ သိရသည်။

ဇူလိုင် ၁၈ ရက်တွင် သမ္မတက မက္ကဆီကိုစီးတီးရှိ အမျိုးသားနန်းတော်တွင် ပြည်သူများအား သမ္မတကတော်အနေဖြင့် ပြည်သူ့ဘဏ္ဍာငွေကို အလွဲသုံးစားလုပ်ခြင်းနှင့် ပတ်သက်ပြီး တောင်းပန်စကားပြောကြားခဲ့သည်။

ယခုကဲ့သို့ အလွဲသုံးစားပြုလုပ်ခဲ့ခြင်းကြောင့် ၎င်း၏မိသားစု အရှက်ရသည့်အပြင် သမ္မတရုံးနှင့် အစိုးရအဖွဲ့တစ်ခုလုံးအနေဖြင့် ပြည်သူများ၏ယုံကြည်မှု ဆုံးရှုံးခဲ့ရကြောင်း သမ္မတက ဝန်ခံပြောကြားခဲ့သည်။

အမေရိကန်ဒေါ်လာ ခုနစ်သန်းတန်ဖိုးရှိ ဇိမ်ခံအိမ်ကြီးကို သမ္မတကတော် အိန်ဂျလီကာ ရီဗီရာက သမ္မတ၏ မိတ်ဆွေတစ်ဦးဖြစ်သူ ဂျူအမန်ဒို စီနိုဂျူဆာပိုင်ဆိုင်သော ကုမ္ပဏီတစ်ခုဖြစ်သည့် အစိုးရကန်ထရိုက် ဂရုပိုဟီဂါ၏ ဘဏ္ဍာငွေကိုအသုံးပြုပြီး ဝယ်ယူခဲ့ခြင်းဖြစ်သည်။

ကနဦးတွင် သမ္မတကတော်က ယူကျူဗ်ဒီယိုဝက်ဘ်ဆိုက်တစ်ခုတွင် အဆိုပါအိမ်ကြီးကို ၎င်းအနေဖြင့် ရုပ်ရှင်သရုပ်ဆောင်ဖြစ်ခဲ့စဉ်က ရရှိခဲ့သည့်ငွေဖြင့် ဝယ်ခဲ့ခြင်းဖြစ်သည်ဟု ပြည်သူများအား ရှင်းပြခဲ့သော်လည်း ပြည်သူများ၏ယုံကြည်မှုကို မရခဲ့ပေ။

ထို့ကြောင့် သမ္မတက ယင်းကိစ္စကို အမှန်ပေါ်ပေါက်စေရန် စုံစမ်းစစ်ဆေးရေးအဖွဲ့တစ်ရပ် ဖွဲ့စည်းခဲ့သည်။ ယင်းအဖွဲ့ဦးဆောင်သူအား သမ္မတက သူ့စိတ်ကြိုက် ရွေးချယ်ခန့်အပ်ထားသည်ဟု ပြည်သူများက စွပ်စွဲခဲ့သည်။

ဇူလိုင် ၁၈ ရက်က သမ္မတလက်မှတ်ထိုး အတည်ပြုပြဋ္ဌာန်းခဲ့သည့် အကျင့်ပျက်ခြစားမှု တိုက်ဖျက်ရေးဥပဒေ ထွက်ပေါ်လာခဲ့ပြီးနောက် စုံစမ်းစစ်ဆေးရေးအဖွဲ့ဦးဆောင်သူ ဗီဂီလီရို အန်ဒရိတ်သည် အဆိုပါအဖွဲ့မှ နုတ်ထွက်သွားခဲ့သည်။

ယင်းဥပဒေတွင် အစိုးရဝန်ထမ်းများ၏ အခွန်ပေးဆောင်မှု အချက်အလက်များ၊ ပိုင်ဆိုင်မှုပမာဏနှင့် ဖြစ်နိုင်စွမ်းသော အကျိုးစီးပွားဝိရောဓိများကို ထုတ်ဖော်ကြေညာရမည်ဟု ပါရှိသည်။ **ဆင်ဟွာ။**

# အိန္ဒိယနိုင်ငံအရှေ့ပိုင်း ဘီဟာပြည်နယ်တွင် သောင်းကျန်းသူများတိုက်ခိုက် လုံခြုံရေးတပ်ဖွဲ့ဝင် ၁၀ ဦးသေဆုံး

**နယူးဒေလီ ဇူလိုင် ၂၀**

အိန္ဒိယနိုင်ငံအရှေ့ပိုင်းဘီဟာပြည်နယ်တွင် မော်ဝါဒီသူပုန်များ၏ ဖောက်ခွဲတိုက်ခိုက်မှုကြောင့် အိန္ဒိယစစ်ရဲတပ်ဖွဲ့ဝင် ၁၀ ဦးသေဆုံးပြီး ငါးဦး ဒဏ်ရာရရှိကြောင်း ဒေသဆိုင်ရာသတင်းများ၌ ဖော်ပြသည်။

ဖောက်ခွဲတိုက်ခိုက်မှုအပြီး မကြာမီတွင် အိန္ဒိယလုံခြုံရေးတပ်ဖွဲ့ဝင်များနှင့် မော်ဝါဒီသူပုန်များ သေနတ်များဖြင့် အပြန်အလှန်ပစ်ခတ်မှု ဖြစ်ပွားခဲ့သည်။ တိုက်ပွဲဖြစ်ပွားရာနေရာတွင် သေဆုံးနေသည့် မော်ဝါဒီသူပုန်သုံးဦး၏ ရုပ်အလောင်းများကို ရှာဖွေတွေ့ရှိရကြောင်း ယင်းစစ်ရေးတိုက်ခိုက်မှုအား ကြီးကြပ်ရသူ ပြည်နယ်အထက်တန်းရဲအရာရှိ ကွန်ဒန်ခရစ်ရှ်နန်က ပြောကြားသည်။

ဗဟိုအရန်ရဲတပ်ဖွဲ့မှ ကွန်မန်ဒိုတပ်ဖွဲ့ဝင်များအား မော်ဝါဒီများက မြေမြှုပ်မိုင်းများ ခင်းကျင်းထားသည့် မြေနိမ့်ဒေသများနှင့် သစ်တောများအတွင်းသို့ မျှားခေါ်သွားရာမှ ပေါက်ကွဲမှုများ အစီအရီဖြစ်ပွားခဲ့ပြီး ၎င်းတို့သေဆုံးရကြောင်း ဒေသတွင်းသတင်းများ၌ ဖော်ပြသည်။ **ကျိုဒို။**

# ဘင်္ဂလားဒေ့ရှ်ရဲတပ်ဖွဲ့က ပျောက်ဆုံးနေသော လူငယ်အကြမ်းဖက်သမားများကို ရှာဖွေနေ

**ဒါကာ ဇူလိုင် ၂၀**

ဘင်္ဂလားဒေ့ရှ်ရဲတပ်ဖွဲ့သည် လွန်ခဲ့သော တစ်နှစ်ခန့်ကပျောက်ဆုံးနေသော လူငယ် ၂၆၀ ခန့်ကို ရှာဖွေလျက်ရှိကြောင်း ရဲအရာရှိတစ်ဦးက ဇူလိုင် ၂၀ ရက်တွင် ပြောကြားသည်။ ယခုလအတွင်း ဖြစ်ပွားခဲ့သော အကြမ်းဖက်တိုက်ခိုက်မှုအပြီး အကြမ်းဖက်သမားများအား ထောက်လှမ်းရန် ယခုကဲ့သို့ဆောင်ရွက်ခြင်းဖြစ်ကြောင်း သိရသည်။

ဇူလိုင် ၁ ရက်တွင်ဖြစ်ပွားခဲ့သော ကော်ဖီဆိုင်အကြမ်းဖက်မှုအတွင်း လူငယ်ငါးဦးက နိုင်ငံခြားသားအများစုပါဝင်သော ဧည့်သည် ၂၂ ဦးကို အကြမ်းဖက်သတ်ဖြတ်ခဲ့သည်။ ၎င်းအကြမ်းဖက်သမားများထဲမှ သုံးဦးမှာ ဒါကာမြို့ရှိ ချမ်းသာသောမိသားစုများမှဖြစ်ပြီး အိမ်နှင့် အဆက်အသွယ်ပြတ်နေသူများဖြစ်သည်။ တာဝန်ရှိသူများက အဆိုပါ တိုက်ခိုက်မှုအတွက် ပြည်တွင်းရှိ အကြမ်းဖက်အုပ်စုများအား အပြစ်တင်ခဲ့ကြသော်လည်း လုံခြုံရေးအရာရှိများ၏အဆိုအရ တိုက်ခိုက်မှု၏နည်းစနစ်ပိုင်းမှာ ပြည်ပအကြမ်းဖက် အဖွဲ့အစည်းတစ်ရပ်မှ ပြုလုပ်ခြင်းဖြစ်နိုင်ကြောင်း ခန့်မှန်းကြသည်။ အကြမ်းဖက်မှုတိုက်ဖျက်ရေးရဲတပ်ရင်းမှ အရာရှိတစ်ဦးက ပျောက်ဆုံးနေသော လူငယ် ၂၆၀ ၏စာရင်းကို ၎င်းတို့၏မိသားစုဝင်များနှင့် ထောက်လှမ်းရေးသတင်းအရင်းအမြစ်များမှ ရရှိကြောင်းဆိုသည်။

အချို့ပျောက်ဆုံးနေသောလူငယ်များမှာ တပ်မတော်တွင် တာဝန်ထမ်းဆောင်ဆဲနှင့် အငြိမ်းစားအရာရှိများ၏ သားသမီးများ၊ အစိုးရအရာရှိများ၏ သားသမီးများနှင့် စီးပွားရေးလုပ်ငန်းရှင်များ၏ သားသမီးများပါဝင်ကြောင်း အဆိုပါရဲတပ်ရင်းမှ မီဒီယာဌာနအကြီးအကဲ မတ်တီမာမက်ခန်းက ရိုက်တာသတင်းဌာနသို့ ပြောကြားသည်။ ၎င်းတို့နှင့်ပတ်သက်သည့် သတင်းအချက်အလက်များအား စုံစမ်းဆဲဖြစ်ပြီး ပျောက်ဆုံးနေသော လူငယ်များစာရင်းမှာ ထပ်မံမြင့်တက်လာနိုင်ကြောင်း ခန့်မှန်းထားသည်။

**ရိုက်တာ။**

# နည်းပြဆန်းတိုစ်နှင့် ပေါ်တူဂီစာချုပ်သက်တမ်းတိုး



ပေါ်တူဂီနည်းပြ ဖာနန်ဒိုဆန်းတိုစ်မှာ ယူရို-၂၀၁၆ ပြိုင်ပွဲတွင် ပေါ်တူဂီအသင်းအား ချန်ပီယံဖြစ်လာစေရန် ဦးဆောင်မှုပေးနိုင်ခဲ့သဖြင့် ပေါ်တူဂီအသင်းဘောလုံးအဖွဲ့ချုပ်က ၎င်းအား လာမည့်ယူရို-၂၀၂၀ ပြိုင်ပွဲပြီးဆုံးသည်အထိ ဆက်ရှိစေမည့် စာချုပ်ကို သက်တမ်းထပ်မံတိုးမြင့်ခဲ့ကြောင်း သိရသည်။

ပေါ်တူဂီအသင်းသည် ပြိုင်ပွဲမတိုင်မီက ရေပန်းစားမှုအဆင့် အလယ်အလတ်အဆင့်သာရှိခဲ့သော်လည်း ဗိုလ်လုပွဲတွင် ရေပန်းစားမှုအဆင့်(၁)နေရာရှိ အိမ်ရှင်ပြင်သစ်အသင်းအား အချိန်ပိုတွင် သွင်းယူသော တစ်လုံးတည်းသော သွင်းဂိုးဖြင့် အနိုင်ယူကာ ချန်ပီယံအဖြစ် အောင်ပွဲခံနိုင်ခဲ့သည်။

ပေါ်တူဂီသည် ပြိုင်ပွဲအတွင်း ရှုံးပွဲမရှိခဲ့သော်လည်း ဝေလအသင်းအား နှစ်ဂိုးပြတ်ဖြင့် အနိုင်ရရှိခဲ့သည့် အကြိုဗိုလ်လုပွဲပွဲစဉ်တစ်ပွဲ၌သာ မိနစ် ၉၀ အတွင်း အနိုင်ရရှိခဲ့သည်။ ဆန်းတိုစ်သည် ၂၀၁၄ ကမ္ဘာ့ဖလား အုပ်စုအဆင့်မှပင် ထွက်ခွာခဲ့ရသည့် နည်းပြဟောင်း ဘင်တို၏နေရာတွင် အစားထိုး တာဝန်ယူခဲ့သူဖြစ်ပြီး နှစ်နှစ်အကြာတွင် ပေါ်တူဂီအား ဥရောပချန်ပီယံ ဖြစ်စေခဲ့သည်။

# ရှော်ကေးမှ ဆာနီထွက်ခွာမည်



အသက်(၂၀)နှစ်ရှိ ဆာနီအား ဥရောပကလပ်အသင်းကြီးမှ တောက်လျှောက် ချိတ်ဆက်နေပြီး ယခုနွေစျေးကွက်အတွင်းမှာပင် လက်ရှိကလပ် ရှော်ကေးမှ ထွက်ခွာရန်သေချာသည်ဟု ရှော်ကေးနည်းပြဟိုင်းဒယ်လ်က အတည်ပြုခဲ့သည်။ ဆာနီအား မန်စီးတီး၊ ဘိုင်ယန်မြူးနစ်စသည့် အသင်းကြီးများက ဆက်သွယ်နေကြပြီး ကစားသမားကိုယ်တိုင်ကမူ ဘိုင်ယန်သို့သာ ပြောင်းရွှေ့လိုနေကြောင်း သိရသည်။

မန်စီးတီးသည် ဆာနီအား အစောပိုင်းကာလကပင် ဆက်သွယ်ခဲ့ပြီး ရှော်ကေးဘက်မှ တောက်လျှောက်ပယ်ချခဲ့၍သာ အပြောင်းအရွှေ့မှာ ပျက်ပြယ်နေခဲ့ခြင်းဖြစ်သည်။ ယခုမူ ပြောင်းရွှေ့ကြေးယူရိုသန်း ၄၀ ဖြင့် မန်စီးတီးသို့ပြောင်းရွှေ့ရန် သေချာသွားခဲ့ပြီဖြစ်သည်။ ဆာနီသည် ပြီးခဲ့သည့်ဘောလုံးရာသီတွင် ခြေစွမ်းပြနိုင်ခဲ့ပြီးနောက် ယူရို-၂၀၁၆ ပြိုင်ပွဲဝင် ဂျာမနီအသင်းအတွက်ပါ ရွေးချယ်ခံခဲ့ရသည်။

# အာဆင်နယ်မှ ထွက်ခွာမည့် ဆေးလ်ဗား



အာဆင်နယ်ကစားသမား ဝယ်လင်တန်ဆေးလ်ဗားက ဘရာဇီးကလပ် ဖလူမင်နီးစ်အသင်းသို့ ပြန်လည်ပြောင်းရွှေ့တော့မည်ဖြစ်ကြောင်း အတည်ပြုခဲ့သည်။ ဆေးလ်ဗားသည် အာဆင်နယ်သို့ ၂၀၁၀ ခုနှစ်ကတည်းက ပြောင်းရွှေ့ခဲ့သော်လည်း ပြီးခဲ့သည့်ဘောလုံးရာသီအထိ အလုပ်လုပ်ခွင့် ခွင့်ပြုချက်မရရှိသဖြင့် လီဗန်တေး၊ အယ်လ်ကိုရာနို၊ မာစီယာ၊ အယ်လ်မာရီယာနှင့် ဘော်လ်တန်အသင်းတို့တွင်သာ အငှားစာချုပ်ဖြင့် ကစားနေခဲ့ရသည်။

ဘော်တန်အသင်းသို့ ပြောင်းရွှေ့ချိန်တွင် အလုပ်လုပ်ကိုင်ခွင့် ခွင့်ပြုချက်ရရှိခဲ့သော်လည်း ဆေးလ်ဗားက ဥရောပတွင် ဘောလုံးကစားချိန် အဆုံးသတ်သင့်ပြီဟု ဆုံးဖြတ်ကာ အသက် (၁၁) နှစ် အရွယ်ကတည်းက ကစားခဲ့သည့် အသင်းဟောင်း ဖလူမင်နီးစ်သို့ ပြောင်းရွှေ့ရန် ပြင်ဆင်ခဲ့ခြင်းဖြစ်သည်။ သို့သော် အာဆင်နယ်အသင်းမှ ထွက်ခွာမည့် ဆုံးဖြတ်ချက်ကို အလွယ်တကူ ချမှတ်နိုင်ခဲ့ခြင်းမဟုတ်ဘဲ ၁၀ ရက်တာကာလ စိတ်ရှုပ်ထွေးခဲ့ရကြောင်း မှတ်ချက်ချခဲ့သည်။

**မေလဲ့သင်း - စုစည်းသည်။**

# တိုင်းဒေသကြီးနှင့်ပြည်နယ် ဘော်လီဘောပြိုင်ပွဲများ ဆက်လက်ကျင်းပ

**နေပြည်တော် ဇူလိုင် ၂၀**

၂၀၁၆တိုင်းဒေသကြီးနှင့်ပြည်နယ် ဘော်လီဘောပြိုင်ပွဲများကို ဝဏ္ဏသိဒ္ဓိ Sports Complex ရှိ TC(1) ၌ ယနေ့ နံနက် ၈ နာရီမှစ၍ ယှဉ်ပြိုင်ကစားခဲ့သည်။

အမျိုးသားပွဲစဉ်များအဖြစ် စစ်ကိုင်းတိုင်းဒေသကြီးအသင်းနှင့် ကရင်ပြည်နယ်အသင်းတို့ ယှဉ်ပြိုင်ကစားကြရာ ကရင်ပြည်နယ်အသင်းက (၂၂-၂၅)၊ (၂၅-၂၂)၊ (၂၅-၂၃)၊(၂၃-၂၅)၊ (၆-၁၅) သုံးပွဲ နှစ်ပွဲဖြင့်လည်းကောင်း၊ ကချင်ပြည်နယ်အသင်းနှင့် တနင်္သာရီတိုင်းဒေသကြီးအသင်းတို့ ယှဉ်ပြိုင်ကစားကြရာ ကချင်ပြည်နယ်အသင်းက (၂၁-၂၅)၊ (၂၅-၁၈)၊ (၂၅-၁၉)၊ (၂၂-၂၅)၊ (၁၆-၁၄)သုံးပွဲ-နှစ်ပွဲဖြင့်လည်းကောင်း၊ ပဲခူးတိုင်းဒေသကြီးအသင်းနှင့် မွန်ပြည်နယ်အသင်းတို့ ယှဉ်ပြိုင်ကစားကြရာ ပဲခူးတိုင်းဒေသကြီးအသင်းက (၂၅-၁၆)၊ (၂၅-၁၆)၊ (၂၅-၂၃)မှတ် သုံးပွဲပြတ်ဖြင့်လည်းကောင်း အသီးသီးအနိုင်ရရှိသွားသည်။

ဆက်လက်၍ မွန်းလွဲပိုင်း အမျိုးသမီးပွဲစဉ်များအဖြစ် ကရင်ပြည်နယ်အသင်းနှင့် ကယားပြည်နယ်အသင်းတို့ ယှဉ်ပြိုင်ကစားကြရာ ကယားပြည်နယ်အသင်းက (၂၂-၂၅)၊ (၂၁-၂၅)၊ (၁၂-၂၅) သုံးပွဲပြတ်ဖြင့်လည်းကောင်း၊ မကွေးတိုင်းဒေသကြီးအသင်းနှင့် ကချင်ပြည်နယ်အသင်းတို့ ယှဉ်ပြိုင်ကစားကြရာ မကွေးတိုင်းဒေသကြီး အသင်းက (၂၅-၁၉)၊ (၂၆-၂၄)၊ (၂၅-၁၅) မှတ် သုံးပွဲပြတ်ဖြင့်လည်းကောင်း အသီးသီးအနိုင်ရရှိသွားသည်။

ဇူလိုင် ၂၁ ရက် နံနက် ၈ နာရီမှစတင်၍ ဝဏ္ဏသိဒ္ဓိ Sports Complex ရှိ TC(1) ၌ ကွာတားဖိုင်နယ် (အမျိုးသား/အမျိုးသမီး)ပွဲစဉ်များ ယှဉ်ပြိုင်ကစားကြမည်ဖြစ်ကြောင်း သိရသည်။

**(မောင်မောင်ဇော်)**

# ကစားသမားဘဝမှ အနားယူမည်မဟုတ်ဟု ဒမ်ဘာဘာဆို

ချယ်လ်ဆီးတိုက်စစ်မှူးဟောင်း ဒမ်ဘာဘာမှာ ခြေထောက်ကျိုးသွားခဲ့သော်လည်း ဒဏ်ရာမှ သက်သာလာခဲ့ပါက ဘောလုံးပြန်လည်ကစားဦးမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။ အသက်(၃၁)နှစ်အရွယ် ဒမ်ဘာဘာမှာ ရှန်ဟိုင်းရှန်ဟွာအသင်းတွင် ကစားနေသူဖြစ်ပြီး ရှန်ဟိုင်းရှန်ဟွာနှင့် ရှန်ဟိုင်းအက်စ်ပီဂျီစီအသင်းတို့ရင်ဆိုင်ခဲ့သည့် ဒါဘီပွဲစဉ်တွင် ခြေထောက်ကျိုးသွားခဲ့ရာ ကစားသမားဘဝမှ အနားယူရနိုင်သည်ဟူသော သတင်းများပင် ထွက်လာခဲ့သည်။

သို့သော် ဇူလိုင် ၁၈ ရက်တွင် ထွက်ပေါ်ခဲ့သည့် ဓာတ်မှန်စစ်ချက်အရ အနည်းဆုံး ရှစ်လခန့်အနားယူရမည်ဟုသာပါရှိပြီး ရှန်ဟွာအသင်းနည်းပြ မန်ဇာနိုကလည်း ဒမ်ဘာဘာအား အကောင်းဆုံးကုထုံးများဖြင့် ကုသပေးသွားမည်ဖြစ်ကြောင်း ကတိပြုခဲ့သည်။ ဒမ်ဘာဘာက ဒဏ်ရာပြင်းထန်သည်ကို သိရှိသော်လည်း ဘောလုံးပြန်လည်ကစားနိုင်မည်ဟု ယုံကြည်ကြောင်း၊ ဘင်အာဖာမှာလည်း အလားတူဒဏ်ရာပြဿနာမျိုးကြုံတွေ့ခဲ့ရပြီးနောက် ပိုမိုကောင်းမွန်သည့် ကစားသမားပင်ဖြစ်လာခဲ့ကြောင်း၊ ယခုအခါကုထုံးသစ်များ ပိုမိုဖွံ့ဖြိုးလာသဖြင့် အလျင်အမြန်ပြန်ကောင်းလာမည်ဟု မျှော်လင့်ကြောင်း ဆိုလိုက်သည်။

# လက်ရွေးစင်အသင်းတွင် နေရာပျောက်နိုင်ဟု တိုက်စစ်မှူးပယ်လီ သတိပေးခံရ



တိုက်စစ်မှူးပယ်လီအနေဖြင့် တရုတ်စူပါလိဂ်ကလပ်သို့ ပြောင်းရွှေ့ခြင်းက အီတလီလက်ရွေးစင်အသင်းတွင် ရရှိထားသည့် ပုံမှန်ပွဲထွက်ကစားခွင့်ပျောက်ဆုံးနိုင်သည်ဟု အီတလီနည်းပြသစ် ဗန်တူရာက သတိပေးစကားဆိုခဲ့သည်။ ပယ်လီသည် ယူရို-၂၀၁၆ ပြိုင်ပွဲအပြီးတွင် ပရီမီယာလိဂ်ကလပ် ဆောက်သမ်တန်မှ တရုတ်စူပါလိဂ်ရှန်ဒေါင်းလူနန်အသင်းသို့ ပြောင်းရွှေ့ရန်ဆုံးဖြတ်ခဲ့ပြီးနောက် ကမ္ဘာ့ကြေးအမြင့်ဆုံးပေးချေရသည့် ကစားသမားတစ်ဦးဖြစ်လာခဲ့သည်။

ပယ်လီသည် နည်းပြကွန်တီလက်ထက်တွင် အီတလီအသင်း၏ အဓိကတိုက်စစ်မှူး တစ်ဦးဖြစ်ကာ ဘယ်လ်ဂျီယံနှင့် စပိန်တို့အားနှစ်ဂိုးပြတ်ဖြင့် အနိုင်ရရှိခဲ့သည့် ပွဲစဉ်များတွင်လည်းဂိုးသွင်းယူနိုင်ခဲ့သည်။

“ကစားသမားတစ်ဦးဟာ သူသွားချင်တဲ့ လိဂ်ကိုပြောင်းလို့ရပါတယ်။ တရုတ်ကိုသွားကြတဲ့ကစားသမားတွေရဲ့ ၅၀ ရာခိုင်နှုန်းဟာ လစာကိုမက်မောပြီး ပြောင်းရွှေ့သွားကြတာပါ။ ဒီယာမန်တီဆိုလည်း အရည်အသွေးရှိတဲ့ကစားသမားဖြစ်ပေမယ့် တရုတ်ကို ပြောင်းရွှေ့သွားတာကြောင့် လက်ရွေးစင်အသင်းမှာ နေရာပျောက်ခဲ့ရပါတယ်။ လက်ရွေးစင်အသင်းမှာ ကစားသမား ၂၃ ဦးပဲ ရွေးရတာပါ။ ဒါကို ပယ်လီသတိထားသင့်ပါတယ်”ဟု ဗန်တူရာက ဇူလိုင် ၁၉ ရက် မီဒီယာများနှင့်တွေ့ဆုံစဉ် ထည့်သွင်းပြောကြားခဲ့သည်။

အီတလီအသင်းတွင် နည်းပြအပြောင်းအလဲ ဖြစ်ပေါ်ခဲ့သော်လည်း နည်းပြဟောင်းကွန်တီအသုံးပြုခဲ့သည့် ၃-၅-၂ ကစားကွက်ကိုပင် ဆက်လက်အခြေတည် အသုံးပြုမည်ဖြစ်ကြောင်းလည်း ဗန်တူရာက အရိပ်အမြွက်ဆိုခဲ့သည်။ ယူရို-၂၀၁၆ပြိုင်ပွဲတွင် အီတလီအသင်းမှာ ဂျာမနီအား ပင်နယ်တီအဆုံးအဖြတ်ဖြင့်သာ အရေးနိမ့်ခဲ့ပြီး ပြိုင်ပွဲမှထွက်ခွာရခြင်းမှာ ကံမကောင်း၍ဖြစ်ပြီး ယင်းပြိုင်ပွဲဝင်ကစားသမားများ၏ စိတ်ဓာတ်နှင့်နည်းဗျူဟာမှာ ၂၀၀၆ ကမ္ဘာ့ဖလားချန်ပီယံ အီတလီအသင်းနှင့်ပင် ထပ်တူကျကြောင်းလည်း ဗန်တူရာက ချီးကျူးခဲ့သည်။

# မြောင်းမြမြို့နယ် ကျောင်းပြင်ပမူလတန်းပညာရေး (NFPE)လုပ်ငန်းညှိနှိုင်းဆွေးနွေး

**မြောင်းမြ ဇူလိုင် ၂၀**

၂၀၁၆-၂၀၁၇ ပညာသင်နှစ် မြောင်းမြမြို့နယ် ကျောင်းပြင်ပ ပညာရေးလုပ်ငန်း (NFPE) လုပ်ငန်းညှိနှိုင်းဆွေးနွေးပွဲကို ဇူလိုင် ၁၈ ရက် နံနက် ၁၀ နာရီက မြောင်းမြမြို့ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားသို့ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးအောင်ကျော်ဇေယျ၊ ဧရာဝတီတိုင်းဒေသကြီး (NFPE) ကြီးကြပ်ရေးမှူး ဆရာဦးကျင်စိုး၊ မြို့နယ်ပညာရေးမှူး ဒေါ်မြင့်မြင့်စိန်၊ မြို့နယ်လုပ်ငန်းဆက်သွယ်ရေးမှူး ဦးမြင့်အေး၊ မြို့နယ်ကြီးကြပ်ရေးမှူးများနှင့် အခြေစိုက်စခန်းခြောက်ခုမှ ကြီးကြပ်ရေးကော်မတီဝင်များ တက်ရောက်ကြသည်။

မြို့နယ်အုပ်ချုပ်ရေးမှူး ဦးအောင်ဇေယျက အမှာစကားပြောကြားပြီး ကျောင်းပြင်ပ မူလတန်းပညာသင်ကြားရေး ဧရာဝတီတိုင်းဒေသကြီး(ကြီးကြပ်ရေးမှူး) ဆရာဦးကျင်စိုးက ယခုနှစ် (NFPE) နှင့် ပတ်သက်၍ တစ်နိုင်ငံလုံးအကောင်အထည်ဖော်ဆောင်ရွက်နေမှု အခြေအနေနှင့် ဧရာဝတီတိုင်းဒေသကြီးအတွင်း ဆောင်ရွက်မှုအခြေအနေတို့ကို ရှင်းလင်းဆွေးနွေးသည်။

ယင်းနောက် မြို့နယ်ပညာရေးမှူးက မြောင်းမြမြို့နယ်အတွင်း (NFPE) ဆောင်ရွက်မှု အခြေအနေများနှင့် ပတ်သက်၍လည်းကောင်း၊ လုပ်ငန်းဆက်သွယ်ရေးမှူးက မြို့နယ်အတွင်း ဆောင်ရွက်ထားရှိမှု အခြေအနေများကိုလည်းကောင်း အသေးစိတ်ရှင်းလင်းဆွေးနွေးရာ တက်ရောက်လာသူများက သိရှိလိုသည်များကို ပြန်လည်တင်ပြဆွေးနွေးရာ တာဝန်ရှိသူများက ပြန်လည်ဖြေကြားသည်။

ယခုအခါ နိုင်ငံတော်မှ ကျောင်းပြင်ပ ပညာသင်ကြားရေး (NFPE)အား နိုင်ငံတွင် ၁၁၃ မြို့၊ မဲဆောက်နှင့် ရနောင်းအပါအဝင် ၁၁၅ မြို့တို့၌ ပြုလုပ်လျက်ရှိသည်။ ဧရာဝတီတိုင်းဒေသကြီးအတွင်း၌ ၂၂ မြို့နယ်ပြုလုပ်မည်ဖြစ်ပြီး မြောင်းမြမြို့နယ်တွင် ၂၀၁၆-၂၀၁၇ ပညာသင်နှစ် ကျောင်းပြင်ပ မူလတန်းပညာသင်ကြားရေးအား သင်ကြားရေးစခန်း ခြောက်ခုခွဲ၍ သင်ကြားပေးမည်ဖြစ်သည်။

အဆိုပါစခန်းများမှာ အ-ထ-က (ခွဲ) ငါးမြင်းချောင်း(လိပ်ကန်)၊ အ-လ-က (ခွဲ) မဲကျော်(နံကပ်)၊ အ-လ-က (ခွဲ) ရှမ်းချောင်း(ကျုံခရင်)၊ အ-လ-က(ခွဲ) ပြင်ပုံ(မိုးကြိုးပစ်)၊ အ-မ-က (ကျွန်းကြားကြီး၊ ကျွန်းကြားလေး)၊ အ-မ-က ပေပင် (ချမ်းသာကုန်း) တို့ဖြစ်ကြောင်း သိရသည်။

**ဇော်မင်းသွင် (မြောင်းမြ)**

# ရေချိုချောင်းအတွင်း ယာဉ်အန္တရာယ်ကင်းဝေးရေး ဆောင်ရွက်

**မလှိုင် ဇူလိုင် ၂၀**

မန္တလေးတိုင်းဒေသကြီး မလှိုင်မြို့နယ်ရဲတပ်ဖွဲ့ဝင်များသည် ရေချိုချောင်းအတွင်း ယာဉ်အန္တရာယ်ကင်းဝေးစေရန်အတွက် ပြည်သူ့ဝန်ဆောင်မှုလုပ်ငန်းများကို ဇူလိုင် ၁၈ ရက် နံနက်ပိုင်းမှစတင်၍ ဆောင်ရွက်ပေးလျက်ရှိကြောင်းသိရသည် ။

ရေချိုချောင်းသည် မလှိုင်မြို့နယ် ဆည်တိုရဲကင်းစခန်းအပိုင်ဖြစ်၍ မိတ္ထီလာ- မြင်းခြံသွား ကားလမ်းပေါ်ရှိ မိုင်တိုင်အမှတ် ၁၁/၃ နှင့် ၁၁/၄ ကြားရှိ ရေမပြတ်စီးဆင်းနေသော ချောင်းဖြစ်သည်။ ကားများသွားလာနိုင်ရန်အတွက် ချောင်းအတွင်း ကွန်ကရစ်ရေကျော်တစ်ခုကို ပြုလုပ်ပေးထားသည်။ မိုးရာသီတွင် ချောင်းအထက်ပိုင်းရှိ သင်ပုန်းဆည်မှ ရေများ လွှတ်ပေးထားမှုကြောင့် ယခုအခါ ချောင်းရေများလာပြီး မော်တော်ယာဉ်မောင်းနှင်သူများ ရေကျော်ပြုလုပ်ပေးထားသည့် ကွန်ကရစ်လမ်းကို မမြင်ရသဖြင့် လမ်းနယ် သိရှိနိုင်ရန် ရဲတပ်ဖွဲ့ဝင်များက လက်ပြတိုင်များ စိုက်ထူပေးခြင်း၊ ယာဉ်အန္တရာယ်ကင်းဝေးစေရန်အတွက် တာဝန်ကျ ရဲတပ်ဖွဲ့ဝင်များက လမ်းပြပေးခြင်းများကို ဇူလိုင် ၁၈ ရက်မှစတင်၍ ပြည်သူ့ဝန်ဆောင်မှုလုပ်ငန်းများကို ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

**အောင်ဌေး(မလှိုင်)**



# ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းနှင့် လူကုန်ကူးမှုအသိပညာပေး ဟောပြောပွဲ မယ်စဲ့မြို့နယ်၌ ကျင်းပ

**မယ်စဲ့ ဇူလိုင် ၂၀**

ကယားပြည်နယ် ဘောလခဲခရိုင် မယ်စဲ့မြို့နယ် အခြေခံပညာအထက်တန်းကျောင်း၌ ဇူလိုင် ၁၈ ရက် နံနက် ၉ နာရီက ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းနှင့် လူကုန်ကူးမှု အသိပညာပေးဟောပြောပွဲ ကျင်းပခဲ့သည်။

ဟောပြောပွဲတွင် ဒုရဲမှူး အောင်မျိုးလွင်က လူကုန်ကူးမှု တားဆီးကာကွယ်ရေးနှင့် ပတ်သက်သည်များကို အသေးစိတ်ရှင်းလင်းဟောပြောခဲ့ပြီး ယာဉ်ထိန်းတပ်ဖွဲ့စု ၁၀ မှ ဒုရဲမှူး သိန်းဌေးဝင်းက အပြည်ပြည်ဆိုင်ရာ ယာဉ်ထိန်းသိမ်းခြင်းနည်းစနစ် ငါးမျိုးဖြစ်သည့် ခြေကျင်လမ်းလျှောက်သူ၊ အနှေးယာဉ်၊ မော်တော်ယာဉ်၊ မော်တော်ဆိုင်ကယ် စီးနင်းသူများ လိုက်နာရမည့် စည်းကမ်းချက်များ၊ လမ်းညွှန်ဆေးရေးအမှတ်အသားများ၊ မီးပွိုင့်နှင့် အဝိုင်းတွင် လိုက်နာရမည့် စည်းကမ်းချက်များနှင့် ယာဉ်အန္တရာယ်ကင်းရှင်းရေးအတွက် သရုပ်ပြပုံများနှင့်ပတ်သက်သည်များ၊ မော်တော်ယာဉ်ဥပဒေများကို အသေးစိတ်ရှင်းလင်းဟောပြောခဲ့ကြောင်း သိရသည်။

**ကိုစိုင်း (လွိုင်ကော်)**



# စွယ်စုံတော်သည့် မြန်မာပညာရှိ ယောမင်းကြီးဦးဖိုးလှိုင် ရုပ်တုနှင့် အထိမ်းအမှတ်ဗိမာန် မန္တလေးမြို့၌လေ့လာနိုင်

**မန္တလေး ဇူလိုင် ၂၀**

လေ့လာစရာများစွာနှင့် အလှဝေဖြာနေသော မန္တလေးမြို့မှာ စိတ်ဝင်စားဖွယ်ရာ မြို့တစ်မြို့ဖြစ်သည်။ မြန်မာဘုရင်တို့၏ နောက်ဆုံးမင်းနေပြည်ဖြစ်သည့်အတွက် ရှင်ဘုရင်၊ မိဖုရားနှင့် ပညာရှိအမတ်များ၏ ဂူဗိမာန်များ အထင်အရှားပင်ရှိနေပေသည်။ လေ့လာစရာများစွာထဲတွင် စွယ်စုံတော်သည့် မြန်မာပညာရှိ ယောမင်းကြီးဦးဖိုးလှိုင် ရုပ်တုမှာလည်း စိတ်ဝင်စားဖွယ်ရာဖြစ်နေသည်။

ယောမင်းကြီးဦးဖိုးလှိုင်မှာ စွယ်စုံတော်သူတစ်ဦးပင်ဖြစ်သည်။ ရှေးခေတ်မြန်မာ့နိုင်ငံရေးနှင့် အုပ်ချုပ်ရေး အတွေးအခေါ်အယူအဆတို့ကို ခေတ်နှင့်လျော်ညီအောင်၊ တိုးတက်ဖွံ့ဖြိုးအောင် ကြံဆဆောင်ရွက်ခဲ့သော မြန်မာ့နိုင်ငံရေး သုခမိန်တစ်ဦးဟုပင် တင်စားထားသည်။ အုပ်ချုပ်ရေးစနစ်ဟောင်းကို ဖျက်ကာ အုပ်ချုပ်ရေးစနစ်သစ်ကို ထူထောင်ရန်လိုလားသူ တော်လှန်ရေးသမားကြီးပင်ဖြစ်သည်။ အနောက်တိုင်း၊ အရှေ့တိုင်းဆေးပညာကိုလေ့လာပြီး ဆေးပညာ၌ ကျွမ်းကျင်လိမ္မာသောသိပ္ပံပညာရှင်၊ စာပေပညာရှင်တစ်ဦးလည်းဖြစ်သည်။

ယောမင်းကြီးဦးဖိုးလှိုင်ကို ယောအတွင်းဝန်ဦးဖိုးလှိုင်ဟု လူသိများသည်။ အဆိုပါ စာဆိုအမတ်ကြီးဦးဖိုးလှိုင်ကို ရတနာပူရ စတုတ္ထမြို့တည် ဘကြီးတော်မင်းတရားလက်ထက် သက္ကရာဇ် ၁၁၈၁ ခုနှစ် နှောင်းတန်ခူးလဆန်း ၁၀ ရက် ည၃ ချက်တီးကျော်အချိန် သောကြာနေ့တွင်ဖွားမြင်ခဲ့သည်။ ဇာတိမှာ မြင်းခြံမြို့နယ် ပုလဲရွာဖြစ်ပြီး ငယ်မည်မှာ မောင်လှိုင်ဖြစ်သည်။ ဖခင်ဖြစ်သူမှာ ရေနံချောင်းမြို့စားယင်းတောဝန်ကြီးမင်း ငယ်မည်ဦးရွှေတုတ်ဘွဲ့ သတိုးမင်းလှကျော်ထင်ဖြစ်၍ အမိမှာ ဝန်ကြီးကတော် ဒေါ်ငြိမ်းဖြစ်သည်။

မောင်လှိုင်သည် ကဝိန္ဒာဘိသိရီ သဒ္ဓမ္မဓဇ မဟာဓမ္မရာဇာဓိရာဇဂုရု တံဆိပ်တော်ခံ ပင်းဆရာတော်၊ မေဓာဘိဝံသဒ္ဓမ္မဓဇ မဟာဓမ္မရာဇာဓိရာဇဂုရုဘွဲ့တံဆိပ်တော်ရ ပြည်ဆရာတော်၊ ပညာဇောတာဘိဝံသ သီရိပရဝဝိဇရာလင်္ကာရ ဓမ္မသေနာပတိ မဟာဓမ္မရာဇာဓိရာဇာ ဂုရုဘွဲ့တံဆိပ်တော်ရ ဗားကရာသာသနာပိုင် ဆရာတော်ကြီးမြို့ထံတွင် ပညာဆည်းပူးခဲ့သည်။ အသက် ၂၃ နှစ် သက္ကရာဇ် ၁၂၀၄ ခုနှစ်တွင် မင်းတုန်းမင်းတရားကြီးမှ မင်းလှစည်သူဘွဲ့နှင့် ယောမြို့ကို အသနားတော်မူခြင်းခံရသည်။ နောက်ပိုင်းတွင် ယောမြို့စားဟု ထင်ပေါ်ကျော်ကြားလာကာ အဂ္ဂမဟာသေနာပတိ မကွေးမြို့စားဝန်ကြီးမင်း၏ သမီးအငယ် ခင်ဖြူနှင့် ထိမ်းမြားလက်ထပ်တော်မူခဲ့သည်။

> ခေတ်နှင့်လျော်ညီအောင်၊ တိုးတက်ဖွံ့ဖြိုးအောင် ကြံဆဆောင်ရွက်ခဲ့သော မြန်မာ့နိုင်ငံရေး သုခမိန်တစ်ဦးဟုပင် တင်စားထားသည်။

သက္ကရာဇ် ၁၂၂၀ ပြည့်နှစ် အသက် ၂၉ နှစ်အရွယ်တွင် မင်းကြီးမင်းလှမဟာစည်သူဘွဲ့ ခန့်ထားခြင်းခံရပြီး တိပိဋကာ၊ သေလက္ခရကျောက်စာများကိုပုဒ်၊ ပါဠိ၊ အက္ခရာမချွတ်မယွင်းစေရအောင် ကျောက်ထက်အက္ခရာရေးထုခြင်း အလုပ်အဆောင်ကို ကြီးမှူးကြပ်မတ်ထမ်းရွက်ခဲ့သူဖြစ်သည်။ ၁၂၂၅ ခုနှစ်တွင် အိမ်ရှေ့မင်းအမိန့်တော်အရ မဇ္ဈိမဒေသတိုင်းမှ ပေါ်ထွန်းဆောက်သသည့် ဘာသျကာရဆရာစီရင်သော သက္ကတဘာသာလီလာဝတီဂဏန်းကျမ်းကို မြန်မာဘာသာသို့ ပြန်ဆိုရေးသားဆက်သခဲ့သည်။ ပညာထူးချွန်သော်လည်း ရာထူးမှအကြိမ်ကြိမ်နုတ်ပယ်ရုပ်သိမ်းခြင်းခံရဖူးသည်။ လိပိဒိပိကာကျမ်း၊ အဿဗေဒကျမ်း၊ သက္ကတဘာသာ၊ မာဂဓဘာသာသဒ္ဒါအမျိုးမျိုးတို့မှ စကားချင်းထပ်သည်ကို ပယ်နုတ်လျက် ထေရဝါဒကိုသွင်းပြီး သဒ္ဒသင်္ဂဟကျမ်းတို့ကို ရေးသားခဲ့သည်။

နောက်ပိုင်းကာလများတွင် ဝိမုတ္တိရသကျမ်း၊ မဟာသမ္မတဝိနိစ္ဆယကျမ်း၊ သဒ္ဒသင်္ဂဟကျမ်း၊ ကာယနုပဿနာကျမ်း၊ ဝိပဿနာဉာဏ်ဆယ်ပါးအကျယ်၊ အလတ်၊ ကျဉ်း၊ ရာဇဓမ္မသင်္ဂဟကျမ်း၊ နဝသိဒ္ဓန္တဗေဒင်လက်ရိုးကျမ်း၊ ဥတုဘောဇနသင်္ဂဟကျမ်း၊ သုဗောဓာလင်္ကာရကျမ်းကို မြန်မာဘာသာဖြင့် နိဿယသစ်ပြန်ဆိုပြီး နောက်ဆုံးကျမ်းအဖြစ် မဟာသုဇာတကဗေဒင်ကျမ်းကို သက္ကတဘာသာဗေဒင်ကျမ်းတို့နှင့်ညှိနှိုင်း၍ မြန်မာဘာသာဖြင့် ရေးသားခဲ့သည်။

ယောမင်းကြီးဦးဖိုးလှိုင်သည် အသက် ၅၄ နှစ်အရွယ် သက္ကရာဇ်၁၂၄၅ခု ဝါခေါင်လဆုတ် ၈ ရက်နေ့ ည၃ သုံးချက်တီးကျော်အချိန်တွင် ကွယ်လွန်ခဲ့သည်။ ယောမင်းကြီး ဦးဖိုးလှိုင်၏ အုတ်ဂူဗိမာန်နှင့် ပုံတူအင်္ဂတေရုပ်တုကြီးကို မန္တလေးမြို့ မင်းတဲအီကင်းရပ် ၂၂ လမ်း (ပင်းယလမ်း) ကျွဲစွန်းဆိပ်နှင့် သီရိမင်္ဂလာအိမ်ရာ စီမံကိန်းတိုက်တန်းကြားတွင် တည်ရှိသည်။ ဂူဗိမာန်ထဲတွင် ယောမင်းကြီး၏အုတ်ဂူနှင့် မိသားစုအနွယ်အုတ်ဂူများ၊ မှတ်တမ်းကျောက်စာများပါ တစုတဝေးတည်းတွေ့နိုင်ပြီး ပန်းခြံဝင်းကလေးအဖြစ်ပြုလုပ်ထားသည်။ လက်ရှိကာလတွင် သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ရှေးဟောင်းသုတေသန၊ အမျိုးသားပြတိုက်ဦးစီးဌာနက ထိန်းသိမ်းစောင့်ရှောက်ထားသည်။

**တိမ်တမန်**



# မိတ္ထီလာမြို့နယ် ရဲတပ်ဖွဲ့မှ လုပ်ငန်းခွင်အတွင်း ခန္ဓာကိုယ်ထိခိုက်ဒဏ်ရာရရှိသော အလုပ်သမားအား နစ်နာကြေးရရှိနိုင်ရန် ချိတ်ဆက်ဆောင်ရွက်ပေး

**မိတ္ထီလာ ဇူလိုင် ၂၀**

ပြည်သူ့ဝန်ဆောင်မှုကို ရှေးရှုသော ရဲလုပ်ငန်းစနစ်ဆောင်ရွက်မှုအဖြစ် မိတ္ထီလာမြို့နယ် ရဲတပ်ဖွဲ့မှ လုပ်ငန်းခွင် ခန္ဓာကိုယ်ထိခိုက်ဒဏ်ရာရရှိသော အလုပ်သမားအား နစ်နာကြေးရရှိနိုင်ရန် အလုပ်သမားညွှန်ကြားရေးဦးစီးဌာနရုံးနှင့် ချိတ်ဆက်ဆောင်ရွက်ပေးခဲ့ကြောင်း မိတ္ထီလာမြို့နယ် ရဲတပ်ဖွဲ့ရုံးမှ သိရသည်။

ဇူလိုင် ၁၆ ရက်က မိတ္ထီလာမြို့နယ် ရဲတပ်ဖွဲ့ရုံးသို့ မိတ္ထီလာမြို့နယ် အင်းကျေးရွာအုပ်စု ကူတော်ကျေးရွာနေ မောင်ကျော်ဆန်း ၃၄ နှစ်နှင့် ဇနီးဖြစ်သူ မသန်းဌေး ၄၀ နှစ်တို့ ရောက်ရှိလာပြီး ဇွန် ၂၆ ရက်က တစ်ရွာထဲနေ အလုပ်ရှင် ဦးမောင်ကြိုင်နေအိမ်တွင် နွားစာစဉ်း စက်ခုံဖြင့် နွားစာစဉ်းနေစဉ် မတော်တဆ ထိခိုက်ဖြစ်ပွားရာမှ လက်နှစ်ဖက်စလုံး လက်ကောက်ဝတ်အထက်နားမှ ပြတ်သွားခဲ့ကြောင်း၊ ယခုအလုပ်ရှင်ထံတွင် အလုပ်လုပ်ကိုင်နေသည်မှာ နှစ်နှစ်ခန့်ရှိပြီဖြစ်သော်လည်း အလုပ်ရှင်မှ ကူညီထောက်ပံ့ပေးမှုမရှိသဖြင့် ရဲတပ်ဖွဲ့ဝင်များထံတွင် အကူအညီတောင်းခြင်းဖြစ်ကြောင်း သိရသည်။

အဆိုပါဖြစ်စဉ်နှင့် ပတ်သက်၍ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးမောင်ရွှေနှင့်အလည်ရွာ ရဲစခန်းမှူး ရဲအုပ်ထွန်းထွန်းတို့မှ ဝန်ဆောင်မှုရှေ့ရှုသော ရဲလုပ်ငန်းစနစ်ဆောင်ရွက်မှုအဖြစ် အလုပ်ရှင်၊ အလုပ်သမား လျော်ကြေးဥပဒေနှင့်အညီ ဖြစ်စေရေးအတွက် မိတ္ထီလာခရိုင် အလုပ်သမားညွှန်ကြားရေးဦးစီးဌာနရုံးနှင့် ချိတ်ဆက်ပြီး အဆိုပါရုံးသို့ ရဲတပ်ဖွဲ့ဝင်များမှ လိုက်လံပို့ဆောင်ပေးခဲ့ကြောင်း သိရသည်။

ကျွန်တော်တို့ရဲတပ်ဖွဲ့ဝင်တွေအနေနဲ့ ပြည်သူတွေ အကူအညီလိုရင် အကူအညီပေးနေပါတယ်။ အခုဖြစ်စဉ်မှာလည်း လက်နှစ်ဖက်လုံးဆုံးရှုံးရတဲ့ အလုပ်သမားလေးက အလုပ်ရှင်ဆီက အကူအညီမရတဲ့အတွက် ကျွန်တော်တို့ ရဲတပ်ဖွဲ့ဝင်တွေကို လာရောက် အကူအညီတောင်းခံခဲ့ပါတယ်။ ဒါကြောင့်မို့ ကျွန်တော်တို့က အလုပ်သမားရုံးနှင့် ချိတ်ဆက်ပြီး အလုပ်ရှင်၊ အလုပ်သမားဥပဒေအတိုင်း ဖြစ်အောင် စီစဉ်ပေးခဲ့ပါတယ်" ဟု မိတ္ထီလာမြို့နယ် ရဲတပ်ဖွဲ့မှူးရဲမှူး မောင်ရွှေက ပြောသည်။

**သိန်းမြင့်ကျော်(မိတ္ထီလာ)**

## ငရုတ်စိုက်ပျိုးခြင်းဖြင့် မိသားစုအပိုဝင်ငွေကောင်းမွန်

**ကျောက်ဆည် ဇူလိုင် ၂၀**

ကျောက်ဆည်မြို့နယ် ရှမ်းရွာကြီးကျေးရွာ စက်ရုံစုနယ်မြေနှင့် ထိစပ်လျက်ရှိသော ကွင်းအမှတ်(၁၃)သည် မြေလွတ်၊ မြေရိုင်းများအားနွေသီးနှံဖြစ်တဲ့ ဒီမွန် (၆၉၂) ငရုတ်စိုက်ပျိုးရာ အောင်မြင်ဖြစ်ထွန်း၍ မိသားစုအပိုဝင်ငွေကောင်းမွန်ကြောင်း သိရသည်။

အဆိုပါ ဒီမွန် (၆၉၂) ငရုတ်စိုက်ခင်းစိုက်ပျိုးမြေမှာ ယာမြေဖြစ်၍ရေနေ၊ ရေထိုင်ကောင်းမွန်ခြင်း၊ တောင်တန်းများနှင့်နီးစပ်ပြီး မိုးရွာသွန်းမှုကောင်းမွန်ခြင်းတို့ကြောင့် ငရုတ်ပျိုးသက်မှာ ၄၅ ရက်သားဖြစ်သည်။ စိုက်ခင်းမြေပြင်ဆင်ရာတွင် ခေတ်မီထွန်စက်ကြီးများဖြင့် ထွန်ယက်၍ နွားထွန်ဖြင့် ပေါင်ကြောင်းများပေးကာ ပျိုးသက် ၄၅ ရက်သားကို ရေတင်စိုက်နည်းဖြင့်စိုက်၍ ခြားပေါင်သုံးပေါင်နှင့် ခြားခုတ်မြေတင်ပေါင် တစ်ပေါင်ပြုလုပ်ပြီး သင့်တော်သည့်ပိုးသတ် ဆေးများကို ၁၅ ရက် တစ်ကြိမ် ပက်ဖျန်းခြင်းဖြင့် စုစုပေါင်းကုန်ကျငွေကျပ် ၅၇၀၀၀၀ ကုန်ကျပြီး တစ်ဧက ငရုတ်တင်းပေါင်း ၂၅၀ တင်းရရှိ၍ တစ်တင်းရောင်းရငွေကျပ် ၁၀၀၀၀ နှုန်းဖြင့် စုစုပေါင်း ၂၅ သိန်းရရှိသောကြောင့် ငရုတ်စိုက်တောင်သူများမိသားစု အပိုဝင်ငွေကောင်းမွန်ကြောင်း သိရသည်။

**(ခင်မောင်လွင်)**

## မူးယစ်ဆေးဝါးပပျောက်ရေးနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး ပညာပေးဟောပြောပွဲကျင်းပ

**ပင်လောင်း ဇူလိုင် ၂၀**

ရှမ်းပြည်နယ်(တောင်ပိုင်း) ပအိုဝ်း ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ပင်လောင်းမြို့နယ် ဘန့်ဘာကျေးရွာအုပ်စု ပင်ခွန်ကျေးရွာဘုန်းတော်ကြီးကျောင်းတွင် မူးယစ်ဆေးဝါး ပပျောက်ရေးနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး အသိပညာပေးဟောပြောပွဲကို ဇူလိုင် ၁၇ ရက် နံနက် ၁၀ နာရီခွဲက ကျင်းပခဲ့ကြောင်း သိရသည်။

ဟောပြောပွဲတွင်မြို့နယ်အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာန ဒုတိယဦးစီးမှူး ဒေါ်မို့မို့ဖြိုးအောင်က အမှာစကားပြောကြားပြီး မြို့နယ်ရဲတပ်ဖွဲ့မှ ဒုတိယစခန်းမှူး ရဲအုပ်အောင်နိုင်ဝင်းက မူးယစ်ဆေးဝါးဆိုင်ရာ ပြစ်မှုပြစ်ဒဏ်နှင့် မူးယစ်ဆေးဝါးပပျောက်ရေးရှေ့ဆက်ဆောင်ရွက်မည့် လုပ်ငန်းစဉ်များအားပြောကြားခဲ့သည်။

မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန ဒုလ/ထဦးစီးမှူးဒေါ်နန်းရွှေရည်ဖူးက စိုက်ပျိုးရေးနည်းပညာများနှင့်မြေဆီလွှာထိန်းသိမ်းနည်းများအကြောင်းကို ဟောပြောခဲ့ပြီး ပင်လောင်းမြို့နယ် ပအိုဝ်းစာပေနှင့် ယဉ်ကျေးမှုအဖွဲ့ ဥက္ကဋ္ဌ ဦးခွန်ဝင်းနောင်က မူးယစ်ဆေးဝါးသုံးစွဲခြင်းဆိုင်ရာ ပြစ်မှုပြစ်ဒဏ်ဥပဒေအကြောင်းများကို ဟောပြောခဲ့သည်။

ပင်လောင်းမြို့နယ် ပအိုဝ်းအမျိုးသားအဖွဲ့ချုပ် (PNO) အတွင်းရေးမှူးဒေါက်တာခွန်စိုးမိုးကျော်က သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် ရွာစဉ်အလိုက် သစ်ပင်စိုက်ပျိုးနိုင်စေရေးအတွက် စီစဉ်ဆောင်ရွက်ချက်များကိုလည်းကောင်း၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနဦးစီးမှူး ဦးထွန်းလင်းက မူးယစ်ဆေးဝါး သုံးစွဲခြင်းမှရရှိလာမည့် ဆိုးကျိုးများ၊ ပြင်းထန်အဆုတ်ရောင်ရောဂါ ကာကွယ်ဆေးထိုးနှံခြင်း လုပ်ငန်းရပ်များနှင့် စာပေဖတ်ရှုခြင်းမှ ရရှိသည့် အကျိုးကျေးဇူးများကိုလည်းကောင်း ပြောကြားခဲ့ပြီး ဘန့်ဘာကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး ဦးခွန်တီးဖြူက ကျေးဇူးတင်စကားပြောကြားခဲ့သည်။

ဆက်လက်၍ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ခင်းကျင်းပြသထားသော မူးယစ်ဆေးဝါးအန္တရာယ် တားဆီးကာကွယ်ရေး ပညာပေးနံရံကပ်ဗီနိုင်းများ၊ လူကုန်ကူးမှုအန္တရာယ် တားဆီးကာကွယ်ရေး ဗီနိုင်းများ၊ မြို့နယ်ဖွံ့ဖြိုးတိုးတက်မှုမှတ်တမ်းဓာတ်ပုံများကို ဟောပြောပွဲသို့ တက်ရောက်လာကြသည့် ပြည်သူလူထုများက ကြည့်ရှုခဲ့ကြကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**

## အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘွဲ့တံဆိပ်တော်ရ ဆရာတော် ဘဒ္ဒန္တပဏ္ဍဝအား ဂုဏ်ပြုပူဇော်ပွဲ ဟားခါး၌ကျင်းပ

**ဟားခါး ဇူလိုင် ၂၀**

၂၀၁၆ ခုနှစ် နိုင်ငံတော်အစိုးရမှ သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်များ ဆက်ကပ်လှူဒါန်းရာတွင် အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘွဲ့တံဆိပ်တော်ချီးမြှင့်ဆက်ကပ်ခြင်းခံရသော ချင်းပြည်နယ် ဟားခါးမြို့ မြို့မသာသနာပြုပရိယတ္တိစာသင်တိုက်ပဓာန နာယက ဆရာတော်ဘဒ္ဒန္တပဏ္ဍဝအား ဂုဏ်ပြုပူဇော်ပွဲအခမ်းအနားကို ဇူလိုင် ၁၇ ရက် နံနက် ၉ နာရီခွဲက အဆိုပါကျောင်းတိုက်၌ ကျင်းပခဲ့ကြောင်း သိရသည်။

အခမ်းအနားကို နမောတဿသုံးကြိမ်ရွတ်ဆိုဘုရားကန်တော့၍ ဖွင့်လှစ်ကြပြီး ဖလမ်းမြို့ လုံပီးတောရစာသင်တိုက် ဆရာတော်အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတဘဒ္ဒန္တဉာဏိကထံမှ ငြိမ့်ပရိသတ်များက ငါးပါးသီလခံယူဆောက်တည်ကြသည်။

ဆက်လက်၍ ဆရာတော်၊ သံဃာတော်အရှင်သူမြတ်များက ပရိတ်တရားတော်များကို ရွတ်ဖတ် သရဇ္ဈာယ်တော်မူကြပြီး ပြည်နယ်လွှတ်တော်ဒုတိယဥက္ကဋ္ဌ ဦးအောင်သန်းက ဆရာတော်ဘဒ္ဒန္တပဏ္ဍဝအား သာသနာတော်ဆိုင်ရာ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇဘွဲ့တံဆိပ်တော်ကို ဆက်ကပ်ပူဇော်ကန်တော့ကာ သာသနာရေးဆိုင်ရာများကို လျှောက်ထားကြသည်။

ယင်းနောက် ပြည်နယ်လွှတ်တော်ဒုတိယဥက္ကဋ္ဌဦးအောင်သန်း၊ ပြည်နယ်အဆင့် အဖွဲ့အစည်းဝင်များနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများက ဆရာတော်၊ သံဃာတော်များအား လှူဖွယ်ဝတ္ထုပစ္စည်းများကို ဆက်ကပ်လှူဒါန်းကြပြီး ပြည်နယ်သာသနာရေး ဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးဦးကိုကိုဦးက ဆရာတော်ဘဒ္ဒန္တပဏ္ဍဝ၏ ထေရုပ္ပတ္တိကို ဖတ်ကြားပူဇော်ခဲ့သည်။

ယင်းနောက် ဖလမ်းမြို့ လုံပီးတောရစာသင်တိုက်ဆရာတော်အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတဘဒ္ဒန္တဉာဏိကက အနုမောဒနာတရားတော်ဟောကြားချီးမြှင့်တော်မူပြီး လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချအမျှပေးဝေကြကာ အခမ်းအနားကို ဗုဒ္ဓသာသနံစိရံတိဋ္ဌတုသုံးကြိမ်ရွတ်ဆိုဆုတောင်း၍ ရုပ်သိမ်းခဲ့ကြောင်း သိရသည်။

**(ပြည်နယ် ပြန်/ဆက်)**

## မြစိမ်းရောင်ကျေးရွာ ခုနစ်ရွာ ရန်ပုံငွေပေးအပ်ပွဲ မြိုင်မြို့၌ပြုလုပ်

**မြိုင် ဇူလိုင် ၂၀**

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ကျေးရွာ ခုနစ်ရွာအား မြစိမ်းရောင်ရန်ပုံငွေပေးအပ်ပွဲကို မကွေးတိုင်းဒေသကြီး မြိုင်မြို့ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ဇူလိုင် ၁၇ ရက် နံနက်က ပြုလုပ်ခဲ့ကြောင်း သိရသည်။

အဆိုပါ ရန်ပုံငွေပေးအပ်ပွဲတွင် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးအောင်ခင်ဝင်းက အဖွင့်အမှာစကားပြောကြားပြီး ရပ်မိရပ်ဖ ဦးကျော်အေး၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူးဦးကျော်မင်းထွန်းက မြစိမ်းရောင်ကျေးရွာရန်ပုံငွေ ဆိုင်ရာ နည်းဥပဒေအတိုင်း လိုက်နာဆောင်ရွက်ရန်နှင့် ရည်ရွယ်ချက်ငါးချက်ကို ရှင်းလင်းပြောကြားခဲ့သည်။

ယင်းနောက် မြစိမ်းရောင်ရန်ပုံငွေရရှိသည့် ကျောက်ဆောက်ရွာသစ်ကျေးရွာ၊ ချောင်းမ၊ ကံနက်၊ သံချောင်း၊ ကံယာကောင်း၊ ဝွေးပင်လယ်၊ ထူးမအရှေ့ကျေးရွာတို့အား ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးကျော်ဆွေ၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးသက်နိုင်၊ မြို့နယ်အုပ်ချုပ်ရေးမှူးဦးသိန်းစိုးနှင့် တာဝန်ရှိသူများမှ တစ်ရွာချင်းပေးအပ်ရာဌာနဆိုင်ရာများ၊ ကျေးရွာကော်မတီဝင်များ တက်ရောက်ခဲ့ကြောင်းသိရသည်။

**စိန်မြိုင်(မြိုင်)**

## ပုထိုးကျေးရွာတွင် လေးလက်မခွဲစက်ရေတွင်းတူးဖော်ပြီးစီး၍ ဖွင့်ပွဲနှင့် လွှဲပြောင်းပေးအပ်ပွဲကျင်းပ

**မကွေး ဇူလိုင် ၂၀**

မကွေးတိုင်းဒေသကြီး မကွေးမြို့နယ် ပုထိုးကျေးရွာတွင် လေးလက်မခွဲစက်ရေတွင်းတူးဖော်ပြီးစီး၍ ဖွင့်ပွဲနှင့် လွှဲပြောင်းပေးအပ်ပွဲ အခမ်းအနားကို ဇူလိုင် ၁၇ ရက် နံနက် ၉ နာရီက အဆိုပါကျေးရွာ စေတီကုန်းတော်ပေါ်ရှိ စက်ရေတွင်းရှေ့တွင်ကျင်းပရာ မကွေးတိုင်းဒေသကြီး မကွေးမြို့နယ် အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးလှဆန်းနှင့် Asia World Foundation မှစက်ရေတွင်း အလှူရှင်ဒါရိုက်တာဦးစိုးဝင်းသန့်တို့က ဖွင့်လှစ်ပေးခဲ့သည်။

မကွေးတိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌ ဦးတာက ကျေးလက်ဒေသများ သောက်သုံးရေရရှိရေး ပူးပေါင်းပါဝင် ကူညီဆောင်ရွက်ပေးခဲ့ကြသည့် စက်ရေတွင်းဖြစ်မြောက်ရေးအကျိုးတော်ဆောင် ဦးလှဆန်းနှင့် စက်ရေတွင်းအလှူရှင်အား အထူးပင်ကျေးဇူးတင်ရှိကြောင်း ပြောကြားခဲ့သည်။

ယင်းနောက် စက်ရေတွင်းအလှူရှင်က စက်ရေတွင်းလှူဒါန်းရခြင်းနှင့် ပတ်သက်၍ ရှင်းလင်းပြောကြား၍ စက်ရေတွင်းနှင့်ပတ်သက်သည့် စာရွက်စာတမ်းများ လွှဲပြောင်းပေးအပ်ရာ ကျေးရွာကိုယ်စား ဦးကြည်က လက်ခံရယူပြီး ကျေးရွာမှ ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်ခဲ့သည်။

အဆိုပါ စက်ရေတွင်းသည် လေးလက်မခွဲပိုက် စက်ရေတွင်းဖြစ်ပြီး တစ်နာရီ ပျမ်းမျှ ရေဂါလန် ၃၀၀၀ ထွက်ရှိကာ ပုထိုးကျေးရွာမှ လူဦးရေ ၂၅၀၀ ကျော်အတွက် သန့်ရှင်းသော သောက်သုံးရေများ ရရှိနေပြီဖြစ်ကြောင်း သိရသည်။

**သန်းနိုင်ဦး(ငဖဲ)**



# အခြေခံပညာအလယ်တန်းကျောင်းခွဲ MBAAA ကျောင်းဆောင်သစ်ဖွင့်ပွဲ ပြုလုပ်

**ကလေး ဇူလိုင် ၂၀**
စစ်ကိုင်းတိုင်းဒေသကြီး ကလေးမြို့နယ်တွင် ၂၀၁၅ ခုနှစ် ဇူလိုင်လကုန်နှင့် ဩဂုတ်လဆန်းပိုင်းအတွင်းကဖြစ်ပေါ်ခဲ့သော သဘာဝအန္တရာယ်ရေဘေးကြောင့် ရွာလုံးကျွတ်ပြောင်းရွှေ့နေထိုင်ရသည့် မော်လိုက်ကလေး(တောင်)ကျေးရွာ အခြေခံပညာအလယ်တန်းကျောင်းခွဲ အလျားပေ ၁၃၀၊ အနံပေ ၃၀ ရှိ သံကူကွန်ကရစ် နှစ်ထပ်စာသင်ဆောင် MBAAA အဆောင် ဖွင့်ပွဲအခမ်းအနားကို ဇူလိုင် ၁၈ ရက် နံနက် ၈ နာရီက စည်ကားသိုက်မြိုက်စွာ ပြုလုပ်ခဲ့သည်။

အဆိုပါကျောင်းဆောင်သစ်ကြီးကို ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်ရှားမီး၊ ခရိုင်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးအောင်ဇော်မိုး၊ ခရိုင်ပညာရေးမှူး ဦးအောင်ဌေးမြင့်၊ MSA ကျောင်းသားဟောင်းအသင်းဥက္ကဋ္ဌ ဦးရဲမြတ်သူနှင့် ဦးကာက-ဒေါ်စိန်ကုမ္ပဏီလီမိတက် မန်နေဂျင်းဒါရိုက်တာ ဒေါ်ညိုလေးနှင့် မြန်မာနိုင်ငံကွန်ပျူတာလုပ်ငန်းရှင်များအသင်း ဥက္ကဋ္ဌ ဒေါ်သီရိခက်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး ကျောင်းဆောင်သစ်ကမ္ပည်းကျောက်စာတိုင်အား အမွှေးနံ့သာများ ပက်ဖျန်းပေးကြသည်။

ယင်းကျောင်းဆောင်သစ်ကြီးအား MBA ဘွဲ့ရကျောင်းသားဟောင်းများအသင်းမှ ကြီးမှူးပြီး ဦးကာကနှင့် ဒေါ်စိန် လက်ဖက်ခြောက်လုပ်ငန်းမိသားစု၏ မတည်လှူဒါန်းငွေ၊ ဒေါ်နှင်းနှင်းမော် CAE ကိုယ်ပိုင်ကျောင်း၊ မြန်မာနိုင်ငံကွန်ပျူတာလုပ်ငန်းရှင်များအသင်း၏ မိတ်ဆွေများမှ စုပေါင်းလှူဒါန်းငွေမှ ကျပ် ၁၈၂၀ သိန်း အကုန်အကျခံကာ ၂၀၁၅ ခုနှစ် အောက်တိုဘာ ၇ ရက်က စတင်ဆောက်လုပ်ကာ ၂၀၁၆ ခုနှစ် ဧပြီ ၇ ရက်တွင် ဆောက်လုပ်မှုလုပ်ငန်း ရာနှုန်းပြည့်ပြီးစီးခဲ့သည်။

ကျောင်းဆောင်သစ်ကြီး လွှဲပြောင်းပေးအပ်ပွဲအခမ်းအနားတွင် "အခုလို ကလေးမြို့နယ် မော်လိုက်ကလေး(တောင်)ကျေးရွာ အခြေခံပညာအလယ်တန်းကျောင်းခွဲကြီး RCC နှစ်ထပ် MBAAA ကျောင်းဆောင်သစ်ကြီးနဲ့အတူ စာရေးခုံ၊ ထိုင်ခုံ၊ ဗီရို၊ စားပွဲ၊ ပရိဘောဂအပြည့်အစုံအပြင် သန့်စင်ခန်းစသည်ဖြင့် ကျပ်သိန်းပေါင်း ၁၈၀၀ ကျော်ကို စေတနာသဒ္ဓါထက်သန်စွာ လှူဒါန်းကြတဲ့ အလှူရှင်တွေ၊ မိတ်ဆွေတွေကို အထူးကျေးဇူးတင်လျက် ဂုဏ်ပြုမှတ်တမ်းတင်ပါတယ်" ဟု ခရိုင်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးအောင်ဇော်မိုးက ပြောသည်။

အဆိုပါ MBAAA နှစ်ထပ်စာသင်ဆောင်သစ်ကြီးအပြင် ရေတွင်း၊ သန့်စင်ခန်း၊ စာသင်ခုံများကိုပါ ပူးတွဲလှူဒါန်းဆောက်လုပ်ပေးထားပြီး ယင်းနှစ်ထပ်ကျောင်းဆောင်သစ်နှင့်ပတ်သက်သော အထောက်အထား၊ စာရွက်စာတမ်းများအား ဇူလိုင် ၁၈ ရက် နံနက် ၈ နာရီ ၄၅ မိနစ်က MBA အသင်းဥက္ကဋ္ဌ ဦးရဲမြတ်သူနှင့် အတွင်းရေးမှူး ဒေါက်တာသိန်းထွန်းအောင်တို့က ကလေးခရိုင်ပညာရေးမှူးထံသို့ လွှဲပြောင်းပေးအပ်ခဲ့သည်။



**ဂျိုးနက်**

# မြင်းမူမြို့နယ်၌ ၂၀၁၆–၂၀၁၇ ခု ဘဏ္ဍာရေးနှစ် မြစိမ်းရောင်ကျေးရွာစီမံကိန်း ရန်ပုံငွေများ လွှဲပြောင်းပေးအပ်

**မြင်းမူ ဇူလိုင် ၂၀**
မြင်းမူမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ၂၀၁၆-၂၀၁၇ ခု ဘဏ္ဍာရေးနှစ် မြစိမ်းရောင်ကျေးရွာစီမံကိန်း ရန်ပုံငွေလွှဲပြောင်းပေးအပ်ပွဲအခမ်းအနားအား ဇူလိုင် ၁၈ ရက်က မြင်းမူမြို့နယ် ရွှေပြည်သစ်ခန်းမ၌ ကျင်းပသည်။

အခမ်းအနားသို့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်နှင့် တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များ၊ မြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌနှင့် ကော်မတီဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြို့နယ်မြစိမ်းရောင်ကျေးရွာလုပ်ငန်းအကောင်အထည်ဖော်ရေး ကော်မတီဝင်များ၊ ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးများ၊ ကျေးရွာမြစိမ်းရောင်ရန်ပုံငွေကြီးကြပ်မှုကော်မတီဝင်များနှင့် မြင်းမူမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနဝန်ထမ်းများ တက်ရောက်ကြသည်။

အခမ်းအနားတွင် မြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌက အဖွင့်အမှာစကားပြောကြားပြီး ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးစိုးစံသက်ထွန်းက အမှာစကားပြောကြားကာ မြင်းမူမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးဝင်းမြင့်အောင်က မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများအား ရှင်းလင်းတင်ပြသည်။ မြစိမ်းရောင်စီမံကိန်းကျေးရွာများကိုယ်စား ကံသုံးဆင့်ကျေးရွာ မြစိမ်းရောင်ရန်ပုံငွေ ကြီးကြပ်မှုကော်မတီဥက္ကဋ္ဌက ကျေးဇူးတင်စကားပြောကြားသည်။ ဆက်လက်၍ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေကျပ် သိန်း ၃၀၀ စီအား ကျေးရွာအလိုက် ရန်ပုံငွေကြီးကြပ်မှုကော်မတီဥက္ကဋ္ဌများသို့ လွှဲပြောင်းပေးအပ်သည်။

မြင်းမူမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ မြစိမ်းရောင်ကျေးရွာစီမံကိန်းအား ၂၀၁၄-၂၀၁၅ တွင် ကျေးရွာနှစ်ရွာပေါင်း၊ တစ်ယူနစ် ၂၀၁၅-၂၀၁၆ တွင် ကျေးရွာ ၁၀ ရွာ၌ ၁၀ ယူနစ်နှင့် ယခု ၂၀၁၆-၂၀၁၇ တွင် ကျေးရွာခြောက်ရွာ၌ ငါးယူနစ် အကောင်အထည်ဖော်ဆောင်ရွက်ပေးလျက်ရှိရာ ကျေးလက်နေပြည်သူများ အနေဖြင့် အရင်းမပျောက်လည်ပတ်ရန်ပုံငွေကျပ်သိန်း ၃၀၀ စီအား ကိုယ်တိုင်စီမံခန့်ခွဲ၍ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် အသက်မွေးဝမ်းကျောင်းကုန်ထုတ်လုပ်ငန်းများ၊ ရောင်းဝယ်ကုန်သွယ်ရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ကြပြီဖြစ်ရာ အလုပ်အကိုင်အခွင့်အလမ်းများရရှိခြင်း၊ မိသားစုဝင်ငွေတိုးမြင့်ရရှိခြင်းနှင့် ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်အဆင်ပြေနိုင်ကြမည်ဖြစ်သည်။ **ကိုကိုနိုင်**



# မြို့မ ကျောင်းသား၊ ကျောင်းသူဟောင်းများနှင့် သက်ကြီး ဆရာ၊ ဆရာမကြီးများ ပူဇော်ပွဲနှင့် ဝါဆိုသင်္ကန်းဆက်ကပ်

**ရန်ကုန် ဇူလိုင် ၂၀**
မြို့မ ကျောင်းသား၊ ကျောင်းသူဟောင်းအသင်းမှကြီးမှူး၍ ဝါဆိုသင်္ကန်းဆက်ကပ်ခြင်းနှင့် မြို့မဟောင်းကြီးများနှင့် သက်ကြီး ဆရာ၊ ဆရာမကြီးများအား ပူဇော်ကန်တော့ပွဲကို ဇူလိုင် ၁၇ ရက် နံနက် ၁၀ နာရီတွင် ရန်ကုန်မြို့ ဒဂုံမြို့နယ် စကားဝါလမ်းရှိ မြို့မကျောင်းသား၊ ကျောင်းသူဟောင်း အသင်းတိုက် မြတ်မွန်ရတနာခန်းမ၌ ကျင်းပသည်။ **(အပေါ်ပုံ)**

ရှေးဦးစွာ မြို့မ ကျောင်းသား၊ ကျောင်းသူဟောင်းအသင်း ဥက္ကဋ္ဌ ဦးညွန့်မြိုင်က နှုတ်ခွန်းဆက်စကား ပြောကြားသည်။ ယင်းနောက် အသင်းအတိုင်ပင်ခံ နာယကကြီးများ၊ အသင်းအမှုဆောင်ဟောင်းများနှင့် ဆရာ၊ ဆရာမကြီးများက ဆုံးမဩဝါဒစကားများ ပြောကြားကြသည်။

အခမ်းအနား အစီအစဉ်အရ တက်ရောက်လာသူများက မြို့မဟောင်းကြီးများနှင့် သက်ကြီး ဆရာ၊ ဆရာမကြီးများအား ပူဇော်ကန်တော့ ကြပြီး လှူဒါန်းပစ္စည်းများပေးအပ်ကြသည်။

အဆိုပါ အခမ်းအနားသို့ အသက် (၇၀) မှ (၉၀) အထက် ဆရာကြီး၊ ဆရာမကြီး ၈၉ ဦးနှင့် အသက် (၈၀) မှ (၉၀) အထက် မြို့မဟောင်းကြီး ၂၇ ဦးတို့ တက်ရောက် အပူဇော်ခံကြသည်။

ယင်းနောက် မြို့မ ကျောင်းသား၊ ကျောင်းသူဟောင်းများက ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းကြရာ ဒဂုံပရိယတ္တိစာသင်တိုက် အိမ်တော်ရာကျောင်းမှ ပင့်သံဃာတော်များအား ဝါဆိုသင်္ကန်းနှင့် လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်ကာ သံဃာတော်များအား နေ့ဆွမ်းဆက်ကပ်ပြီး ဧည့်ပရိသတ်များအား နံနက်စာဖြင့် ကျွေးမွေးဧည့်ခံခဲ့သည်။ **(ကြေးမုံ)**

# ဒီမိုကရေစီ စံချိန်စံညွှန်းကိုက်ညီစေရန် အုပ်ချုပ်ရေးယန္တရားပြောင်းလဲဖို့အရေးကြီး

**နေပြည်တော် ဇူလိုင် ၂၀**
စစ်မှန်တဲ့ဒီမိုကရေစီအုပ်ချုပ်ရေးစနစ်ဖော်ဆောင်ရာတွင် အုပ်ချုပ်ရေးယန္တရား ပြောင်းလဲရန်လိုအပ်ပြီး တရားမျှတသည့်အုပ်ချုပ်ရေးစနစ်ဖြစ်ပေါ်စေရန်၊ ပြည်သူလူထုအား အတတ်နိုင်ဆုံးလုံခြုံမှု အပြည့်အဝပေးနိုင်စေရန်နှင့် ပြည်သူကိုမျက်နှာမူသည့်မူဝါဒများဖြစ်အောင် ဆောင်ရွက်ရန်လိုအပ်ပြီး ပြည်သူများအနေဖြင့် ပူးပေါင်းပါဝင်ရန်လိုကြောင်း နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဒေါက်တာမျိုးအောင်က ဇူလိုင် ၁၅ ရက် မွန်းလွဲပိုင်းက ဇေယျာသီရိမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ အစည်းအဝေးခန်းမတွင် ပြုလုပ်သည့် ဌာနဆိုင်ရာများ၊ မြို့မိမြို့ဖများ၊ ရပ်ကွက်/ကျေးရွာအုပ်စု ကိုယ်စားလှယ်များ တွေ့ဆုံပွဲတွင် ပြောကြားသွားသည်။

ဆက်လက်၍ နေပြည်တော်ကောင်စီဝင် ဇေယျာသီရိမြို့နယ်တာဝန်ခံ ဗိုလ်မှူးကြီးမင်းနောင်က ဒေသဖွံ့ဖြိုးရေး ဆောင်ရွက်ချက်များနှင့် ပတ်သက်၍လည်းကောင်း၊ ဇေယျာသီရိမြို့နယ်အုပ်ချုပ်ရေးမှူး ဦးတင်နွယ်က ဒေသဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ ကိစ္စရပ်များအား လည်းကောင်း၊ မြို့နယ်စည်ပင်သာယာရေး ကော်မတီဥက္ကဋ္ဌက မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ ကိစ္စရပ်များအားလည်းကောင်း အသီးသီး ပြောကြားခဲ့သည်။

ထို့နောက် တက်ရောက်လာသူများက ဒေသဖွံ့ဖြိုးရေးလိုအပ်ချက်များအားတင်ပြရာ တာဝန်ရှိသူများက ပြန်လည်ရှင်းလင်းဖြေကြားခဲ့သည်။ **(ရွှေရဲရင့်)**

# နယ်လှည့်စာကြည့်တိုက်နှင့် တိုင်းရင်းဆေးဖြင့် အခမဲ့ကုသပေးခြင်းလုပ်ငန်း ကွင်းဆင်း ဆောင်ရွက်

**ဆင်ပေါင်ဝဲ ဇူလိုင် ၂၀**
မကွေးတိုင်းဒေသကြီး ဆင်ပေါင်ဝဲ မြို့နယ် တောညောင်ပင်သာကျေးရွာနှင့် အင်ပင်လှကျေးရွာများသို့ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် မြို့နယ်တိုင်းရင်းဆေးကုဌာနတို့ ပူးပေါင်း၍ အသိပညာပေးဟောပြောပွဲနှင့် နယ်လှည့် စာကြည့်တိုက်ဖွင့်လှစ်ခြင်း၊ နံရံကပ်စာစောင်၊ ဓာတ်ပုံမှတ်တမ်းများပြသခြင်းနှင့် တိုင်းရင်းဆေးဖြင့် အခမဲ့ကုသပေးခြင်းလုပ်ငန်းများကို အဆိုပါကျေးရွာစာကြည့်တိုက်တွင် ဇူလိုင် ၁၇ ရက်က ကွင်းဆင်းဆောင်ရွက်ခဲ့ကြသည်။

ဟောပြောပွဲတွင် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဒေါ်မျိုးမျိုးသွယ်က အာဟာရနည်နေ့အကြောင်း သိကောင်းစရာများနှင့် ဗဟုသုတများ တိုးပွားစေရေးအတွက် စာအုပ်စာပေများ ဖတ်ရှုကြရန်နှင့် စံညီစာကြည့်တိုက် ပိုမိုရှင်သန်ခိုင်မာရေး ဟောပြောခဲ့သည်။

ယင်းနောက် မြို့နယ်လက်ထောက် တိုင်းရင်းဆေးမှူး ဒေါ်စန်းထွေးထွေးက တိုင်းရင်းဆေးဖြင့် ရောဂါများကို အမြစ်ပြတ်အောင်ကုသနိုင်ပုံများနှင့် မီးဖိုချောင်အတွင်းမှ ဆေးဖက်ဝင်သော အစားအသောက်များ၏ အစွမ်းသတ္တိများအကြောင်းတို့ကို ဟောပြောကာ ကလေးနှင့် လူကြီးများအား ကျန်းမာရေးစစ်ဆေးမှုများ ပြုလုပ်ပေးခဲ့သည်။

ဆက်လက်၍ (၆၉) နှစ်မြောက် အာဟာရနည်နေ့ အထိမ်းအမှတ် နံရံကပ်စာစောင်၊ ဓာတ်ပုံပြပွဲတို့ကို ကြည့်ရှုကြပြီး အဆိုပါကျေးရွာများသို့ ကွင်းဆင်းရာတွင် ကလေးရော လူကြီးများပါ ရာသီတုပ်ကွေးဖျားများဖြစ်နေကြရာ တစ်အိမ်လျှင် မိသားစုငါးယောက်ရှိက လေးယောက်ခန့် ဖျားနေကြကြောင်း လာရောက်ပြသသည့် လူနာတို့၏ ပြောကြားချက်အရ သိရသည်။

**မျိုးမျိုး(ဆင်ပေါင်ဝဲ)**

# မောက်မယ်ဒေသထွက် ရင်ကွဲ သရက်လှိုင်လှိုင်ထွက်ချိန် လှမ်းလာခဲ့စေချင်



**à pkaZmfvwf(vif;ac;)**

"မောက်မယ် သရက် လှိုင်လှိုင်ထွက်. . . ၁၀ လုံးခြောက်ရာ ဈေးပေါ်စွာ အသီးမှာ (မောက်မယ်)သရက် အသားမှာ. . ဝက်ဟုပင် ဆိုချင်ချင် ရှမ်းအညာ ကျောင်းတော်ရှေ့က ပုံချရောင်းတဲ့ ဈေးလေးမှာ မောက်မယ် ရင်ကွဲ သရက်သီးပေါတဲ့အချိန် . . . "

ယခုအချိန်အခါ ဇွန်၊ ဇူလိုင် မိုးတွင်းကာလ ရောက်ခဲ့ပြီဆိုလျှင် နိုင်ငံတစ်ဝန်း နေရာဒေသအသီးသီးတို့၌ သရက်သီးပေါ်ချိန်၊ ပေါများချိန်ဖြစ်သည်နှင့်အညီ ရှမ်းပြည်နယ်(တောင်ပိုင်း)လင်းခေး၊ မိုးနဲ၊ မောက်မယ်၊ မိုင်းပန်မြို့တို့တွင်လည်း ဒေသထွက် သရက်သီးအမျိုးမျိုးကို တစ်မြို့နှင့်တစ်မြို့၊ တစ်နယ်မှထွက်သော သရက်သီး တစ်နယ်ပို့စနစ်ဖြင့် ကူးသန်းသွားလာ ရောင်းဝယ်သမှု ပြုလျက်ရှိကြသည်ကို လေ့လာတွေ့ရှိနိုင်ပါသည်။

မန္တလေး(ရင်ကွဲသီး)အရသာကဲ့သို့ ချိုမြိန်ရသာ မွှေးသည့်ရနံ့သာသည့် မောက်မယ်သရက်က ဤနယ်တစ်ဝိုက်၌ နာမည်ကြီးလှသည်။ အလုံးငယ်လျှင် ၁၀ လုံး ကျပ် ၅၀၀၊ အလုံးကြီးက ၁၀ လုံးလျှင် ကျပ် ၆၀၀ သာ ရောင်းချကြသောကြောင့် ရောင်းဝယ်ဖောက်ကားသူများမှာ အရောင်းသွက် ဝင်ငွေကောင်းလျက်ရှိကြောင်း မောက်မယ်မြို့မှ တိုက်ရိုက်လာရောက်ရောင်းချသည့် သရက်သီးသည်များက ပြောကြားသည်။

စာရေးသူတို့ နေထိုင်ရာ မြို့သို့ လာရောက်ရောင်းချလျက်ရှိသည့် အသီးအနှံများထဲတွင် လင်းခေးခရိုင် မောက်မယ်မြို့နယ်မှ ထွက်ရှိသော (မောက်မယ်ရင်ကွဲသရက်သီး) လှိုင်လှိုင်ပေါ်ထွက်နေချိန်ဖြစ်ပါသည်။ ချိုမြိန်သောအရသာ၊ သက်သာသောဈေးနှုန်း၊ လတ်ဆတ်သည့် (ဩဂဲနစ်စစ်စစ်)မောက်မယ်ဒေသ ခြံထွက်အသီး နာမည်ကြီးဖြစ်သောကြောင့် စာရေးသူတို့ ရှမ်းအညာ(လင်းခေး)မြို့၏ မဟာမြတ်မုနိဘုရားကျောင်းတော်ရှေ့တွင် မောက်မယ်သရက်သီးများ ဝယ်ယူအားပေးနေကြသည် ဈေးသွားဈေးလာသူများအား ရှမ်းစော်ဘွားမြို့လေးတစ်မြို့ဖြစ်သည့် မောက်မယ်မြို့ကလေးအကြောင်း သွားရောက်လေ့လာမေးမြန်းခဲ့သည်ကို စာရေးသူလေ့လာခဲ့ဖူးသမျှအထဲမှ တစေ့တစောင်းအားဖြင့် ရေးသားဖော်ပြလိုက်မိပါသည်။

ရှမ်းပြည်နယ်(တောင်ပိုင်း) လင်းခေးခရိုင်အတွင်းရှိ ရှေးယခင် ရှမ်းစော်ဘွားတို့ စံပျော်ရာ မြို့လေးတစ်မြို့။ လင်းခေးနယ်တစ်ဝိုက်၌ ရှမ်းစော်ဘွားများက မိုးနဲ၊ မောက်မယ်၊ မိုင်းပန်မြို့တို့သည် စော်ဘွားများက နေရာဒေသရာသီဥတုနှင့် ရေမြေသဘာဝအလှကို သဘောကျမက်မော၍ အနားယူအပန်းဖြေစရာ ကောင်းလှသည်ဟု အယူအဆဖြင့် ဤဒေသတို့တွင် အခြေစိုက် နေထိုင်အုပ်ချုပ်ခဲ့ကြဟန်ရှိခဲ့ကြကြောင်း မောက်မယ်နယ်ဖွားသက်ကြီးရွယ်အို(ရှေ့မီနောက်မီ)တို့၏ပြောပြချက်အရ စာရေးသူလေ့လာ မှတ်သားခဲ့ရဖူးပါသည်။

မိုးနဲမြို့၏ အရှေ့တောင်ဘက်မှ ၂၇ မိုင်၊ လင်းခေးမြို့၏ မြောက်ဘက်အရပ်မှ ၂၆ မိုင်ကွာဝေးကာ လင်းခေးမြို့နယ် ဝမ်ဟတ်တိုက်နယ်(ယခင်အခေါ်)မှ ၁၃ သုံးမိုင်သာ ကွာဝေးသော နေရာ၌ တည်ထားသည့် တောင်ပေါ်မြေပြန့် မြို့ငယ်ကလေးတစ်မြို့ဖြစ်သည်။

လျှိုမြောင်စိမ့်စမ်း၊ ရေတံခွန်များက အသွယ်သွယ်ပေါများသည်။ သဘာဝရာသီဥတုမှာ အေးမြသာယာနေထိုင်ချင်စရာ မြို့တစ်မြို့လည်း ဖြစ်ပေသည်။ ဒေသထွက် မောက်မယ်ရှောက်ချိုသီးဟုဆိုလျှင် မသိသူမရှိ လူတိုင်းရင်မှာ စွဲမက်ကြသည်။ ထို့အပြင် တစ်ချိန်က နာမည်ကြီး အလှဆင်ကျောက်ထုဆစ်ရာ ဒေသတစ်ခုလည်းဖြစ်ခဲ့သည်မှာ ယခုတိုင်ပြုလုပ်ရောင်းချသူများရှိလေသည်။

"တောင်ကြီးမောက်မယ် သနပ်ခါးကြော်ငြာ" အမြင်ဖြင့် မောက်မယ်မြို့အား လူသိပိုမိုများပြားလာစေခဲ့ပါသည်။ မြင်တွေ့ကြားရသူတို့၏ နှုတ်ဖျားဝယ် "တောင်ကြီးမောက်မယ် တောင်ကြီးမောက်မယ်" သနပ်ခါးပင်ဖြစ်ခဲ့ကြသေးသည်။ ၎င်းနှင့်ပတ်သက်၍ စာရေးသူက လေ့လာတင်ပြနိုင်ခြင်းမရှိသေးပါ။ အထင်ကရ ဖြစ်သည့်ထဲမှ ရှောက်ချို၊ သရက်သီး နာမည်ကြီးသည်နှင့်အညီ ၎င်းရာသီချိန်ရောက်ခဲ့လျှင် လှိုင်လှိုင်သီးလျက်ရှိနေသော ရှောက်ချိုနှင့် သရက်ခြံများသို့ သွားရောက်လေ့လာကြည့်ရှုငေးမောရင်း မောက်မယ်မြို့မှ မောင်ကြီးမပြန်ချင်စိတ်က မောက်မယ်ရှောက်ချိုသီးနှင့် မောက်မယ်သရက်သီးတို့၏ ဆွဲဆောင်မှုအားတစ်ခုဟု ခံစားရမိခဲ့ပါသည်။

လင်းခေးနယ်တစ်ဝိုက်မှ ဒုတိယပုဂံမြေဟု တင်စားသမုတ်ခေါ်ဆိုခဲ့ကြသည့် တစ်မျိုးလေးလှသည့် မိုးနဲမြို့က မောက်မယ်အထင်ကရ အလှအားလုံးရှုံးရမလောက်ပင် ဆိုရပေမည့် မောက်မယ်မြို့တွင် ရာဇဝင်မှာသတင်းကြီးခဲ့သည့် မင်းသမီးလေးနန်းဖတ်ခုံ (ဟင်းနုန္တယ်မင်းသမီးလေး)နှင့် ဆင်ဖြူတော်ရာဇဝင်တွင်ခဲ့သော မောက်မယ်၊ မြို့ကျက်သရေဆောင် ရှေးဟောင်းလက်ရာစေတီပုထိုးများ၊ အလည်အပတ်သွားစရာလာစရာ ပေါများကာ သာယာစွာဖြင့် ယနေ့တိုင် ဆွဲဆောင်မှုအပြည့်ရှိနေသည့် (ရှမ်းစော်ဘွားမြို့ဟောင်း)မောက်မယ်။

ဂဒူးကြီး ဂဒူးလေး ဖြတ်ကျော်ကာသွား လွိုင်ကော်ကယား ငွေတောင်ပြည်သို့ နေ့ချင်းခရီးပေါက် အရောက်သွားလေမလား၊ ဆီဆိုင်မြို့ တစ်ခေါက်နား ဟိုပုံးမြို့ဖြတ်သွား တောင်ကြီးမြို့သို့ နေ့ချင်းပြန် သွားဦးမလားဆိုသည်။ ယဉ်သည် ချောသည် မနောဖြူသည်၊ ခေတ်လည်းဆန်သည် မြန်မာ့ဟန်ညီသည့် မောက်မယ်သူ မောက်မယ်သားများကလည်း ဖြူစင်ရိုးသားသဘောကောင်းကြပေသည်။ ဗုဒ္ဓဘာသာ သာသနာထွန်းလင်းစေသည့် ရှမ်းတို့ရိုးရာ ဓလေ့ပွဲများဖြင့် စည်ကားသည့်အပြင် ပအိုဝ်းရိုးရာဓလေ့ပွဲများဖြင့်လည်း ပျော်စရာကောင်းလှပေသည်။

ထို့ကြောင့် တောင်ကြီးမောက်မယ် သနပ်ခါး၊ မောက်မယ် အလှဆင်ကျောက်၊ သဘာဝထွက် အထင်ကရ၊ မောက်မယ် ရှောက်ချိုသီးနှင့် မောက်မယ်(ရင်ခွဲသရက်) ရှမ်းအခေါ် "မတ်မုန်လမ်" သရက်သီးတို့၏ ချိုမြိန်သောအရသာ၊ သာယာလှပသည့် သဘာဝ အထင်ကရနေရာများတို့က မောတို့၌ာနေ မောက်မယ်မြေကို အလည်တစ်ခေါက်ဖြင့် အမြန်အရောက် လှမ်းလာခဲ့ပါကလားဟု စာရေးသူက မောက်မယ်သရက်သီး လှိုင်လှိုင်ပေါ်များချိန်ခါသမယနှင့်အတူ ဖိတ်ခေါ်ရေးသားဖော်ပြလိုက်ရပါသည်။

## ကျေးရွာမြေငှားဂရန်(မြေငှားစာချုပ်)များ ပေးအပ်

**ကျိုက်ထို ဇူလိုင် ၂၀**

ကျိုက်ထိုမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၏ ရက် ၁၀၀ စီမံချက်အရ ကျူချောင်ကျေးရွာအုပ်စု သံတံတားကျေးရွာနေ ပြည်သူများအား ကျေးရွာမြေငှားဂရန် (မြေငှားစာချုပ်)များ ထုတ်ပေးရန်ဆောင်ရွက်ခဲ့ပြီးနောက် မြေငှားဂရန်ပေးအပ်ပွဲကို မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ဇူလိုင်၁၆ရက်က ပြုလုပ်ခဲ့သည်။

မြေငှားဂရန်ပေးအပ်ပွဲတွင် မွန်ပြည်နယ် စီမံကိန်း၊ ဘဏ္ဍာရေး၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီး ဦးဝဏ္ဏကျော်က မွန်ပြည်နယ်အတွင်း တစ်မြို့နယ်လျှင် ကျေးရွာတစ်ခုစီတွင် မြေငှားဂရန်ချပေးရန် ပြည်ထဲရေးဝန်ကြီးဌာနက ညွှန်ကြားမှုကြောင့် မြေငှားဂရန်ချထားပေးရေးနှင့် ပတ်သက်၍ ဥပဒေ၊ နည်းဥပဒေများနှင့်အညီ ကျေးရွာမြေငှားဂရန်များ ချထားပေးသွားမည်ဖြစ်ကြောင်း၊ သထုံခရိုင် အတွင်း မြို့နယ်လေးခုရှိရာ ကျိုက်ထို မြို့နယ် ကျူချောင်ကျေးရွာအုပ်စု သံတံတားကျေးရွာနေ ပြည်သူ ၃၈ ဦးအတွက် မြေငှားဂရန်များကို ပထမဆုံးပေးအပ်ခြင်းဖြစ်ကြောင်း ပြောကြားသည်။

သထုံခရိုင်အုပ်ချုပ်ရေးမှူး ဦးတေဇာအောင်ကလည်း ရက် ၁၀၀ စီမံချက်ကာလအတွင်း ပြည်သူ့အကျိုးပြု လုပ်ငန်းအဖြစ် ဥပဒေ၊ နည်းဥပဒေများနှင့်အညီ တစ်မြို့နယ်တွင် ကျေးရွာတစ်ရွာစီကို မြေငှားဂရန်များ ထုတ်ပေးသွားမည်ဖြစ်ကြောင်း၊ ကျေးရွာနေပြည်သူများ အနေဖြင့် မိမိနေထိုင်သည့် မြေယာများပေါ်တွင် ခိုင်မာစွာ နေထိုင်နိုင်ရန်အတွက် မြေငှားဂရန်များကို ချထားပေးခြင်းဖြစ်ကြောင်း၊ သံတံတားကျေးရွာတွင် လူနေအိမ်ခြေ ၄၄ အိမ်၌ အိမ်ထောင်စု ၄၈ စု နေထိုင်လျက်ရှိပြီး လျှောက်ထားသူ ၄၄ ဦးအနက် ဥပဒေနှင့်ညီညွတ်မှုမရှိသည့် လျှောက်လွှာလေးခု၊ မြေယာအငြင်းပွားသည့် နေအိမ်နှစ်အိမ်ရှိသည့်အတွက် ဥပဒေနှင့်အညီ စိစစ်ပြီး ချပေးခြင်းဖြစ်ကြောင်း ရှင်းလင်းပြောကြားကာ မြေငှားဂရန်ရရှိသူ ၃၈ ဦးအား ဝန်ကြီးနှင့် တာဝန်ရှိသူများက မြေငှားဂရန်များ ပေးအပ်ခဲ့ကြသည်။

**သန်းသန်းမော်(ပြန်/ဆက်)**

## ထရန်စဖော်မာ ၄၀၀ ဗို့ဓာတ်အားလိုင်းနှင့် ကွန်ကရစ်ဓာတ်တိုင်များ ချိတ်ဆက်သွယ်တန်းမှုပြီးစီး

**မိုးနဲ ဇူလိုင် ၂၀**

ရှမ်းပြည်နယ် (တောင်ပိုင်း) လင်းခေးခရိုင် မိုးနဲမြို့နယ် မြို့နယ်လျှပ်စစ်ဓာတ်အား ဖြန့်ဖြူးရေးလုပ်ငန်း၏ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် ရက် ၁၀၀ စီမံချက် ၂၀၀ ကေဗွီအေ ထရန်စဖော်မာ နှစ်လုံး၊ ၄၀၀ ဗို့ဓာတ်အားလိုင်းနှင့် ကွန်ကရစ်ဓာတ်တိုင်များ ချိတ်ဆက်သွယ်တန်းခြင်း ရာနှုန်းပြည့်ပြီးစီးမှု အခြေအနေများကို မြို့နယ်လျှပ်စစ်မှူး ဦးခင်မောင်အေးနှင့် တာဝန်ရှိသူများက ယနေ့နံနက်ပိုင်းက တပ်ဆင်ပြီးစီးနေမှု အခြေအနေအား ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

အဆိုပါလုပ်ငန်း ဆောင်ရွက်ပြီးစီးမှုနှင့်အတူ လျှပ်စစ်ဓာတ်အားသုံးစွဲသူ ပြည်သူများအား ဓာတ်အားအပြည့်အဝ သုံးစွဲနိုင်ရေးအတွက် လျှပ်စစ်ဓာတ်အားကို ဇူလိုင်လအတွင်း ဖြန့်ဖြူးပေးနိုင်ရေး စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း တာဝန်ရှိသူ၏ ပြောကြားချက်အရ သိရသည်။

**မျိုးညွန့်ရွှေ (မိုးနဲ)**



## ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ကွင်းဆင်းစစ်ဆေး

**မန်စီ ဇူလိုင် ၂၀**

ကချင်ပြည်နယ် ဗန်းမော်ခရိုင် မန်စီမြို့နယ် ကျေးလက်ဒေသများတွင် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ပေးနိုင်ရန်အတွက် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးချင်းဖေလင်း၊ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်ဦးမင်းမင်းနှင့် တာဝန်ရှိသူများသည် ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ် ပြည်ထောင်စုလွှတ်တော်ရန်ပုံငွေဖြင့်ဆောင်ရွက်မည့် ငွေကျပ်သိန်း ၅၀ အောက် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ရန် တင်ပြထားသော လုပ်ငန်းများအနက် အမှန်တကယ်လိုအပ်သည့် လုပ်ငန်းများ စိစစ်ရွေးချယ်တင်ပြနိုင်ရေး၊ ရီခူးမံခံ၊ ကုန်းတိမ်၊ မံဝိန်လေး၊ မံသဲ၊ မိုင်းခေါင်၊ တောင်းလိန်၊ စံလွန် ပန်ဆပ်၊ ဟန်ထက်၊ ငွေ့ကြီး၊ မံမကောက်၊ မံသာ၊ မံရ၊ သံတံတား၊ စီကော်၊ စီခမ်းကြီးကျေးရွာတို့သို့ ဇူလိုင်လ တတိယပတ်က ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

# စနစ်တကျ စွန့်ပစ်ကြပါစို့

ခ အောင်ဖြိုးကျော်

လူများဟာ အမှိုက်ကို လမ်းဘေးမှာပစ်၊ ချောင်းထဲမှာပစ်၊ မြစ်ထဲမှာပစ်၊ ဘယ်သူက စပုံလိုက်မှန်းမသိတဲ့ အမှိုက်ပုံမဟုတ်တဲ့ အမှိုက်ပုံလိုလိုနေရာမျိုးမှာပစ်ခြင်းတွေဟာ ကျွန်တော်တို့နေထိုင်ရာ ပတ်ဝန်းကျင်တွင် မကြာခဏ တွေ့မြင်နေရတဲ့ အပြုအမူများဖြစ်ပါတယ်။

ယနေ့ခေတ် လူအများစုဟာ "ပြုပြင်ပြောင်းလဲရေး" ဆိုပြီး ကြွေးကြော်နေကြသလို ကိုယ်တိုင်လည်း ပြုပြင်ပြောင်းလဲဖို့ လိုပါတယ်။ "ကားပေါ်မှ အမှိုက်ပစ်မချရ။ ကွမ်းတံတွေးမထွေးရ၊ လမ်းသွားရင်း အမှိုက်မပစ်ရ၊ လမ်းဘေးအမှိုက်ပုံးတွင်ထည့်ပါ၊ အမှိုက်များကို အမှိုက်ပုံးအတွင်းသို့ စွန့်ပစ်ပါ" စသည့် လက်ကမ်းစာစောင်များနှင့် ပိုစတာများကို မြင်ဖူးကြပါလိမ့်မယ်။ မြင်ဖူးပေမယ့် စည်းကမ်းလိုက်နာမှုတော့ အလွန်အားနည်းနေကြပါတယ်။ "အမှိုက်မပစ်ရ၊ ဒဏ်ငွေ -------" ဗီနိုင်းချိတ်ဆွဲထားသောအောက်တွင် အမှိုက်များ စုပုံနေတာကိုလည်း မြင်ဖူးကြမှာပါ။ လက်ကမ်းစာစောင်များဝေခြင်း၊ ပိုစတာများ ကပ်ခြင်း၊ ဗီနိုင်းများချိတ်ခြင်းထက် စွန့်ပစ်သူများက စည်းကမ်းလိုက်နာပြီး ကိုယ့်အသိစိတ်ဓာတ်ဖြင့် အမှိုက်များကို စနစ်တကျစွန့်ပစ်ဖို့ များစွာလိုအပ်ပါတယ်။

ဒါပေမယ့် လူအများစုဟာ သွားရင်းလာရင်းနဲ့ အမှိုက်ကို အလွယ်တကူ စွန့်ပစ်နေကြပါတယ်။ ဒီလိုစွန့်ပစ်မှုများကြောင့် လမ်းမတွေပေါ်နဲ့ မြောင်းတွေထဲမှာ အမှိုက်များ တွေ့နေရပါတယ်။ မိုးတွင်းကာလမှာဆိုရင် မြောင်းတွေထဲမှာ အမှိုက်များ ပိတ်ဆို့သဖြင့် လမ်းမတွေပေါ် ရေလျှံနေတာ နှစ်စဉ်လိုလို တွေ့မြင်နေရပါတယ်။ ပင်လယ်သမုဒ္ဒရာများ၊ မြစ်ချောင်းအင်းအိုင်များ၊ ရေမြောင်းများအတွင်းသို့ အမှိုက်စွန့်ပစ်ခြင်းကြောင့် ရေထုညစ်ညမ်းပြီး ရေသတ္တဝါများကို သေစေနိုင်ပါတယ်။ ဒါတင်မက လူအများစုက သောက်သုံးရေအတွက် မြေအောက်ရေကို အားကိုးနေကြရပါတယ်။ မိုးရွာချလိုက်လို့ ဒီအမှိုက်တွေ ဖြတ်ပြီးစီးလာတဲ့ရေတွေဟာ မြေအောက်ရေလွှာထဲ ရောက်သွားရင် ရေတွေ ညစ်ညမ်းသွားမယ်။ မြစ်၊ ချောင်းတွေ ညစ်ညမ်းနေတာ မျက်စိနဲ့ မြင်တွေ့ရနိုင်ပေမယ့် မြေအောက်ရေညစ်ညမ်းနေတာကိုတော့ မျက်စိနဲ့ မမြင်နိုင်ပါ။

သို့ပါ၍ တာဝန်ရှိသူတွေဘက်က အမှိုက်စွန့်ပစ်ခြင်းနဲ့ ပတ်သက်ပြီး အသိပညာပေးခြင်း၊ စည်းကမ်းတင်းကျပ်ခြင်း စသည့်တို့ကို လုပ်ဆောင်သင့်ပါတယ်။ ထို့အတူ ပြည်သူတွေဘက်ကလည်း အမှိုက်ကို စနစ်တကျ စွန့်ပစ်သင့်ပါတယ်။ မိုးရာသီမရောက်ခင်မှာ ကိုယ်ရဲ့အိမ်ရှေ့က မြောင်းတွေကို တူးသင့်တာတူး၊ ဆယ်ယူသင့်တာ ဆယ်ယူတာတို့ကို လုပ်ဆောင်သင့်ပါတယ်။ ဒီလိုကိုယ်စီအသိစိတ်ဖြင့် လုပ်ဆောင်မည်ဆိုပါက မိုးရာသီတွင် မြောင်းတွေဟာ ရေစီးရေလာကောင်းမွန်ပြီး လမ်းပေါ်မှာ ရေမတင်ကျန်သဖြင့် သွားရေးလာရေး အဆင်ပြေချောမွေ့စေနိုင်ပါတယ်။

လူတချို့က အမှိုက်ကို စွန့်ပစ်ရာမှာ ဆင်ခြေပေးကြပါတယ်။ အမှိုက်ကားမလာလို့ လမ်းဘေးမှာပုံထားတာပါတဲ့။ အမှိုက်ပုံးတွေရှိတယ်ဆိုပေမယ့်လည်း အမှိုက်ပစ်ချင်သူတွေက စည်းကမ်းတကျပစ်မယ်ဆိုရင်တောင် အဲဒီအမှိုက်ပုံးနားကပ်ဖို့ ခက်ခဲလောက်အောင် ညစ်ပတ်နံဟောင်နေတာဆိုတော့ အမှိုက်ကို အမှိုက်ပုံးထဲရောက်အောင် မစွန့်ပစ်ကြဘူး။ တချို့ကျပြန်တော့ လမ်းဘေးမှာ ချထားပေးသော အမှိုက်ပုံးများကို ပျက်စီးအောင်ပြုလုပ်ထားတာတွေ့မြင်ရပါတယ်။ အမှိုက်ကို အမှိုက်ပုံးရဲ့ဘေးမှာပဲ လွယ်လင့်တကူ ပုံထားကြတယ်။ အမှိုက်ကို လမ်းဘေးမှာပုံတာတို့၊ စည်းမဲ့ကမ်းမဲ့ပစ်တာတို့က အင်မတန်ရှက်စရာလည်း ကောင်းပါတယ်။ လူမြင်လည်း မသင့်တော်ပါဘူး။

အမှိုက်ပုံးတွေရှိပေမယ့်လည်း လမ်းဘေးမှာတင် ကြုံသလို ပစ်ထားတဲ့ အမှိုက်ပုံငယ်တွေ အများကြီးမြင်နေရပါတယ်။ ဒီလိုသာစွန့်ပစ်နေကြမယ်ဆိုရင် အမှိုက်ပြဿနာကြောင့် အရောင်မထွက်တဲ့မြို့ကြီးများ ဖြစ်သွားနိုင်ပါတယ်။ အသိဉာဏ်ရှိသည်ဆိုသော လူသားတို့၏ စည်းကမ်းဖောက်ဖျက်မှုကြောင့် မြို့ရဲ့ပုံရိပ်ကို အကျည်းတန်စေသော မြင်ကွင်းများကို များစွာမြင်တွေ့နေရပါတယ်။

တစ်ယောက်မှစ လူသားတို့ စည်းကမ်းမဲ့စွာ နေရာတကာမှာ စွန့်ပစ်နေကြတဲ့ အမှိုက်များဟာ ကမ္ဘာ့ဂေဟစနစ်တွေကို ထိခိုက်စေနိုင်ပါတယ်။ အမှိုက်တွေ ဆွေးမြည့်ပျက်စီးသွားဖို့ အချိန်အတိုင်းအတာတစ်ခုအထိ လိုအပ်ပါတယ်။ အမှိုက်အမျိုးအစားအလိုက် ဆွေးမြည့်သွားဖို့ လိုအပ်မယ့်အချိန်တွေကတော့ တစ်သျှူးစက္ကူဆိုရင် ၂ ပတ်မှ ၄ ပတ်အထိ၊ သတင်းစာစက္ကူဆိုရင် ၆ ပတ်၊ အထပ်သား ၁ နှစ်မှ ၃ နှစ်အထိ၊ ဆေးလိပ်တို(ဆေးလိပ်အစီခံ)ဆိုရင် ၁၀ နှစ်မှ ၁၂ နှစ်အထိ၊ ပလတ်စတစ်ပုလင်းဆိုရင် နှစ်ပေါင်း ၄၅၀ အထိ၊ ဖန်ပုလင်းတွေဆိုရင် နှစ်သန်းပေါင်းများစွာကြာမှ ဆွေးမြည့်ပျက်စီးနိုင်တယ်လို့ သိရပါတယ်။

စွန့်ပစ်အမှိုက်များကြောင့် မြေဆီလွှာတွေလည်း ပျက်စီးလာပါတယ်။ သို့ပါ၍ အပင်တွေအတွက်လိုအပ်တဲ့ အာဟာရဓာတ်မပြည့်စုံမှုကြောင့် သီးနှံထွက်နှုန်းသာမက အရည်အသွေးလည်း ကျဆင်းလာရပါတယ်။ ထိုသို့ အရည်အသွေးညံ့ဖျင်းသောသီးနှံများကို စားသုံးရှင်သန်နေကြရသည့် လူနှင့် တိရစ္ဆာန်တို့လည်း ကျန်းမာရေးယိုယွင်းမှုများ ဖြစ်လာနိုင်ပါတယ်။

ယခုအခါ နိုင်ငံတကာမှာ စွန့်ပစ်အမှိုက်များကို စနစ်တကျခွဲခြား စွန့်ပစ်စေပါတယ်။ စနစ်တကျ ခွဲခြားစုစည်းထားသော စွန့်ပစ်အမှိုက်များကို စွမ်းအင်အဖြစ် ထုတ်လုပ်ခြင်းများ ပြုလုပ်နေကြပါတယ်။ ထိုသို့ ဆောင်ရွက်ခြင်းများကြောင့် သဘာဝပတ်ဝန်းကျင်ညစ်ညမ်းမှုကို မဖြစ်စေသည့်အပြင် အမှိုက်ပြဿနာကိုလည်း အထိုက်အလျောက် ပြေလည်စေနိုင်ပါတယ်။ ထို့ပြင် ယနေ့မျက်မှောက်ကာလတွင် ကြုံတွေ့နေရသော ကမ္ဘာကြီးပူနွေးလာမှု၊ ဖန်လုံအိမ်ဓာတ်ငွေ့ပြဿနာမှအစ လူသားတို့အတွက် မရှိမဖြစ်လိုအပ်သည့် မြေ၊ ရေ၊ လေတို့ ပျက်စီးမှုများကိုလည်း လျော့ကျလာစေနိုင်ပါတယ်။

မြို့ပြစီမံကိန်းတွေကို အကောင်ထည်ဖော်ရာမှာပဲဖြစ်ဖြစ်၊ အထူးစီးပွားရေးဇုန်တွေကို အကောင်အထည်ဖော်ရာမှာပဲဖြစ်ဖြစ် သဘာဝပတ်ဝန်းကျင်နဲ့ မြို့ပြစိမ်းလန်းစိုပြည်ရေး ထိခိုက်မှုမရှိအောင် စဉ်းစားပြီးမှသာ စီမံကိန်းတွေကို အကောင်ထည်ဖော်သင့်ပါတယ်။

လူမှုပတ်ဝန်းကျင်မှာ အမှိုက်ဟာ ပြဿနာပေါင်းများစွာကို ဖြစ်ပွားစေပါတယ်။ မြို့တွေမှာ လမ်းဘေး အမှိုက်ပုံတွေက အနံ့အသက်များကြောင့် လမ်းသွားလမ်းလာတွေကို ကျန်းမာရေးထိခိုက်စေပါတယ်။ အမှိုက်ပုံတွေမှာ ကြွက်၊ ခွေး၊ ငှက် စသည်တို့ ကျင်လည်ကျက်စားလေ့ရှိတာကြောင့် ဒီတိရစ္ဆာန်တွေကနေတစ်ဆင့် ပလိပ်ရောဂါ၊ ဦးနှောက်အမြှေးရောင်၊ အဆုတ်ရောင်နဲ့ Toxoplasma gondii လို့ခေါ်တဲ့ ကပ်ပါးကောင်ကတစ်ဆင့် ကူးစက်တဲ့ရောဂါတွေ ကူးစက်ဖြစ်ပွားနိုင်ပါတယ်။

မြို့နေလူထုက ဆိုင်ကယ်၊ ကား၊ ရထားပေါ်ကနေ စားကြွင်းစာကျန်နဲ့ အမှိုက်ပစ်ချတာ၊ အထပ်မြင့်တိုက်တွေရဲ့ နောက်ဖေးလမ်းကြားတွေမှာ တိုက်ပေါ်နေထိုင်ကြတဲ့သူတွေ ပစ်ချကြတဲ့ အမှိုက်၊ အညစ်အကြေး၊ လမ်းဘေးဈေးသည်တွေက ချထားခဲ့ကြတဲ့ အမှိုက်သရိုက်တွေနဲ့ ဈေးကြီးတွေကနေထွက်လာတဲ့ အမှိုက်တွေ စတဲ့အမှိုက်တွေက အမျိုးအစားစုံလင်နေတာကြောင့် သိမ်းရတဲ့ဝန်ထမ်းတွေလည်း နိုင်နင်းပုံမပေါ်တော့ပါဘူး။ ဒါကြောင့် သိမ်းရတဲ့သူများ လွယ်ကူမြန်ဆန်လာအောင် အမှိုက်စွန့်ပစ်သူတွေဘက်ကလည်း စနစ်တကျ အိတ်နဲ့ထုပ်ပြီး စွန့်ပစ်သင့်ပါတယ်။ ကွမ်းစားသူတွေအနေနဲ့လည်း ကွမ်းတံတွေးအိတ်ကို အသုံးပြုကာ လုံခြုံစွာစည်းနှောင်ပြီး အမှိုက်ပုံးထဲသို့ စွန့်ပစ်သင့်ပါတယ်။ စည်းကမ်းမဲ့စွာ ကွမ်းတံတွေးထွေးခြင်းကြောင့် အခြားသူများနှင့် မြို့တော်အလှကို ညစ်နွမ်းစေပါတယ်။ စနစ်တကျ အမှိုက်ကိုစွန့်ပစ်ကြမယ်ဆိုရင် ကုန်ကျစရိတ်များပြားတဲ့ အမှိုက်သိမ်းစနစ်အတွက် ကုန်ကျစရိတ် သက်သာလာမှာဖြစ်ပါတယ်။

ကမ္ဘာ့လူဦးရေတိုးပွားလာမှုနှင့်အတူ စက်မှုနည်းပညာဖွံ့ဖြိုးလာမှုကြောင့် စွန့်ပစ်ပစ္စည်းများကို သိပ္ပံပညာရှင်များက နည်းလမ်းအမျိုးမျိုး ဒီပြဿနာဖြေရှင်းနိုင်ရန် ကြိုးပမ်းနေကြပါတယ်။ ဒါကြောင့် တိုးတက်နေတဲ့နိုင်ငံတွေမှာ ရေသန့်ဘူးခွံ၊ သံဘူးခွံတွေဆိုရင် ဘယ်ပုံးထဲမှာပစ်ရမယ်။ Recycle လုပ်လို့ရတဲ့ အမှိုက်ဆို ဘယ်လိုပစ်ရမယ်။ အမှိုက်ပုံးလေးတွေမှာ အမှိုက်စို၊ အမှိုက်ခြောက်တွေကို ခွဲခြားပစ်ပေးဖို့ သတ်မှတ်ပေးထားတယ်လို့ သိရပါတယ်။

ယခင်ကတည်းက မြန်မာလူမျိုးများဟာ သတင်းစာ၊ ပုလင်းဟောင်းများကို ပြန်လည်ရောင်းချခြင်းအားဖြင့် ပြန်လည်အသုံးချတီထွင်ခြင်း (Recycle) နှင့်ပတ်သက်သော အလေ့အကျင့်ကောင်းရှိခဲ့ပါတယ်။ ၎င်းမှာ အမှိုက်လျှော့ချရေးအတွက် အကျိုးများစွာရှိပါတယ်။ ဒါကြောင့် ကျွန်တော်တို့ဟာ (Reduce) လျှော့ချခြင်း၊ (Reuse) ပြန်သုံးစွဲခြင်း၊ (Recycle) ပြန်လည်အသုံးချခြင်း စသည့် 3R သုံးပြီး အမှိုက်များကို လျှော့ချစေချင်ပါတယ်။ ပလတ်စတစ်အိတ်နှင့် အမှိုက်ဖြစ်စေနိုင်သော အခြားအရာများသုံးစွဲခြင်းအား လျှော့ချပေးခြင်း၊ အရည်ထည့်သည့်ဘူး (သို့) ချိုင့်၊ ခြင်း၊ အကြိမ်ကြိမ်သုံးနိုင်သောအိတ်များကို သုံးခြင်းဖြင့် သုံးစွဲမှုနှင့် အမှိုက်ထုတ်လုပ်မှုကိုလျှော့ချပြီး၊ ပစ္စည်းများအား ပြန်အသုံးပြုခြင်းသည် သင့်ပတ်ဝန်းကျင်သန့်ရှင်းရေးအား အထောက်အကူပြုပြီး အမှိုက်လျှော့ချနိုင်ပြီး အသုံးပြုပြီးသား ဖန်ပစ္စည်း (သို့) ပုလင်းများအား ပြန်လည်အသုံးပြုခြင်းနှင့် ပြန်လည်တီထွင် အသုံးချနိုင်သောပစ္စည်းများကို ရောင်းခြင်းသည် ပြန်လည်တီထွင်အသုံးချမှုအတွက် ထိရောက်သောနည်းလမ်းဖြစ်ပြီး ကျွန်တော်တို့အတွက်လည်း အပိုဝင်ငွေအချို့ကို ရရှိနိုင်ပါတယ်။

ရန်ကုန်မြို့တွင် ၂၀၁၂ ခုနှစ် ဧပြီလမှစပြီး အမှိုက်စိုနှင့် အမှိုက်ခြောက် ခွဲခြားခြင်းစနစ်အား စတင်ခဲ့ပါတယ်။ အမှိုက်စိုများကို အပြာရောင်အိတ်၊ အမှိုက်ခြောက်များကို အစိမ်းရောင်အိတ်များဖြင့် စနစ်တကျ သေသေချာချာချည်၍ အမှိုက်စွန့်ပစ်ရန်စနစ်များကို ကျင့်သုံးခဲ့ပါတယ်။ အစိုးရတာဝန်ရှိသူတွေကလည်း အမှိုက်ကင်းစင်ပြီး သာယာလှပအောင် ပြုလုပ်ပေးနေသလို ပြည်သူတွေဘက်ကလဲ ကိုယ်စီအသိစိတ်ဓာတ်ဖြင့် အမှိုက်ကို စနစ်တကျ စွန့်ပစ်သင့်ပါတယ်။ တာဝန်ရှိသူတွေနဲ့ ပြည်သူတွေ တစ်ဖက်ကိုတစ်ဖက်၊ သူ့ကြောင့် ကိုယ့်ကြောင့် အပြစ်တင်နေရုံနဲ့တော့ ပြီးသွားမှာမဟုတ်ပါဘူး။ အမှိုက်ကောက်ခြင်း၊ သန့်ရှင်းအောင် ဆောင်ရွက်ခြင်းဟာ လူထုကျန်းမာရေးအတွက် ကောင်းမွန်စေပါတယ်။ ဒါကြောင့် ကိုယ့်ပတ်ဝန်းကျင်လှပပြီး ရောဂါဘယကင်းစင်စေဖို့အတွက် လူတိုင်းကိုယ့်အားကိုယ်ကိုး အမှိုက်ရှင်းခြင်းဖြင့် တစ်ပိုင်တစ်နိုင် ပါဝင်ဆောင်ရွက်သင့်ပါတယ်။

ကျွန်တော်တို့ဟာ စည်းကမ်းတကျ အမှိုက်များကို စွန့်ပစ်ကြမယ်ဆိုရင် ပတ်ဝန်းကျင်တွင် ရောဂါဖြစ်ပေါ်စေနိုင်သည့် ပိုးမွှားအန္တရာယ်များမှ ကာကွယ်နိုင်ခြင်း၊ အနံ့ဆိုးများထွက်ရှိမှု လျော့နည်းလာနိုင်ခြင်း၊ အမှိုက်သိမ်းဆည်းရလွယ်ကူခြင်း၊ အမှိုက်သိမ်းလုပ်သားများ၏ ကျန်းမာရေးမထိခိုက်ခြင်း၊ မြို့တော်သန့်ရှင်းသာယာလှပပြီး အမြင်တင့်တယ်ခြင်း၊ စွန့်ပစ်အမှိုက်များမှ စွမ်းအင်ထုတ်လုပ်နိုင်ခြင်းတို့ကြောင့် လူမှုဝန်းကျင်တွင် အကျိုးကျေးဇူးများ ရရှိစေခြင်း၊ Recycle လုပ်ငန်းများ ဆောင်ရွက်ခြင်းဖြင့် ဝင်ငွေရရှိခြင်း စသည့်အကျိုးကျေးဇူးများ ရရှိစေပါတယ်။

အခုဆိုရင် လူမှုရေးအသင်းအဖွဲ့များက ဘုရားများ၊ သမိုင်းဝင်အဆောက်အအုံများ၊ ရပ်ကွက်များ၊ အများပြည်သူသွားလာနေသောနေရာများတွင် အမှိုက်ကောက်ပြီး မြို့သာယာလှပအောင် ဆောင်ရွက်နေကြပါတယ်။ မြန်မာနိုင်ငံဟာ သန့်ရှင်းသာယာလှပနေမယ်ဆိုရင် မြန်မာတို့၏ သန့်ရှင်းစင်ကြယ်မှု၊ စည်းကမ်းရှိမှုတို့ကို နိုင်ငံတကာမှ လာရောက် လေ့လာလည်ပတ်ကြသည့် ဧည့်သည်များက ချီးကျူးမဆုံးပြောဆိုနေကြလိမ့်မည်။

စည်းကမ်းမဲ့စွာ အမှိုက်ပစ်သူတွေကိုလည်း ဒဏ်ငွေပေးဆောင်ရမည့်အပြင် အသွားအလာများသောနေရာများတွင် အမှိုက်ကောက်ခိုင်းခြင်း ပြစ်ဒဏ်ပေးသင့်ပါတယ်။ ဒီလိုပြစ်ဒဏ်ပေးခြင်းအားဖြင့် စည်းကမ်းမဲ့ အမှိုက်စွန့်ပစ်သူများ သတိထားဆင်ခြင်လာမှာ ဖြစ်ပါတယ်။

အမှိုက်များကို စည်းကမ်းမဲ့စွာ မစွန့်ပစ်ကြဘဲ စည်းကမ်းတကျ စွန့်ပစ်တတ်တဲ့ အကျင့်လေးထားမယ်ဆိုရင်တော့ ကျွန်တော်တို့နိုင်ငံဟာ အမြဲတမ်းသန့်ရှင်းသာယာလှပနေမှာ ဖြစ်ပါတယ်။

ဒါကြောင့် အမှိုက်များ စွန့်ပစ်မယ်ဆိုရင် "စနစ်တကျ စွန့်ပစ်ကြပါစို့"။ ဟု တိုက်တွန်းလိုက်ရပါတယ်။





# Sein Gay Har Health & Fitness Fair

မိုးရာသီတွင် ရေမစိုဘဲမိမိအိမ်တွင်းအားကစားလေ့ကျင့်ခန်းများပြုလုပ်နိုင်ရန် လိုအပ်သော

စက်ကိရိယာများနှင့်အသုံးအဆောင်ပစ္စည်းများ အရောင်းပွဲ

up to 20% off

စိန်ဂေဟာ (ပြည်လမ်း)စင်တာ July 15~24
စိန်ဂေဟာ (လှည်းတန်း)စင်တာ Sep 5~11
စိန်ဂေဟာ (ပ်ရှိ)စင်တာ Aug 27~Sep 5




Home Gym (၁)မျိုး
ဘယ်ရိုဖ် (၁) လုံး
Code-1101

395140, 514673, 521118

# ဦးရာသီ အထူး Promotion
( July & August အတွင်းသာ )

All Item 20% + Polo Shirt

နံရံကပ် Wall Paper | အသင့်ခင်းကြမ်းခင်းပြား Laminated Floor | ရေစိုခံကြမ်းခင်းပြား Vinyl Floor



THREE FRIENDS CONSTRUCTION
SALE & DISTRIBUTION

No.(55), Kyitaw Housing, Upper Pazundaung Road, Mingalar taung nyunt Tsp, Ygn.
YGN : 01-9000355 , 09-250505775 , 09-799751615 | MDY : 02-5153452 , 09-971000142

01-293159
01-9000293
09-5160048
www.heincarrental.com

Unitex -100,150,220,250
Orient -200,250,300,350
Premier -250,350,400
ICI -350,450,700
Nippon -400,500,750
www.myanmarpaintgroup.com
09-799901512, 09-73174830, 09-5131799


## အများသိစေရန်ကြော်ငြာ

မြောက်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-(၈)၊ မြေကွက်အမှတ်(၂၆၈-၁/၂)၊ မြေကွက်တည်နေရာအမှတ်(၂၆၈-၁/၂)၊ နီလာ(၆)လမ်း၊ (ဒေါ်အေးရွှေ စီအီး-၀၁၉၄၅၈) အမည်ပေါက်နှစ်(၆၀)ဂရန်မြေအား အမည်ပေါက်ဒေါ်အေးရွှေ ကွယ်လွန်သဖြင့် ပိုင်ဆိုင်စာချုပ်အမှတ်(၄၃၂၆/၁၅)ဖြင့်ရရှိသူ ဦးခင်မောင်ကျော်[၁၂/ဥကမ(နိုင်) ၀၀၅၅၁၇]၊ ဒေါ်မြင့်မြင့်စန်း(N/OKA-၀၈၈၁၁၃)တို့မှ ဂရန်ပျောက်ဆုံးကြောင်းတင်ပြ၍ ၎င်းတို့ထံမှ အထွေထွေကိုယ်စားလှယ်လွှဲစာအမှတ် (၂၀၄၃/၁၄)ဖြင့်ရရှိသူ ဒေါ်မာမာဝင်း[၁၂/ဥကမ(နိုင်)၁၁၇၅၅၅]က ပါဝါပေးသူ သက်ရှိထင်ရှားရှိကြောင်းနှင့် ပါဝါမရုပ်သိမ်းကြောင်း ကျမ်းကျိန်လွှာတို့တင်ပြ၍ ဂရန်မိတ္တူလျှောက်ထားခြင်းအား ဌာနမှလုပ်ထုံးလုပ်နည်းနှင့်အညီဆောင်ရွက်ပြီး ဂရန်မိတ္တူထုတ်ပေးပြီးဖြစ်၍ မူလထုတ်ပေးထားသည့် ဒေါ်အေးရွှေ အမည်ပေါက် နှစ်(၆၀)မြေငှားစာချုပ်(ဂရန်)မူရင်းစာအုပ်အား မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနမှ ပယ်ဖျက်ပြီးဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**


ရွှေကမ္ဘာ
အိမ်ခြံမြေ/အိမ်ခြေ ...
14' ကားရာခြံနှင့်လုပ်သားအပါအဝင် ...
Ph : 09-5097001
09-49259491
09-421177464

ဥဿဖ်ဆိုင်ခန်း
(ရောင်း / ငှား)
စမ်းချောင်း၊ ပဒုမ္မာလမ်း
(13' x 40')၊ ၃ ထပ်
Ph: 09 450001760

KO YE
အိမ်ခြံမြေ အကျိုးဆောင်
ဒဂုံရေပိုင်၊ တောင်ပိုင်၊
မြောက်ပိုင်၊ ဆိပ်ကမ်း၊
မြို့နယ်များရှိမြေကွက်များ
ဝယ်လိုပါသည်။
09 73111472
09 421120927

umg college
PURSUE YOUR DREAM
BECOME REAL
JOIN UMG COLLEGE AND
BE THE TOP ENGINEER



ပါမောက္ခချုပ် (ငြိမ်း)၊ ပါမောက္ခ (ငြိမ်း)နှင့် ဝါရင့်ဆရာကြီးများကိုယ်တိုင် ဦးစီးသင်ကြားသော
UMG COLLEGE မှဖွင့်လှစ်သည့် HND (UK) သင်တန်းများ

သင်တန်းပြီးဆုံးသည်နှင့်တစ်ပြိုင်နက် လုပ်ငန်းခွင်လက်တွေ့ Internship Training ပါ ပြုလုပ်ပေးမည့် အခွင့်အရေးကို ရယူဖမ်းဆုပ်လိုက်ပါ။

- Business Management
- Information Technology
- Mechanical Engineering
- Civil Engineering
- Electrical and Electronic Engineering




UK, Australia, Singapore အစရှိသော နိုင်ငံတကာတက္ကသိုလ်များတွင် Top-up Course များကို ဆက်လက် တက်ရောက်နိုင်ပြီး B.A(Hons) (သို့) B.Sc(Hons) ဘွဲ့ကို ရယူနိုင်မည့် အခွင့်အရေး

သီရိမင်္ဂလာဈေးဟောင်း၊ ပထမထပ်(ယာ)၊ ကမ်းနားလမ်း၊
ကြည့်မြင်တိုင်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။
ဖုန်း – (၀၁) ၂၁၅၆ ၇၀-၉ (လိုင်းခွဲ – ၂၁၃ ၊ ၂၁၉ )
မိုဘိုင်း – ၀၉ ၉၇၇၀ ၃၅၃၃၆ ၊ ၀၉ ၉၇၇၀၃၅၂၂၂ ၊ ၀၉ ၂၅၆၄ ၅၀၀၅၉

HND edexcel Approved Centre
www.facebook.com/umgcollege
Website: www.umgcollege.com

ကွန်ပျူတာ စနစ်ဖြင့်ထိန်းသော
MECHINICAL CAR PARKING



Side View
Front View

No. (31), Room (5), 7 Miles, Pyay Road, Yangon
T: 09.259.81.36.36
: 09.259.81.37.37
: 09.259.81.46.46

အမှတ်(၃၁)၊ အခန်း (၅)၊ ၇မိုင်၊ ပြည်လမ်း၊ ရန်ကုန်။

ဒဂုံမြို့သစ်
အရှေ့ပိုင်း၊
ဆိပ်ကမ်းမြို့နယ်
တောင်ပိုင်း၊ မြောက်ပိုင်း
များရှိမြေကွက်များကို
ဈေးကောင်းပေးဝယ်သည်။
09-500 5916
09-730 97123


## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

[illegible]

## ကန့်ကွက်နိုင်ပါသည်

[illegible]

ရှေ့နေလုပ်ငန်း — ဇလပ်ပွင့် အိမ်ခြံမြေဝန်ဆောင်မှုကုမ္ပဏီ

"လုံးချင်း၊ ခြံမြေ၊ တိုက်ခန်း ... ရောင်း/ငှား ... ဆက်သွယ်အပ်နှံနိုင်ပါသည်"

(ကျွန်ုပ်တို့၏ကိုယ်ကျင့်တရားကို အသက်နှင့်ထပ်တူအာမခံပါသည်။)

# GUSTO *International College*

## UK မှ တိုက်ရိုက်ချီးမြှင့်မည့် ကွန်ပျူတာဘွဲ့၊ ဒီပလိုမာ
## ***July Intake*** အတွက်လျှောက်လွှာခေါ်ယူခြင်း

- တက္ကသိုလ်ဝင် စာမေးပွဲ (သို့) IGCSE အောင်မြင်ပြီးသူတိုင်း စတင်လျှောက်ထားနိုင်သည်။
- စာသင်ကာလ ၂နှစ်အတွင်း ဘာသာရပ် ၁၆ခုကို စာတွေ့လက်တွေ့ သင်ယူရမည်ဖြစ်သည်။ ထို့ပြင် နိုင်ငံတကာ တက္ကသိုလ်များ ဆက်လက်တက်ရောက်ရာတွင် အဆင်သင့်ဖြစ်စေရန် English (4 skills) ကိုပါ သင်ယူရမည်ဖြစ်သည်။
- လက်တွေ့လုပ်ကိုင်တတ်စေရန် Assignment များတင်သွင်းရမည်ဖြစ်ပြီး အောင်မြင်ပါက UK ၏ အကြီးဆုံးပညာရေးအဖွဲ့အစည်းဖြစ်သော Edexcel မှ ချီးမြှင့်သည့် Level 5 အဆင့်ရှိ Higher National Diploma ကိုရရှိမည်ဖြစ်သည်။
- HND Diploma ရရှိပြီးပါက UK, USA, Australia, Singapore စသည့်နိုင်ငံများရှိ တက္ကသိုလ်ကြီးများ၌ဖြစ်စေ၊ ပြည်တွင်းရှိ GUSTO ၌ဖြစ်စေ နောက်ဆုံးနှစ် (၁)နှစ် တက်ရောက်ပြီး BSc (Hons) Computing ဘွဲ့ကိုရယူနိုင်ပါသည်။
  (နိုင်ငံတကာ တက္ကသိုလ်ကြီးများသို့ သွားရောက်သင်ယူသည့် GUSTO ကျောင်းသားတိုင်းအတွက် အထူးအခွင့်အရေး Scholarship များရရှိမည်ဖြစ်သည်။)
- ၂၀၁၆ ဇူလိုင်တန်းခွဲသစ် တက်ရောက်ရန် ဝင်ခွင့်လျှောက်လွှာနှင့်အတူ ဓါတ်ပုံ (၃)ပုံ၊ ပညာအရည်အချင်း အထောက်အထားမိတ္တူ၊ မှတ်ပုံတင်မိတ္တူတို့နှင့်တကွ ယနေ့မှစ၍ လာရောက်လျှောက်ထားနိုင်ပါသည်။

*နယ်မှ ကျောင်းသူ/ သားများအတွက် အဆောင်စီစဉ်ပေးသည်။*

(09) 862 8806, (09) 789 888 222, (01) 504632

အမှတ် (၂၈၉/အေ)၊ ပြည်လမ်း၊ စမ်းချောင်းမြို့နယ်၊ မြေနီကုန်းတံတားအနီး၊ ရန်ကုန်မြို့။



Yangon University of Distance Education

YUDE

KMD Institute

## ပညာရေးဝန်ကြီးဌာန ရန်ကုန်အဝေးသင်တက္ကသိုလ်နှင့် KMD Computer Group တို့ ပူးပေါင်းဖွင့်လှစ်သည့် သင်တန်းများအတွက် လျှောက်လွှာခေါ်ယူခြင်း

ရန်ကုန်အဝေးသင်တက္ကသိုလ်နှင့် KMD Computer Group တို့ပူးပေါင်း၍ အောက်ဖော်ပြပါသင်တန်းများကို ဖွင့်လှစ်မည်ဖြစ်ပါသည်။

- Diploma in Business Information System
- Diploma in Network Communication
- Diploma in Web Development

၁။ တက္ကသိုလ်ဝင်တန်း အောင်မြင်ပြီးသူများ တက်ရောက်နိုင်ပါသည်။
၂။ သင်တန်းကာလ(၉)လဖြစ်ပြီး ပညာရေးဝန်ကြီးဌာနမှ ပေးအပ်ချီးမြှင့်သော ဒီပလိုမာ အောင်လက်မှတ် ရရှိပါမည်။
၃။ Diploma in Network Communication သင်တန်းအတွက် Microsoft မှစစ်ဆေးသော 70-410 စာမေးပွဲဖြေဆိုနိုင်သည်အထိ သင်ကြားပေးမည်ဖြစ်ပါသည်။
၄။ လုပ်ငန်းခွင်ဝင်ရောက်လိုသူများအတွက် အလုပ်အကိုင်အခွင့်အလမ်းများ စီစဉ်ထားပါသည်။
၅။ ကျောင်းသား / သူဟောင်းများ၊ အစိုးရဝန်ထမ်းများ၊ ဝန်ထမ်းသား/သမီးများအတွက် Discount နှင့် ပညာသင်ထောက်ပံ့ကြေးများ ရရှိနိုင်ပါသည်။

**သင်တန်းဖွင့်လှစ်မည့်နေရာ ။ ။ အဆောင်(၈)၊ ထိုလမ်း၊ ရန်ကုန် အဝေးသင်တက္ကသိုလ်၊**
**သင်တန်းဖွင့်လှစ်မည့်နေ့ရက်။ ။ ဇူလိုင်လ(၂၆)ရက်၊ ၂၀၁၆ ခုနှစ်။**

☎ ဆက်သွယ်ရန်ဖုန်း

၀၉-၂၆၂၆၀၀၃၀၁၊ ၀၁-၅၀၁၂၄၃၊ ၂၉၁၉၂၅၊ ၃၉၁၂၈၆၊ ၃၉၁၂၈၇
၅၀၂၂၁၁၊ ၅၀၂၂၃၃၊ ၅၄၁၃၂၈၊ ၃၈၄၂၆၈၊ ၅၄၆၆၀၀၊ ၂၂၀၅၅၅

Computer နှင့် Mobile ပစ္စည်းများကိုအရစ်ကျဝယ်ယူနိုင်ပါသည်။


**ဖောင်းကြွပျောက်လျှောက်ထားခြင်း**

ယာဉ်အမှတ် 1F/7233 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန်လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန(ရွှာသာကြီး)**


# STRATEGY FIRST INSTITUTE

**Single Subject Management Diplomas**
Qualifications from the Institute of Commercial Management, UK

ICM

အချိန်ရှားပါးပြီး မိမိကျွမ်းကျင်လိုသော ပညာရပ်တစ်ခုချင်းကို အာရုံစိုက် လေ့လာလိုသော လုပ်ငန်းရှင်များ၊ မန်နေဂျာများ၊ အရာရှိများအတွက် ရွေးချယ်တက်ရောက်နိုင်သော (၆) လသင်တန်းများ



June Intake တန်းခွဲသစ်များ ဇူလိုင်လ (၂၁) ရက်နေ့စမည်။

1. **Business Management & Administration**
   **Daw Khin Nwe Ohn,** M. Com, B. Com (Hons, YIE) |
   Session – 7, Every Saturday and Sunday– 6:00pm to 8:30 pm, Starting Date – 23 July 2016 |
   Session – 9, Every Friday – 6:00 to 8:30 pm, Starting Date – 29 July 2016
   **Daw Aye Aye Win,** M.A (Int'l Business Studies) (Sophia), M. Com, B. Com (Hons) (YIE), Dip in English |
   Session – 8, Every Monday – 6:00 to 8:30 pm | Starting Date – 25 July 2016
2. **Logistics & Supply Chain Management**
   **Capt. U Aung Khin Myint,** Chairman Myanmar International Freight Forwarders Association |
   Every Thursday – 6:00 to 8:30 pm | Starting Date - 21 July 2016
3. **Project Management**
   **Daw Aye Aye Win,** M.A (Int'l Business Studies) (Sophia), M. Com, B. Com (Hons) (YIE),
   Dip in English | Every Wednesday – 6:00 to 8:30 pm | Starting Date - 10 Aug 2016
4. **Business Law**
   **Daw Marilyn Aung Khin,** M. Com (HR & IR), University of Western Sydney,
   LLB (University of Technology Sydney), BA (Law), LLB, LLM (RASU) |
   Every Tuesday – 6:00pm to 8:30 pm | Starting Date – 26 July 2016 |
5. **Strategic Marketing Management**
   **Dr. U Sein Min,** Ph.D (Marketing, Passau), M. Com, B. Com (Hons) |
   Every Tuesday - 6:00 to 8:30 pm | Starting Date - 26 July 2016

Programme Fees : 395,000 kyats for each module | ICM Registration + Exam Fees - 105 USD

#8, Ground Floor, Panchan Tower,
Myaynigone, Sanchaung Tsp, Yangon

#289, Pyay Road (Near Myaynigone City Mart)
San Chaung Township, Yangon, Myanmar

**Call now: (09) 250 7171 66 ~ 68**

မျှော်ပိုသာ ထူးထူးခြားခြားဒါနခရီးစဉ်များ
35000
15000
Ph:09425334456,09493239 65,0949578205

အာရှနဂါး
Asia Dragon ကျိုက်ထီးရိုး
ချောင်းသာ/ငွေဆောင်
Ph:01 707062, 09 799100100
01 703790, 09 797100100

သုံးရောင် ဝမ္မဒါန
တောင်ပြုံး ပန္နလေး ပေါပြီ စစ်ကိုင်း
မင်းကွန်း မုံရွာ ကျောက်စိမ်းဘုရား
420144148, 421153797

ရွှေဝိုးဝေဉ်
50% Discount
July 22,29
373275, 708342, 0949219404

ဆန်လိုနေပြီလား
အိမ်စားဖို့ ဆန်လိုနေပြီဆိုရင်
မြန်မြန်လေးဖုန်းဆက်လိုက်ပါချိုး
09-43334111
09-43334222
စိတ်ကောင်းကြည်လင် ချန်စီဆယ်ပါဆန်ပေးမှု

# အသင်းဝင် ဆေးရုံများသို့ ဖိတ်ကြားခြင်း

Hospital Information System (HIS) ဆိုင်ရာ Software Developer များမှ ရှင်းလင်းဆွေးနွေးပွဲကို အောက်ပါအစီအစဉ်အတိုင်း ကျင်းပပြုလုပ်မည်ဖြစ်ပါ၍ စိတ်ပါဝင်စားသောအသင်းဝင်ဆေးရုံများမှ တက်ရောက်နိုင်ပါရန် ဖိတ်ကြားအပ်ပါသည်။

နေ့ရက် - ၂၀၁၆ ခုနှစ်၊ ဇူလိုင်လ (၂၆) ရက် (အင်္ဂါနေ့)။
အချိန် - နံနက် (၈)နာရီ မှ ညနေ (၃) နာရီ ထိ။
နေရာ - မြန်မာနိုင်ငံ ပုဂ္ဂလိကဆေးရုံများအသင်းခန်းမ (MPHA)၊ အမှတ် (၂၉)၊ အခန်း(၁၁၀၂)၊ (၁၁) လွှာ၊ UMFCCI၊ မင်းရဲကျော်စွာလမ်း၊ လမ်းမတော်မြို့နယ်၊ရန်ကုန်။

မှတ်ချက်။ ။ OverseaSoftware Developer အဖွဲ့ (၃) ဖွဲ့မှ လာရောက်ရှင်းပြမည်ဖြစ်ပြီး လူဦးရေ နှင့် နေရာအဆင်ပြေစွာစီစဉ်နိုင်ရန် တက်ရောက်မည့် အသင်းဝင်ဆေးရုံများမှ (၂၂.၇.၂၀၁၆) နေ့ နောက်ဆုံးထား၍ လူဦးရေစာရင်း ပေးသွင်းပေးပါရန်။ ဆက်သွယ်ရန်ဖုန်းနံပါတ် - ၀၁-၂၃၀၁၅၈၇၊ ၀၉-၅၄၃၀၅၃၃၉ ။

မြန်မာနိုင်ငံပုဂ္ဂလိကဆေးရုံများအသင်း

Home Since 1996


Grade A, B, C, D
အစစ်များသာရောင်းပါသည်။
ရေနွေးအိုးခံနိုင်းနှင့် ရုံမပျက်
အမြင့်ဆုံးထိရှိပါသည်။
ကျင်းပြတ်နှင့် Skirting
အပြီးအစီး။
(Stock Limited အတွင်းသာ)

ကျွန်းနဘေ အစားသုံး
အခန်းဖွဲ့ နှင့် မျက်နှာကျက်ပြား
Home Since 1996



အမှတ် F.2~8 ပထမထပ်၊ အောင်ဆန်းကွင်း မြောက်ဘက်တန်း၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်။ ဖုန်း - 09 730 84 840, 09 730 84 841
အမှတ် ၁၂၃၇၊ ဇော်ဂျီလမ်း၊ မင်္ဂလာသီပရပ်ကွက်၊ ပုဗ္ဗသီရိမြို့နယ်၊ နေပြည်တော်။ ဖုန်း - 09 730 84 844, 09 79 590 0146

သိန်းသန်းဆက်
အိမ်ပြောင်း/ အိမ်ရွှေ့ဝန်ဆောင်မှုလုပ်ငန်း
ကားနှင့်လုပ်သားအပါ
Ph: 09-440390558
09-784109116

ခုံမြို့သစ်
အငှားသည်
သိမ်ပွင်းမြို့နယ်
တောင်ပိုင်း၊ မြောက်ပိုင်း
များရှိ မြေကွက်များကို
စျေးကောင်း ပေးဝယ်သည်။
09-6809893
09-5120620



## ဗိုလ်ချုပ်အောင်ဆန်းဒိုင်း ရှုံးထွက်ပြိုင်ပွဲ မကွေးနှင့် ဇွဲကပင်တို့ ဆီမီးတက်

**ရန်ကုန် ဇူလိုင် ၂၀**

၂၀၁၆ ရာသီ ဗိုလ်ချုပ်အောင်ဆန်းဒိုင်း ရှုံးထွက်ပြိုင်ပွဲ ကွာတားဖိုင်နယ်(ဒုတိယနေ့)ကို ယနေ့ညနေပိုင်းက ကျင်းပရာ မကွေးနှင့် ဇွဲကပင်အသင်းတို့ ဆီမီးဖိုင်နယ်တက်ရောက်သွားသည်။

အောင်ဆန်းကွင်း၌ နာမည်ကြီးရှမ်းယူနိုက်တက်အသင်းနှင့် မကွေးအသင်းတို့ ယှဉ်ပြိုင်ကြရာ ရှမ်းယူနိုက်တက်အသင်းသည် မကွေးအသင်းကို တစ်ဂိုး-ဂိုးမရှိဖြင့် ရှုံးနိမ့်ပြီး ပြိုင်ပွဲမှထွက်ခဲ့ရပြီဖြစ်သည်။ ယခုပွဲကို ရှမ်းပြည် နယ်မှ အမာခံပရိသတ်အချို့ အိုးစည်ဗုံမောင်းများဖြင့် လာရောက်အားပေးခဲ့သော်လည်း ထင်သလောက်ခြေစွမ်းမပြနိုင်ခဲ့ပေ။ မကွေးအသင်းသည် ပထမပိုင်းတွင် သွင်းယူသည့် ဂိုးဖြင့် ဆီမီးဖိုင်နယ်တက်ရောက်နိုင်ခဲ့ခြင်းဖြစ်သည်။ **စာမျက်နှာ ၉ ကော်လံ ၁ သို့** ○


မကွေးနှင့် ရှမ်းယူနိုက်တက်အသင်းတို့ ယှဉ်ပြိုင်နေစဉ်။


ပြန်ကြားရေးအသင်းမှ တိုက်စစ်မှူးစောဝေယံနှင့် ကျန်းမာရေးနှင့် အားကစားအသင်းမှ ကစားသမားတစ်ဦးတို့ ဘောလုံးယှဉ်လုကြစဉ်။ (ဓာတ်ပုံ-ကိုကိုစိုးညွန့်)

## နေပြည်တော်ဝန်ကြီးဌာနပေါင်းစုံ အမျိုးသားဘောလုံးပြိုင်ပွဲ အုပ်စုဒုတိယအဆင့်ပွဲစဉ်များ ဆက်လက်ကျင်းပ

**နေပြည်တော် ဇူလိုင် ၂၀**

နေပြည်တော်ဝန်ကြီးဌာနပေါင်းစုံ အမျိုးသားဘောလုံးပြိုင်ပွဲ အုပ်စုဒုတိယအဆင့်ပွဲစဉ်များကို ဆက်လက်ကျင်းပလျက်ရှိသည်။ **စာမျက်နှာ ၉ ကော်လံ ၁ သို့** ●

## မြန်မာအမျိုးသားလေကြောင်းလိုင်း ခရီးစဉ်သစ်များပြေးဆွဲရန် တတိယမြောက် ATR 72-600 လေယာဉ်သစ် ထပ်မံရောက်ရှိ

**ရန်ကုန် ဇူလိုင် ၂၀**

နိုင်ငံပိုင်လေကြောင်းလိုင်းတစ်ခုဖြစ်သည့် မြန်မာအမျိုးသားလေကြောင်းလိုင်း Myanmar National Airlines ပြည်တွင်းပြည်ပခရီးစဉ်များတွင် တိုးချဲ့ပြေးဆွဲရန် တတိယမြောက် ATR 72-600 XY-AME လေယာဉ်သစ် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ဇူလိုင် ၁၈ ရက်တွင် ရောက်ရှိလာခဲ့ကြောင်း မြန်မာအမျိုးသားလေကြောင်းလိုင်းမှ သိရသည်။

မြန်မာအမျိုးသားလေကြောင်းလိုင်းအနေဖြင့် ပြင်သစ်နိုင်ငံ ATR ကုမ္ပဏီမှ အသစ်ဝယ်ယူထားသော ATR 72-600 မျိုးဆက်သစ်လေယာဉ် ခြောက်စင်းအနက် တတိယမြောက် လေယာဉ်ရောက်ရှိလာခြင်းဖြစ်ပြီး ယခင်ရောက်ရှိနေသော လေယာဉ်သစ်များ၊ ရှိရင်းစွဲလေယာဉ်များနှင့်အတူ ပြည်ပခရီးစဉ်များနှင့် ပြည်တွင်းခရီးစဉ် ၂၇ မြို့သို့ တစ်ဆက်တည်း ချိတ်ဆက်ပြေးဆွဲသွားမည်ဖြစ်သည်။

အဆိုပါ ATR လေယာဉ်များအပြင် ဘိုးရင်းလေယာဉ်သစ်များကိုလည်း ပြည်ပမှ မှာယူထားပြီး **စာမျက်နှာ ၉ ကော်လံ ၃ သို့** ❖

